KIDStory®

KIDStory is a program of

kids around the world

# Year A

"Generations after generation stands in awe of (God's) work; each one tells stories of your mighty acts."
Psalm 145:4 (MSG)

KIDStory®

KIDStory is a program of

kids around the world

# Year A

"Generations after generation stands in awe of (God's) work; each one tells stories of your mighty acts."
Psalm 145:4 (MSG)

Unless otherwise indicated, all Scripture quotations are from The Holy Bible, New Century Version®. Copyright © 2005 by Thomas Nelson, Inc. Used by permission. All rights reserved.

©Kids Around theWorld 2016

Katw.net

# KIDStory & Story အသင်းအဖွဲ့မှ ကြိုဆိုပါတယ်

ယေရှုခရစ်တော် သက်တော်စဉ်ရုပ်ရှင်အားဖြင့်သင်တို့၏ရွာ၊အဖွဲ့အစည်းများရှိ ကလေးများထံရောက် ရှိပြီး ခရစ်တော် တပည့်တော်ဖြစ်ရန် ဆုံးဖြတ်လိုက်ကြပြီဖြစ်သောကြောင့် ကျွန်ုပ်တို့ဝမ်းသာ ဝမ်းမြောက်ဖြစ်ရပါသည်။ ယခုတွင်ခရစ်တော်သက်တော်စဉ်ရုပ်ရှင်ကိုကလေးများအတွက်ပြုလုပ်ပြီးလူသန်းပေါင်းများစွာအကျိုး သက်ရောက်နိုင်ရန် ပြုလုပ်ပြီးဖြစ်ပါသည်။

KIDStoryဆိုသည်မှာ ခေါင်းဆောင်များက ကလေးများခရစ်တော်နှင့်တွေ့ဆုံ ထိတွေ့စေရန် လက်စွဲများနှင့် သင်ခန်းစာများဖြစ်သောမဟာဗျူဟာအစိတ်အပိုင်းဖြစ်သည်။ဤမဟာဗျူဟာများဖြင့်ကျွန်ုပ်တို့သည်သမ္မာကျမ်းစာ သွန်သင်ချက် နည်းလမ်းများ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်အားဖြင့် သင်တို့၏အသက်တာကို ပြောင်းလဲလာမည်ကိုယုံကြည်ပါသည်။ကလေးများသည်သမ္မာကျမ်းစာပုံပြင်ထဲမှမျက်မြင်သက်သေနှင့် တက်ကြွစွာ ပါဝင်သူများကဲ့သို့ဖြစ်လာပြီး၊ အဝေးမှ စူးစမ်း ရှာဖွေသူများ ကဲ့သို့ဖြစ်လာလိမ့်မည်မဟုတ်ပေ။ KIDStory သည် သခင်ယေရှု၏ သွန်သင်ချက်များကို မှီခိုပြီးပုံပြင်များပြောခြင်း၊ အပြန်အလှန်အကျိုးသက်ရောက်သော အတွေ့အကြုံများ နှင့် အဓိပ္ပါယ်ရှိသော ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ပေးသည်။

ဤမဟာဗျူဟာသည် ပျော်ရွှင်စွာသင်ယူခြင်း၊ အသုံးပြုရန်လွယ်ကူခြင်းနှင့်အတူဝေမျှဖို့ရန်လွယ်ကူပါသည် ခေါင်းဆောင်များသည်လည်း သင်ကြားမည့်သင်ခန်းစာထဲမှ ကလေးများကိုအားပေးသင်ကြားရင်း ဝိညာဉ်တော်၏ လမ်းပြမှု၊ဘုရားသခင်၏စကားတော်ကိုနာခံရင်းအားပေးသင်ကြားရန်လိုအပ်ပါသည်။မေးခွန်းများနှင့် တုန့်ပြန်မှုများ တွင်ခေါင်းဆောင်များအနေဖြင့်ကိုယ်ပိုင်အသိအချက်အလက်များမဟုတ်ပဲဝိညာဉ်တော်၏နှလုံးသားနှင့်အသိစိတ် တွင်ဖော်ပြချက်များဖြင့်ပိုမိုလွယ်ကူချောမွေ့စွာပြုလုပ်ရပါမည်။KIDStoryသည် ဘုရားသခင်၏အကြောင်းအရာ ပုံပြင်နှင့်သူ၏ဝိညာဉ်တော်အကြောင်းအရာများကို အသက်တာ၌၄င်း၊မိသားစု၌၄င်း အဖွဲ့အစည်းအစရှိသော အရာများကို ပြောင်းလဲပေးနိုင်သော သင်ခန်းစာများဖြစ်သည်။

……………………………………………………………………………………………………………………...

<u>အဓိကအခြေခံလိုအပ်ချက်များ</u>

သင်သည်ခေါင်းဆောင်ဖြစ်စေ၊ လေ့လာသင်ယူနေသောသူဖြစ်စေ KIDStory ထဲတွင်လိုအပ်ချက်ရှုထောင့် အမျိုးမျိုးရှာဖွေတွေ့ရှိနိုင်သည်။ အောက်ပါအချက်အလက်များအားဖြင့် ဘုရားကဘယ်သူလည်း? ယေရှုခရစ်တော် အမှန်တကယ်ရှိသလား?မည်ကဲ့သိုပုဂ္ဂိုလ်ဖြစ်သလည်း?ယေရှုနှင့်ရင်းနှီးကျွမ်းဝင်ခြင်းဖြင့် မည်သည့် အကျိုးကျေးဇူး ရရှိမလည်း? စသည့်ကလေးများအတွက် ပတ်ဝန်းကျင်တစ်ခုဖန်တီးနိုင်ရန် **အဓိကအခြေခံလိုအပ်ချက်များကို** လိုက်လျှောက်ရန် လိုအပ်မည်ဟုပါသည်။

သမ္မာကျမ်းစာဗဟို - သမ္မာကျမ်းစာရှိပုံပြင်သည် ကလေးများကိုသွန်သင်ရန်နှင့် ခေါင်းဆောင်များလေ့လာလေ့ကျင့် ရန်နှစ်ခုစလုံးအတွက် အဓိကဖြစ်သည်။ ဘုရားသခင်အကြောင်းကိုလေ့လာရန် နှင့်မည်ကဲ့သို့လိုက်လျှောက် အသက်ရှင်ရန် ပုံပြင်များအားဖြင့်ဖော်ပြပေးနေပါသည်။

ပျော်စရာ - ကလေးများရဲ့နေ့စဉ်အသက်တာမှာ ဤအမှန်တရားဟာတွဲကပ်နေရမှာဖြစ်တယ်။ ကလေးများတစ်ဦး နှင့်တစ်ဦးထိတွေ့ဆက်ဆံဖို့ အဓိကအချက်ဟာပျော်စရာဖြစ်တယ်။ ပျော်စရာနှင့်ရယ်စရာများဟာကလေးများပိုပြီး ပါဝင်လာခြင်း၊ နောက်တစ်ခေါက်ပြန်တက်ရောက်ခြင်းနှင့်အခြားသော သူငယ်ချင်းများခေါ်လာနိုင်စေသော အရာဖြစ်သည်။

လုပ်ပိုင်ခွင့်ပေးခြင်း - KIDStoryသည် ရိုးရှင်းပြီးလက်တွေ့ကျသည်။ ခေါင်းဆောင်များမှ မည်ကဲ့သို့ မဟာဗျူဟာကို သုံးစွဲရန် သင်ကြားပြသခြင်းဖြင့် ကလေးများသည် သမ္မာကျမ်းစာပုံပြင်များကို သူတို့မိသားစုနှင့် သူငယ်ချင်းများကို ပြန်လည်ပြောပြနိုင်သည်။

မိတ်ဖွဲ့ခြင်း - တစ်နည်းအားဖြင့် ကလေးများအားလုံးခရစ်တော်နှင့် နီးကပ်စွာရှိနိုင်ရန် မိတ်ဖွဲ့ခြင်းသည် အလိုအပ်ဆုံးသောအရာဖြစ်သည်။ ဤအရာသည် သင်ခန်းစာသက်သက်မဟုတ်ပဲ ကလေးများ အကြောင်းအရာ သိရှိရန် သူတို့နှလုံးသားနှင့်စိတ်ဝိညာဉ်ကို မည်သည့်အရာနှိုးဆော်နေသည်ကိုသိရှိရန်ဖြစ်သည်။

ဝိညာဉ်တော်ဦးဆောင်သော - ယေရှုကသူ၏သွန်သင်ချက်ဩဝါဒများကို ဝိညာဉ်တော်သည် ဖွင့်ပြလိမ့်မည်ဟု ကတိပေးထားသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘဝအသက်တာကိုပြောင်းလဲပေးနိုင်သူဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ စကားကိုနားထောင်ပြီး ဝိညာဉ်တော်၏သွန်သင်လမ်းညွှန်ချက်များအတိုင်း လိုက်လျှောက်ဖို့ဖြစ်သည်။

…………………………………………………………………………………………………………..

## Story Club

Story Club ဆိုသည်မှာ ကလေးများပျော်ရွှင်ဖွယ်သော လွတ်လပ်စွာသင်ကြားထားသော အရာများနှင့် ၎င်းတို့၏အတွေ့အကြုံများကို ဝေမျှနိုင်သောနေရာ တစ်နည်းအားဖြင့် ဘုရားသခင်၏မျက်မှောက်တော် အမှန်တကယ် ထင်ရှားသောနေရာဖြစ်သည်။

ကလေးများသည် စာအုပ်ကိုသာသင်ယူနေခြင်းမဟုတ်ပဲ မိတ်သဟာယဖွဲ့ခြင်း၊ လုံခြုံမှုရရှိသည်ကို ခံစားရခြင်း၊ အခြားသူများကဲ့သို့ တန်းတူလက်ခံရရှိခြင်းစသည့်နေရာမျိုးဖြစ်သည်။ Story Club သည် မိဘများ အတွက်လုံခြုံမှုရရှိသည်သာမက ခေါင်းဆောင်များလည်း ကလေးများဝိညာဉ်ရေးရာ ကြီးထွားလာအောင် သွန်သင်နိုင်သည့်နေရာဖြစ်ပြီး လူသားအားလုံးအပေါ်တန်းတူမခွဲပဲ ခွန်အားပေးသည့်နေရာဖြစ်သည်။

ဘယ်အချိန် ဘယ်အခါမဆို Story Club တွင်တွေ့ရှိနိုင်ပြီး ခေါင်းဆောင်များမှလည်း ကိုယ်ပိုင်အမည်တစ်ခု ပေးနိုင်သည့်နေရာဖြစ်သည်။ ပြည့်စုံသော Story Club ဖြစ်ရန် အဓိကအခြေခံလိုအပ်ချက်(၅)ချက် နှင့် ကိုက်ညီရန် ပြုလုပ်ရမည်။ Story Club တွင်သမ္မာကျမ်းစာပုံပြင်များကို ပျော်ရွှင်အောင် ပြောဆိုရမည်ဖြစ်ပြီး သမ္မာကျမ်းစာ အတိုင်းအမှားကင်းအောင် ဖန်တီးကာလုပ်ဆောင်ရမည်။ ဘုရားသခင်၏ပုံပြင်ဥပမာကိုပြောရန် အရေးကြီးသကဲ့သို့ ဝိညာဉ်တော်၏ဖော်ပြချက်များ ကလေးများထံမှ ဝိညာဉ်တော်ဖွင့်ပြချက်များကိုနားထောင်နာခံရန် အရေးကြီးသည်။

ဘုရားသခင်၏ပုံပြင်ကိုပြောပြခြင်း နှင့် ပြန်လည်ပြောပြခြင်းနည်းလမ်းများတွင် မေးခွန်းများမေးခြင်းနှင့် အတူ ဝိညာဉ်တော်၏ ကလေးများနလုံးသားကို ပြုပြင်ခြင်းများခွင့်ပြုကာ နည်းလမ်းများကို ဒွန်တွဲ လုပ်ဆောင်ရန် ဖြစ်သည်။

ဤနည်းလမ်းများသည် ကလေးများတွင်ရှိနေသော ခက်ခဲခြင်းများကို နည်းလမ်းရှာဖွေကာ သူတို့၏ အသက်တာကို အမှန်တကယ်ပြောင်းလဲမတင် ပေးနိုင်သောအချက်ဖြစ်သည်။ ခေါင်းဆောင်များအနေဖြင့် မေးခွန်းများမေးရာတွင် မှတ်သားစေရန်အတွက်သာမက ကလေးများနလုံးသားနှင့်စိတ်ကို ပြောင်းလဲနိုင်ရန်နှင့် လက်တွေ့အသက်ရှင်နိုင်ရန်သွန်သင်ပြရမည်။ခေါင်းဆောင်များသည်ဝိညာဉ်တော်လမ်းပြမှုများသွန်သင်ဖွင့်ပြ ချက် များအတိုင်း ကြည့်ရှုပြုစုစောင့်ရှောက်ရန်လိုအပ်ပါသည်။

# KIDStory သင်ခန်းစာ ဖွဲ့စည်းပုံ

အဖွင့်

. ကလေးများ၏ကိုယ်ပိုင်အကြောင်းအရာကို ဝေမျှနိုင်သောမေးခွန်းရွေးချယ်ရမည်။
. ကလေးများခံစားချက်ဖြစ်ပေါ်လာစေသော အဖြေများ ပေးရမည်။
. “ ဟုတ်” သို့မဟုတ် “ မဟုတ်” စသည့်အဖြေထက် ပိုသော အဖြေကိုရရှိရန်ပြုလုပ်ရမည်။

အဖွဲ့တွင်ကျမ်းစာရှိပုံပြင်ကို တိုက်ရိုက်မဖော်ပြသော်လည်း စဉ်စားစေရန်သာဖြစ်သည်။

နောက်ခံသမိုင်း

. ပုံပြင်ရှိတည်နေရာ၊ အမည်၊ ပထဝီအနေအထားကို ရှင်းပြခြင်းနှင့် ယဉ်ကျေးမှု ဓလေ့များကိုရှင်းပြရမည်။
. ယနေ့ အဖြစ်အပျက် မတိုင်မီစသည့် အဓိကအချက်များကို ရှင်းပြပေးခြင်း။
. အယူအဆ အလေ့အထများကို ရှင်းပြပေးခြင်း။

နောက်ခံသမိုင်းအကြောင်းပြောပြ၊ ရှင်းပြနေချိန် ပုံပြင်အကြောင်း ပြတ်တောက်မသွားပါစေနှင့်။

ပုံပြင်ပြောခြင်း

. ပုံပြင်ကို အခန်း(၄) သို့မဟုတ် (၅)တွင် ဖြတ်ချလိုက်ပါ
. ပုံပြင်တွင်ကလေးများကိုပါဝင်စေပါ။
. ပြဇာတ်ပြနေသကဲ့သို့စိတ်ဝင်စားစေရန်ပြုလုပ်ပါ။ သရုပ်ပြသောအရာများပြုလုပ်ပါ ဖြစ်နိုင်လျှင် အုပ်စုဖွဲ့ပြုလုပ်ပါ။
. ကလေးများမှ တစ်ခြားသူများအားပြန်လည်ပြောပြနိုင်ရန် အချိန်ကို ကန့်သတ်ပြီး ပုံပြင်ပြောပါ။

ကျမ်းစာထဲရှိပုံပြင်များကိုပြောပါ ကိုယ်တိုင်တီထွင်သောစကားနှင့်အနက်ဖွင့်ခြင်းများမပေါင်းထည့်ပါနှင့်။ဘုရားသခင်မိန့်မှာချက်များအားမှတ်သားစေပါ။ ပုံပြင်များသည်ကျမ်းစာထဲမှ အမှန်တရားများဖြစ်ကြောင်း ကလေးများသိရှိရန် အရေးပါသော အရာများဖြစ်သည်။

ပြန်လည်ပြောပြခြင်း

. ကလေးများကိုယ်တိုင်ကျမ်းစာဖတ်ခြင်း ပုံပြင်ပြောစေခြင်းများ ပြုလုပ်ပါ။
. ကလေးများရင်းနှီးအောင် ဂိမ်းကစားခြင်းများ ပြုလုပ်ပါ။

ကလေးများပုံပြင်ပြန်ပြောရာတွင် ကျမ်းစာနှင့်ကိုက်ညီမှုရှိမရှိ စစ်ဆေးပါ။

ရှာဖွေခြင်းနှင့် တုန့်ပြန်မှုမေးခွန်းများ

. ကိုယ်ပြောမည့်သင်ခန်းစာအတွက် ဝိညာဉ်တော်ဦးဆောင်လမ်းပြရန် ဆုတောင်းပါ။
. နှလုံးသားတို့ထိစေသော မေးခွန်းများမေးပါ။ သိရန်သာ မမေးပါနှင့်။

ပုံပြင်အားဖြင့် ဘုရားစကားပြောသော ကလေးများကို မှတ်ထားပါ။ သူတို့၏ နှလုံးသားနှင့်အသက်တာတွင် ဘုရားအလုပ်လုပ်နေပြီဖြစ်သည်။ ဤသို့သော ကလေးတစ်ဦးချင်းတွင် ဝိညာဉ်တော်သည် တို့ထိစကားပြောနေသည်မှာသေချာသည်။

# KIDStory သင်ခန်းစာနည်းလမ်းများ

## ပုံပြင်ပြောခြင်း

. ဝတ်စုံနှင့်အရာဝတ္ထုများအား အသုံးပြုပါ။

. ကလေးများအား သက်ရောက်မှုအသံကိုပြုလုပ်ခိုင်းပါ။( မိုးရွာသည့်အသံကို လက်ပွတ်ခြင်းဖြင့်လုပ်ခြင်း )

. ခန်းမဆောင်တစ်လျှောက် လုပ်ရှားမှုပြုလုပ်ပါ။ မျက်နှာအမူအရာကို ပို၍အသုံးပြုပါ။

. ကိုယ်တိုင်ပုံပြင်ရှိဇာတ်ဆောင်တစ်ဦးဖြစ်သကဲ့သို့ပြောပါ။

## ပုံပြန်ပြောခြင်း

| | | |
|---|---|---|
| . ဂိမ်းကစားခြင်းဖြင့် | - | ထိုင်ခုံကိုတေးဂီတဖြစ်အောင်ပြုလုပ်ခြင်း။ ပုံပြင်အစပိုင်းကို ထိုင်ခုံမပါဘဲ လူတစ်ဦးရပ်နေသကဲ့သို့ပြောပါ။ ပုံပြင်ကို အဆုံးထိ ပြန်ပြောပြပါ။ |
| . အနုပညာ | - | ကြီးမားသောကြော်ငြာဆိုင်းဘုတ်ကြီး။လမ်းဘေးရှိကြီးမားသော ကြော်ငြာဆိုင်းဘုတ်ကြီးကဲ့သို့ တီထွင်ကာ ပုံပြင်အားပြောပါ။ |
| . ပြဇာတ် | - | ပုံပြင်ထဲမှ ကလေးများမည်သည့်အရာများ လေ့ကျင့်အသုံးပြုနိုင်သည်ကို ချပြပါ။ |
| . ဂီတ | - | ပုံပြင်အဓိကအကြောင်းအရာကို Rap စာသားကဲ့သို့သီဆိုပြောပြပါ။ |
| . ရေးချခြင်း | - | ပုံပြင်အားဖြင့် ဘုရားသခင်က ကလေးများကိုမည်ကဲ့သို့လုပ်ဆောင်စေချင်သောအရာများကို ရေးချခိုင်းပါ။ |

.....................................................................................................................................

## ရှာဖွေခြင်းနှင့်တုန့်ပြန်ခြင်းမေးခွန်းများ

### အသိဉာဏ်မေးခွန်း ( အချက်အလက်များ )

. ပုံပြင်ထဲကအထင်ရှားဆုံးက ဘာလည်း။

. ပုံပြင်ထဲတွင်ဘာဖြစ်နေလည်းစဉ်းစားစေခြင်း၊ ဘယ်အရာတွေကိုကြားသိ၊ တွေ့ရှိ၊ ခံစားခဲ့သလဲ။

. ပုံပြင်ထဲမှ ယေရှု( သို့ )ဘုရားက ကလေးတွေအတွက်ဘာသွန်သင်သလဲ။

. ဘုရား( သို့ )ယေရှုက ဘယ်အချိန်မှာ ဘယ်လိုတုန့်ပြန်မလဲ။

. ပုံပြင်အားဖြင့် ဘုရား( သို့ ) ယေရှုက ဘယ်လိုပုဂ္ဂိုလ်လဲ။

. ပုံပြင်ထဲမှာ အပြုအမူတွေက ဘယ်လိုဆင်တူသလည်း၊ ကွဲပြားသလည်း။

### လက်တွေ့မေးခွန်း ( လှုပ်ရှားမှု )

. ဒီနေ့ကြားရတဲ့ ပုံပြင်ထဲမှ ဘယ်အရာက မင်းရဲ့ဘဝမှာပြောင်းလဲသင့်တဲ့အရာလည်း။

. ပုံပြင်နားထောင်ပြီး မင်းဘယ်လိုပြောင်းလဲ အသက်ရှင်မလည်း။

. ဒီအပတ်ထဲမှာ ဘယ်သူ့ကို ပုံပြင်အကြောင်းပြန်ဝေငှမလည်း။

. ဘုရားသခင်က ပုံပြင်ထဲကအတိုင်း မင်းကိုဘယ်လိုအလိုရှိသလည်း။

### နှလုံးသားမေးခွန်း ( ခံစားချက် )

. ဒီနေ့ပုံပြင်အပိုင်းထဲက ဘယ်အရာက အရေးကြီးဆုံးဖြစ်သလည်း။

. ပုံပြင်နားထောင်ခြင်းဖြင့် သင့်ရဲ့ခံစားချက်က ဘာလည်း။

. ပုံပြင်အားဖြင့်သင့်ရဲ့နှလုံးသားနဲ့စိတ်ခံစားချက်က ရှေ့ဆက် ........ရဲ့နှလုံးသား ခံစားချက်အတိုင်းဖြစ်ရမလည်း။

. ဘုရား (သို့ ) ယေရှုခရစ်ကို ဘယ်လိုခံစားသလည်း။

. ဘုရားသခင်က ဒီပုံပြင်ကို သမ္မာကျမ်းစာထဲမှာ ဘာဖြစ်လို့ရေးထည့်ထားသလည်း။

# Story Club ဖွဲ့စည်းပုံ

## အဖွင့်

.ကလေးများမိတ်ဆက်ခြင်းနှင့်ကြိုဆိုခြင်း
. အချိန်ကိုတိကျစွာ စတင်ခြင်း။
. ဆုတောင်းခြင်း

အစီစဉ်စတင်ရာတွင် ကလေးများကို အတူတကွ နွေးထွေးစွာ ကြိုဆိုခြင်း၊ ဦးဆောင်သူ၊ တခြားသောသူငယ်ချင်းများနှင့် ကောင်းမွန်စွာဆက်ဆံသောအချိန်ဖြစ်သည်။

## ဂိမ်းကစားခြင်း

. ပျော်ရွှင်စေခြင်း။
. ဦးဆောင်သူနှင့်ကလေးများဆက်ဆံရေး ပိုမိုခိုင်မာအောင် တည်ဆောက်ရမည်။
. ကလေးများပါဝင်နိုင်သော ကစားခြင်းများ ပြုလုပ်ပါ။

ကလေးများအတွက်အန္တရာယ်ကင်းသောနေရာမျိုးတွင် ကလေးအားလုံးပါဝင်ပြီး တစ်ခြားကလေးများနဲ့အတူ ခေါ်ဖိတ်ကာ ပါဝင်ပျော်ရွှင်စေပါ။

## ကြီးမားသောအစုအဖွဲ့

. ကလေးများဆက်နွယ်မှု ; ကလေးများအား တစ်ဖွဲ့စီဖွဲ့စည်း ပေးပြီး ခေါင်းဆောင်ထားက သင်ကြားခဲ့ပြီးသော ပုံပြင်အကြောင်း အရာများဝေမျှခြင်းနှင့်လက်မှုမေးခွန်းများကိုပြန်လည်ဖြေခြင်းများ ပါဝင်လုပ်ဆောင်စေပါ။ ဤအရာများဖြင့် ကြီးမားသောအစုဖွဲ့စတင်ပါ။
. ကိုးကွယ်ခြင်း ဘုရားသခင်နှင့် စကားပြော ခိုင်းပါ။
. သမ္မာကျမ်းစာပုံပြင်ကိုနောက်ခံသမိုင်းနှင့်တကွတီထွင်ပြောပြပါ။
. ပုံပြင်ကိုပြန်မြင်ခိုင်းပါ။ ပုံပြန်ပြောခြင်းတစ်ခေါက်ပြုလုပ်ပါ။

ကလေးများဆက်နွယ်မှုအချိန်သည် သူတို့၏တစ်ဦးခြင်း တပည့်တော်ဖြစ်ခြင်းအရာများဖြစ်ပေါ်လာမည် ဖြစ်ပြီးလက်မှု မေးခွန်းများဖြေကြားရာတွင်လည် နားထောင်ပါဝင်ပါ။ သမ္မာကျမ်းစာပုံပြင်တွင်ကလေးများကိုယ်တိုင်ပါဝင်ရောက်ရှိ နေသကဲ့သို့နည်းလမ်းဖော်ပြပါ။ ဤအုပ်စုတစ်ဖွဲ့စီတိုင်း ကိုးကွယ်ခြင်းနှင့် ဘုရားစကားများကိုတုန့်ပြန်လာပါလိမ့်မည်။

## သေးငယ်သောအစုအဖွဲ့

. အပတ်တိုင်းတွင် ပုံပြင်ပြောခြင်းကိုလက်တွေ့လှုပ်ရှားမှုနှင့် လုပ်ဆောင်ပါ။
. အသိညာဏ်၊ နှလုံးသား၊ လကတွေ့မေးခွန်းများပြောပါ။
. အပိတ်ဆုတောင်းခြင်းနှင့်ကောင်းကြီးပေးပါ။

ဤအချိန်သည် ချစ်ခြင်းနှင့်ဂရုစိုက်ခြင်းအချိန်ဖြစ်သကဲ့သို့ ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဝိညာဉ်တော် လမ်းပြမှုတုန့်ပြန်ကာ ခံယူသောအချိန်ဖြစ်သည်။

## အပိတ်

. ဦးဆောင်ကူညီသူက ပုံပြင်ပြောပြပါ။
. အဆုံးသတ်စကားများ ကြော်ငြာစရာများ၊ ဆုတောင်းခြင်း များပြုလုပ်ပါ။
. မိဘတွေကိုလည်း နှုတ်ဆက်စကားပြောပါ။

အဆုံးသတ်တွင်စိတ်အားထက်သန်စွာပြန်လည် သက်သေခံ နိုင်ရန်နှင့်သူငယ်ချင်းများပြန်လည်ပါဝင်ရန် ပြုလုပ်ပါ။

KIDStory

သမ္မာကျမ်းစာပုံပြင်အကြမ်းဖျဉ်းဖော်ပြချက်များ - A နှစ်

1. ဘုရားသခင်အရာအားလုံးကိုဖန်ဆင်းခြင်း။ ( ကမ္ဘာဦး ၁း၁၊ ၃-၅၊ ၆-၂၅(အကျဉ်းချုပ်)၊ ၂၆၊ ၃၁၊ ၂း၁-၃ )
2. အာဒံနှင့်ဧဝ (ပထမအပြစ်) ။ ( ကမ္ဘာဦး ၃း၁-၇ )
3. နောသင်္ဘောဆောက်လုပ်ခြင်း။ ( ကမ္ဘာဦး ၆း၁၇-၂၂ )
4. နောသင်္ဘောထဲ တိရိစ္ဆာန်များဝင်ရောက်ခြင်း။ ( ကမ္ဘာဦး ၇း၅-၁၀ )
5. နောဧ အတွက် လှပပြည့်စုံသော ဂတိတော်။ ( ကမ္ဘာဦး ၉း၈-၁၅ )
6. ဗာဗုလုံရဲတိုက် ။ ( ကမ္ဘာဦး၁၁း၁-၉ )
7. မောရှေ : ပုခက်ထဲရှိကလေးငယ်။ ( ထွက်မြောက်ရာ ၂း၁-၁၀ )
8. မောရှေ နှင့် မီးလျှံလျက်ရှိသောချုံ ။( ထွက်မြောက်ရာ ၃း၁-၁၂ )
9. မောရှေ နှင့် မြေပေါ်နေသော ပင်လယ်နီကိုဖြတ်လျှောက်ခြင်း။ ( ထွက်မြောက်ရာ ၁၄း၂၁-၃၁ )
10. မောရှေ နှင့် ဂတိတော်မြေသို့သူလျှိုကိုစေလွှတ်ခြင်း။ ( တောလည်ရာ ၁၃း၂၅-၃၃ )
11. ယောရှု နှင့် ယေရိခေါမြို့ရိုးပြိုကျခြင်း။ ( ယောရှု ၆း၈-၁၆၊ ၂၀ )
12. ဧလိရှဲ နှင့် ဗိုလ်ချုပ်မင်းနေမာန်၏အနာရောဂါပျောက်ခြင်း။ ( ၄ ရာ ၅း၉-၁၅ )
13. ယောရှာယ၏ ထာဝရဘုရားထံမှ ရှုပါရုံ ။ ( ယောရှာယ ၆း၁-၈ )
14. ယေရှုမွေးဖွားခြင်းနှင် ကောင်းကင်တမန်မာရိထံသို့ရောက်လာခြင်း။ ( လုကာ ၁း၂၆-၃၈ )
15. ယေရှုသည်သူငယ်ကဲ့သို့ ။ ( လုကာ ၂း၄၁-၅၂ )
16. နိကောဒင် ယေရှုထံသို့လာခြင်း။ ( ယောဟန် ၃း၁-၈၊ ၁၆-၁၇ )
17. ယေရှု : ပျောက်သောသိုးအကြောင်း ။ ( လုကာ ၁၅း၁-၇ )
18. ယေရှု : အမိဝမ်းတွင်းကပင် မျက်မမြင်သူကို ပျောက်ကင်းစေခြင်း။ ( ယောဟန် ၉း၁-၁၁ )
19. ယေရှု : တရားစရပ်မှူး၏သမီးကို ပျောက်ကင်းစေခြင်း။ ( လုကာ ၈း၄၉-၅၆ )
20. ဇကဲ့ ယေရှုကိုတွေ့မြင်ခြင်း။ ( လုကာ ၁၉း၁-၁၀ )
21. ယေရှု ယေရုရှလင်မြို့သို့ အောင်ပွဲခံကာ ဝင်ရောက်လာခြင်း။ ( လုကာ ၁၉း၂၉(ခ)၊ ၄၁ )
22. ယေရှု ကောင်းကင်သို့တက်ကြွခြင်း။( တမန်တော် ၁း၈-၁၁၊ လုကာ ၂၄း၅၂-၅၃ )
23. ယေရှု ရှောလုကိုရွေးချယ်ခြင်း ။ ( တမန်တော် ၉း၃-၁၈ )
24. ဒေါ်ကာ(ခေါ်)တဗိသ အသက်ရှင်ပြန်ခြင်း။ ( တမန်တော် ၉း၃၆-၄၂)

## ဘုရားသခင်အရာအားလုံးကိုဖန်ဆင်းခြင်း (၁)
## ကမ္ဘာဦး ၁း၁၊ ၃-၅ ၊ ၆-၂၅(အကျဉ်းချုပ်)၊ ၂၆၊ ၃၁၊၂း၁-၃

၁။ ပြန်လည်ဆန်းစစ်ခြင်း

ဤသင်ခန်းစာသည် နှစ်သစ်တွင် ပထမဆုံးအခန်းဖြစ်လိမ့်မည်။ ကလေးတစ်ဦးချင်းစီ၏ အကြောင်းအရာကိုရှာဖွေလေ့လာပါ။မိမိကြုံတွေ့၊သိရှိသောအရာကိုပြောပြခြင်းဖြင့်စတင်ပါ။အကယ် ၍အချိန်လုံလောက် လျှင် ပုံပြင်ထောက်ကူများအသုံးပြုပြီး သင်၏ ငယ်စဉ်က လေ့ကျက်ခဲ့သောအရာများ အသုံးပြုခြင်းဖြင့်စတင်ပါ။

၂။ အဖွင့်

ဘယ်အရာက သင်ရဲ့အကောင်းဆုံး၊ အကြိုက်ဆုံးပြုလုပ်မှုလဲ။

၃။ နောက်ခံသမိုင်း

သမ္မာကျမ်းစာသည် ဘုရားကဘယ်သူလည်း၊ ကျွန်ုပ်တို့အတွက်သူဘယ်လိုအသက်ရှင်သလည်း စသည့် ဘုရားရဲ့စကားတော်ဖြစ်သည်။ သမ္မာကျမ်းစာအစပိုင်းတွင် ဘုရားသခင်၏အရာအားလုံးကိုဖန်ဆင်းခြင်းဖြစ်ပြီး၊ ဘုရားသခင်မိန့်မှာခဲ့သောစကားနှင့် သူ၏ဖန်တီးပြုလုပ်ခဲ့သောအရာများဖြစ်သည်။ ဘုရားသခင်သည် (၆)ရက်အတွင်း အရာအားလုံးပြုလုပ်ခဲ့ပြီး (၇)ရက်မြောက်နေ့တွင်အနားယူခဲ့သည်။

၄။ သမ္မာကျမ်းစာပုံပြင်ပြောခြင်း

ဘုရားသခင်သည်(၆)ရက်အတွင်း အရာအားလုံးဖန်ဆင်းပြုလုပ်ခဲ့သောအရာများမှာ ကမ္ဘာမြေကြီးဖြစ်ပြီး၊ ကောင်းကင်၊ ခြောက်သွေ့မြေနှင့်ပင်လယ်များ၊ အသီးသီးသောသစ်ပင်များနှင့် အပွင့်ပွင့်သောပန်းပင်များဖြစ်သည်။ မိုးကောင်းကင်မှ အလင်းတန်းများ၊ နေနှင့်လ၊ ကြယ်များလည်းပါဝင်သည်။ ထို့အတူငါးမျိုးစုံနှင့် ငှက်များ၊ တိရစ္ဆာန်မျိုးစုံနှင့်တကွ တွားသွားတက်သော အကောင်ပေါင်းစုံကိုလည်း ဖန်ဆင်းခဲ့ပြီး ဤအရာများကို “ ကောင်းသည် ” ဟု ပြောဆိုခဲ့သည်။

၅။ ပုံပြန်ပြောခြင်း

| | | |
|---|---|---|
| ပုံပြန်လည်ဆန်းစစ်ခြင် | း | ပုံပြင်ကိုမေးခွန်းများပြန်လည်မေးမြန်းဖြင်းဖြင့်၊ အမှန်နှင့်အမှားကိုထောက်ပြပြန်ပြောပါ။ |
| ကြိုးဂိမ်းကစားခြင်း | း | ၁၅လက်မကြိုးတစ်ကြိုးဖြင့်ချည်စေပြီး စက်ဝိုင်းပုံစံပြုလုပ်ကာ ကလေးများကို ကြိုးကိုင်ထားခိုင်းပါ။ ပြီးလျှင်ကြိုးကိုင်လျှက်လှုပ်ရှားမှုပြုလုပ်စေပါ။ ဦးဆောင်သူ “ ရပ်” ဟုပြောသောအချိန်တွင်ကြိုးထုံးထားသောနေရာနှင့် အနီးဆုံးရှိသောကလေးကို ပုံပြင်အပိုင်းလိုက် ပြောဆိုခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပြုလုပ်ပါ။ |

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့သင်ကြားခဲ့သောပုံပြင်ထဲမှ ဘယ်အရာနှစ်သက်သလဲ။
- ဘုရားသခင်ဖန်ဆင်းခဲ့သောအရာတွေထဲမှဘယ်အရာအနှစ်သက်ဆုံးလဲ။ ဘယ်အရာကထူးခြားမှုရှိဆုံးလဲ။
- တကယ်လို့ ငါတို့တွေက ဘုရားပုံသဏ္ဍာန်နှင့်ဖန်ဆင်းခံဖြစ်တယ်၊ ဘယ်လိုဘုရားရဲ့ပုံစံနှင့်တူသလဲ။ အဲ့လိုပဲ ဘာကဘုရားရဲ့ပုံစံနှင့်ကွဲပြားနေသလဲ။
- ဘာဖြစ်လို့ ဖန်ဆင်းခြင်းများထဲမှ ငါတို့က ဘုရားရဲ့ပုံစံနဲ့ တစ်ခုတည်းသောဖန်ဆင်းခံ ဖြစ်နေရတာလဲ။
- ဘုရားရဲ့ပုံစံနဲ့ ဖန်ဆင်းခံရတဲ့အတွက် ဘယ်လိုခံစားချက်မျိုးရှိသလဲ။
- ဘုရားက ယခုပုံပြင်အကြောင်းအရာကို ကျမ်းစာမှာဘာလို့ထည့်ရေးထားသလဲဆိုတာ သင်ဘယ်လိုထင်လဲ။
- ယနေ့သင်ကြားခဲ့သော ပုံပြင်အားဖြင့် ဘုရားက ________________________________________

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့သင်ကြားချက်တွေထဲမှ သင့်ကိုဝိညာဉ်တော်က ဘယ်အရာတွေပြုလုပ်လိုက်လျှောက်စေချင်သလဲ။
- ယနေ့သင်ခန်းစာတွေထဲမှာ ဘုရားကဘယ်လိုပြောပြသွန်သင်နေသလဲ။
- ဒီတစ်ပတ်မှာ မည်သူ့ကိုပုံပြင်အကြောင်းအရာကို ပြန်ဝေမျှပြောပြမလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

အဖဘုရား ကလေးများဖန်ဆင်းခြင်းအကြောင်းအရာကို ပိုမြင်တက်ရန်နှင့် တွေ့မြင်ရန်ဆုတောင်းပေးပါတယ်။ ဤအရာများအားဖြင့် ကိုယ်တော့်ကို ပိုပြီးမြင်တွေ့တက်ရန် ဆုတောင်းပေးပါ။

# ဘုရားသခင်အရာအားလုံးကိုဖန်ဆင်းခြင်း (၂)

## ကမ္ဘာဦး ၁း၁၊ ၃-၅ ၊ ၆-၂၅(အကျဉ်းချုပ်)၊ ၂၆၊ ၃၁၊၂း၁-၃

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သောအပတ်မှ ပုံပြင်အားပြန်လည်ပြောပြနိုင်သူကိုရှာဖွေပါ။
- ဖန်ဆင်းခြင်းပုံပြင်ကိုမည်သူ့ထံသို့ပြန်ဝေငှသူကိုရှာဖွေပြီး ဖြစ်ပျက်ခဲ့သောအရာကိုပြန်လည်ဝေငှခိုင်းပါ။
- ပြီးခဲ့သော အပတ်အတွင်း ဝိညာဉ်တော်သွန်သင်ဦးဆောင်မှုများကိုဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

ဘုရားသခင်ဖန်ဆင်းခဲ့သော တိရစ္ဆာန်များထဲတွင် ဘယ် တိရစ္ဆာန်က ရယ်စရာအကောင်းဆုံးလဲ။

၃။နောက်ခံသမိုင်း

ကျမ်းစာထဲတွင် အစအဦးမှာ ဘုရားသခင်က မိန့်မှာခဲ့ပြီး အရာအားလုံးကိုဖန်ဆင်းခဲ့တယ်။ ကောင်းကင်တမန်များကို ဘယ်အချိန်မှာ ဖန်ဆင်းခဲ့သလည်းမသိရပေမယ့် ကျမ်းစာထဲမှာတော့ အများအပြား ပြောဆိုဖော်ပြထားတယ်။

ဆာလံ ၁၀၃း၁၉-၂၂တွင် ကောင်းကင်တမန်အားလုံးရဲ့တာဝန်ဟာ ဘုရားရဲ့အစေခံဖို့နှင့် သူ့ကို ကိုးကွယ်ဖို့ဖြစ်တယ်လို့ဖော်ပြထားသည်။ ဘုရားက ကမ္ဘာမြေကြီးကို ပြုလုပ်ဖန်ဆင်းတဲ့အချိန်မှာကတည်းက ကောင်းကင်တမန်များက ဘုရားကို ကိုးကွယ်နေပြီး ဘုရားသခင်ကြီးမြတ်တော်မူ၏လို့ ပြောဆိုနေကြပြီဖြစ်သည်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ဘုရားသခင်သည်(၆)ရက်အတွင်း အရာအားလုံးဖန်ဆင်းပြုလုပ်ခဲ့သောအရာများမှာ ကမ္ဘာမြေကြီးဖြစ်ပြီး၊ ကောင်းကင်၊ ခြောက်သွေ့မြေနှင့်ပင်လယ်များ၊ အသီးသီးသောသစ်ပင်များနှင့် အပွင့်ပွင့်သောပန်းပင်များဖြစ်သည်။ မိုးကောင်းကင်မှ အလင်းတန်းများ၊ နေနှင့်လ၊ ကြယ်များလည်းပါဝင်သည်။ ထို့အတူငါးမျိုးစုံနှင့် ငှက်များ၊ တိရစ္ဆာန်မျိုးစုံနှင်တကွ တွားသွားတက်သော အကောင်ပေါင်းစုံကိုလည်း ဖန်ဆင်းခဲ့ပြီး ဤအရာများကို “ ကောင်းသည် ” ဟု ပြောဆိုခဲ့သည်။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများပြန်လည်မေးမြန်းခြင်းဖြင့်၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
အဖွဲ့တွဲခြင်း -- ကလေးများ၂ယောက်မှ ၃ယောက်အဖွဲ့ဖွဲ့ပါ။ တစ်ဦးချင်းစီပုံပြင်ပြန်ပြောခိုင်းပါ။ အကယ် ၍ တစ်စုံတစ်ယောက်က မပြောချင်၊ ပုံပြင်မေ့နေလျှင် ကျန်ရှိသောအဖွဲ့မှ ကူညီထောက်ပြပြီး ပုံပြန်ပြောခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲမှာ ဘယ်အရာကိုနှစ်သက်သလဲ။
- သင်ကြားခဲ့သော ပုံပြင်ထဲမှ ဘုရားကြိုက်နှစ်သက်သောအရာက ဘာလဲ။
- ပုံပြင်နားထောင်နေအချိန်တွင် ဘယ်လိုစိတ်ကူးမျိုးထွက်ပေါ်လာသလည်း။ ဘာစဉ်းစားမိလဲ။
- သင်လက်မလျှော့ မစွန့်လွှတ်ချင်သော ဖန်တီးပြုလုပ်ခဲ့သောအရာက ဘာလဲ။
- ဘုရားက သင့်ကိုအထူးဖန်ဆင်းပြုလုပ်ထားတယ် အဲ့ဒီအပေါ်သင့်ခံစားချက်ကဘာလဲ။
- ငါတို့တတွေကို ဘုရားသခင်ကဖန်ဆင်းထားတယ် ၊ ဒါကြောင့် ငါတို့တစ်ဦးနှင့်တစ်ဦး ဘယ်လိုဆက်ဆံကြရမလဲ။
- ဘုရားသခင်အတွက် အမှန်တကယ် အရေးကြီးတယ်ဆိုတဲ့အချက်ကို သင်ဘယ်လိုနားလည်သလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှု မေးခွန်းများ

- ယနေ့သင်ကြားချက်ထဲမှ သင့်ကိုဝိညာဉ်တော်က ဘယ်အရာတွေပြုလုပ်လိုက်လျှောက်စေချင်သလဲ။
- ဘုရားသခင်က သင့်ကို သူ့ရဲ့ပုံပြင်ထဲက အတိုင်း မည်သို့သော အလိုတော်မျိုး ရှိတယ်လို့ သင်ထင်သလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ကျေးဇူးတင်ပါ၊ ဘုရားပေးထားတဲ့ အရာအားလုံးထဲက ဒီကမ္ဘာမြေကြီးပေါ်ရှိ ဖန်ဆင်းခံအားလုံးအတွက် လိုအပ်သောချစ်ခြင်းမေတ္တာအတွက်။ ၎င်းအရာများကို ကောင်းမွန်စွာ စောင့်ရှောက်အသက်ရှင်တက်ဖို့ ကူညီရန်။

# အာဒံ နှင့် ဧဝ ပထမအပြစ် ( ၁ )
## ကမ္ဘာဦး ၃ း ၁-၇

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော အပတ်မှ ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှ သူကိုရှာဖွေပြီး ဖြစ်ပျက်ခဲ့သောအရာများကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သော အပတ်အတွင်း ဝိညာဉ်တော်သွန်သင်ဦးဆောင်မှုများကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

ကလေးများကို လိမ်ညာခဲ့ဖူးသလား (သို့) မည်သူကိုလိမ်ညာဖူးသလည်း ပြောပြခိုင်းပါ။

၃။ နောက်ခံသမိုင်း

ပြီးခဲ့သောအပတ်တွင် ဘုရားသခင်၏ ကမ္ဘာပေါ်ရှိ ဖန်ဆင်းခြင်းအားလုံးကိုပြောပြခဲ့ပြီးဖြစ်သည်။ ကောင်းကင်တမန်ကိုလည်း ဘုရားက ဖန်ဆင်းခဲ့တယ်။

ဖန်ဆင်းခံကောင်းကင်တမန်ထဲမှ အလှပဆုံးကောင်းကင်တမန်က ဘုရားထက်ကြီးမြတ်အုပ်ချုပ်သူ ဖြစ်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် ဘုရားထက်ကြီးမြတ်တဲ့အရာတစ်ခုမှ မရှိဘူး။ ထို့အတူ အဲ့ဒီကောင်းကင်တမန်၊ ယခုစာတန်က လူတွေအားလုံးကို ဘုရားထံမှ လမ်းလွဲဖို့နှင့် ဘုရားစကားနားမထောင်စေဖို့ ကြိုးစားနေတယ်။ သူဘယ်လိုကြိုးစားသလည်း ကြည့်ကြရအောင်..။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

မြွေဆိုတဲ့တိရစ္ဆာန်ဟာ ဘုရားသခင်ဖန်ဆင်းတဲ့အကောင်တွေထဲမှာ လိမ္မာယဉ်ကျေးမှုအရှိဆုံးဖြစ်တယ်။ တစ်နေ့တော့ မြွေက မိန်းမကိုပြောခဲ့တယ် “ ဥယျာဉ်၌ရှိသောအပင်တို့၏ အသီးကိုမစားရဟု ဧကန်စင်စစ် ဘုရားသခင်မိန့်တော်မူခဲ့သလော့ ” မိန်းမကပြန်ဖြေတယ် “ ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကို စားရသော အခွင့်ရှိတယ်။ ဒါပေမယ့် ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကို မကိုင်မစားဘဲနေကြလော့ သို့မဟုတ် သေမည်ဟု ဘုရားသခင်မိန့်တော်မူတယ်လို့ ” မြွေကို ပြန်ဖြေတယ်။

ဒါပေမယ့်မြွေက “ သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက်ကောင်းမကောင်းသိပြီး ဘုရားသခင်ကဲ့သို့ ဖြစ်လတံ့သည်ကို ဘုရားသခင်သိတော်မူသည် ” ဟု မိန်းမကိုဖြေခဲ့တယ်။ ဒါကြောင့် မိန်းမကလည်း ထိုအပင်၏အသီးက စားဘွယ်ကောင်းခြင်းကြောင့် အသီးကိုစားခဲ့တယ်။ သူမဟာ အသီးကို သူ့ခင်ပွန်းကိုလည်းပေးပြီး သူလည်းစားခဲ့တယ်။

၅။ ပုံပြန်ဖြေခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများမေးမြန်းခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

ဘောလုံးကစားခြင်း -- ကလေးများကိုစက်ဝိုင်းပုံဘောလုံးလှည့်ခိုင်းပါ “ ရပ် ” လို့ပြောချိန်မှာ ဘောလုံး ရရှိသောကလေးကို ပုံပြောခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပုံပြောခြင်းကစားပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲမှာ ပုံပန်းသဏ္ဍာန်မတူတာ ဘယ်သူတွေလဲ။
- ပုံပြင်နားထောင်ကြည့်ခြင်းအားဖြင့် ဘယ်လိုစိတ်ကူးစိတ်သန်းတွေ ထွက်ပေါ်လာသလဲ။
- ပုံပြင်နားထောင်ပြီး ဘာခံစားမိသလဲ။ သင်တို့က အာဒံနှင့်ဧဝဖြစ်ခဲ့ရင် ဘယ်လိုခံစားမိသလဲ။
- ပုံပြင်နားထောင်ရင်းနဲ့ ဘာအကြောင်းတွေးပြီး အာဒံနှင့်ဧဝအပေါ်ဘယ်လိုခံစားမှုမျိုးဖြစ်ပေါ်ခဲ့ သလဲ။ ဘုရားသခင်လည်း ဘယ်လိုခံစားရမလဲ။
- ယခုအချိန်မှာ လူသားများဘယ်လိုဘုရားစကားနာမထောင်ကြသလဲ။ ဘုရားသခင်လည်း သူ့စကား နားမထောင်ရင် ဘယ်လိုခံစားရမလ။
- ဘုရားသခင်ရဲ့စကားကို ဘယ်လိုနားထောင်ရမလဲ။ ဘယ်လိုဘုရားစကားနားမထောင်ခဲ့သလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့သင်ကြားမှုတွေထဲမှ သင့်ကိုဝိညာဉ်တော်က ဘယ်လိုလိုက်လျှောက်စေချင်သလဲ။
- ယနေ့ပဲ ဘုရားသခင်ကို သင့်ရဲ့တုန့်ပြန်မှုက ဘယ်လိုလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရားသခင် ကျွန်ုပ်တို့ကို အမှန်နဲ့အမှား သိရှိစေခြင်း ကောင်းကြီးပေးပါ။ ကျွန်ုပ်တို့အမှားပြုလုပ် မိတိုင်း အကျွန်ုပ်တို့ကို မပစ်ပယ်သောကြောင့် ကျေးဇူးတင်ပါ၏။

# အာဒံ နှင့် ဧဝ ပထမအပြစ် ( ၂ )
## ကမ္ဘာဦး ၃ း ၁-၇

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော အပတ်မှ ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှ သူကိုရှာဖွေပြီး ဖြစ်ပျက်ခဲ့သောအရာများကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သော အပတ်အတွင်း ဝိညာဉ်တော်သွန်သင်ဦးဆောင်မှုများကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

တစ်စုံတစ်ခုကို ပျက်စီးစေချင်ခဲ့သော အချိန်ကိုပြန်ဝေငှခိုင်းပါ။

၃။ နောက်ခံသမိုင်း

ဘုရားသခင်က ငါတို့ကို ရွေးချယ်ခွင့်ပေးထားတယ်။ ဘုရားက သူ့ကိုချစ်ဖို့နှင့် သူ့အလိုတော်ကိုနာခံဖို့ အလိုတော်ရှိတယ်။ ငါတို့လိုချင်တာဖြစ်ဖို့မဟုတ်ဘူး။

ဘုရားက ငါတို့ကို ဆက်ချစ်နေမှာပဲ ဒါပေမယ့် ငါတို့က ဆက်တိုက်ဆိုသလို ကိုယ်ကြိုက်တာဘဲရွေးချယ်ကြတယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

မြွေဆိုတဲ့တိရစ္ဆာန်ဟာ ဘုရားသခင်ဖန်ဆင်းတဲ့အကောင်တွေထဲမှာ လိမ္မာယဉ်ကျေးမှုအရှိဆုံးဖြစ်တယ်။ တစ်နေ့တော့ မြွေက မိန်းမကိုပြောခဲ့တယ် " ဥယျာဉ်၌ရှိသောအပင်တို့၏ အသီးကိုမစားရဟု ကေန်စင်စစ် ဘုရားသခင်မိန့်တော်မူခဲ့သလော့ " မိန်းမကပြန်ဖြေတယ် " ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကို စားရသော အခွင့်ရှိတယ်။ ဒါပေမယ့် ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကို မကိုင်မစားဘဲနေကြလော့ သို့မဟုတ် သေမည်ဟု ဘုရားသခင်မိန့်တော်မူတယ်လို့ " မြွေကို ပြန်ဖြေတယ်။

ဒါပေမယ့်မြွေက " သင်တို့သည် ကေန်အမှန်သေရမည်မဟုတ်၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက်ကောင်းမကောင်းသိပြီး ဘုရားသခင်ကဲ့သို့ ဖြစ်လတ့်သည်ကို ဘုရားသခင်သိတော်မူသည် " ဟု မိန်းမကိုဖြေခဲ့တယ်။ ဒါကြောင့် မိန်းမကလည်း ထိုအပင်၏အသီးက စားဘွယ်ကောင်းခြင်းကြောင့် အသီးကိုစာခဲ့တယ်။ သူမဟာ အသီးကို သူ့ခင်ပွန်းကိုလည်းပေးပြီး သူလည်းစားခဲ့တယ်။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

လက်လှုပ်ရှားမှုများ -- ကျမ်းစာပုံပြင်ကို အဖွဲ့လိုက်ဖြင့် လက်လှုပ်ရှားမှုပြုလုပ်ကာ ပြန်ပြောခိုင်းခြင်းဖြင့် ပုံပြင်ကိုမှတ်သားရန်ကူညီပေးလိမ့်မည်။ပုံပြင်ပြန်ပြောပြီးဆုံးသည်အထိ လက်လှုပ်ရှားမှုများကိုပြုလုပ်ပြန်ပြောခိုင်းပါ

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှ သင်ကြိုက်သောအရာနဲ့ မကြိုက်သောအရာက ဘာလဲ။
- ပုံပြင်ရဲ့ကွဲပြားတဲ့ အကြောင်းအရာရဲ့ တုန့်ပြန်မှုက ဘာလိုထင်ပါသလဲ။
- လူသားတွေရဲ့ ရွေးချယ်မှုကဘာလဲ။ ဘာတွေလုပ်ခဲ့သလဲ။ ရွေးချယ်ခဲ့အရာက ဘာဖြစ်စေခဲ့သလဲ။
- ပုံပြင်ကိုနားထောင်ရင်းနဲ့ ဘာအကြောင်းတွေးပြီး ဘယ်လိုခံစားချက်ဖြစ်ပေါ်ခဲ့သလဲ။
- တကယ်လို့ အာဒံနှင့်ဧဝ ဖြစ်ခဲ့သလို ငါတို့ကြုံခဲ့ရင် ဘယ်လိုနည်းလမ်းသုံးမလဲ။
- ငါတို့ အလိုတော်နာမခံခြင်းဖြစ်ခဲ့လျှင် ဘယ်လိုတုန့်ပြန်မလဲ။
- ဘုရားက ဒီပုံပြင်ကို ကျမ်းစာထဲမှာ ဘာလို့ ထည့်ရေးထားတာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားရသော ပုံပြင်အားဖြင့် သင်မည်ကဲ့သို့ ပြောင်းလဲအသက်ရှင်မလဲ။
- ဘုရားသခင်ကိုတောင်းပန်ပါတယ် ဆိုတဲ့အရာ ပြောချင်တာရှိပါသလား။
- ဒီတစ်ပတ်ထဲ သင်ဘယ်သူကို ပုံပြင်အကြောင်း ပြန်ဝေမှမလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

အဖ ကလေးတစ်ယောက်ချင်းစီတိုင်းကို ကိုယ်တော့်ကိုယုံကြည်ဖို့နှင့် အလိုတော်ကို နာခံတက်သော အသက်တာရှိဖို့ ကောင်းကြီးပေးတော်မူပါ။

# နောသင်္ဘောဆောက်လုပ်ခြင်း(၁)
## ကမ္ဘာဦး ၆း၁၇-၂၂

၁။ ပြန်လည်ဆန်းစစ်ခြင်း
- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်
သင်တစ်စုံတစ်ခု တည်ဆောက်ပြုလုပ်ခဲ့တာ ဘယ်အရာလဲ။

၃။ နောက်ခံသမိုင်း
ဘုရားသခင်ဖန်ဆင်းခဲ့သော လူသားများဟာ မကောင်းမှု ဒုစရိုက်များကိုလုပ်ဆောင်နေကြတယ်။ ဒီအရာတွေက ဘုရားသခင်ရဲ့ နှလုံးသားကိုကြေကွဲစေပြီး လူသားတွေရဲ့ ပျက်စီးကောက်ကျစ်နေသော အရာတွေကို မြင်တွေ့ရတယ်။ လူသားတွေထဲမှာ ဘုရားသခင် စကားနားထောင်လိုက်လျှောက်သော တစ်ယောက် ရှိခဲ့တယ်၊ သူက နောဖြစ်တယ်။

ဘုရားသခင်က နောနဲ့သူ့မိသားစုကို ရေလွှမ်းမိုးခြင်းမှ ကယ်တင်ဖို့ရန် ဆုံးဖြတ်ချက်ချခဲ့တယ်။ ဘုရားက နောကို သူ့နဲ့သူ့မိသားစု၊ တိရစ္ဆာန်များကို ကယ်တင်ဖို့ ဘယ်လိုသင်္ဘောတည်ဆောက်ရန် တိကျစွာမိန့်မှာခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း
ဘုရားက ကောင်းကင်အောက်မှာရှိတဲ့ ကမ္ဘာပေါ်ရှိသက်ရှိအားလုံးရေဖြင့် ဆေးကြောဖို့ရေလွှမ်းမိုးစေမယ်။ မြေပေါ်မှာရှိသမျှလည်းသေကြရလိမ့်မယ်။

ဒါပေမယ့် သင်နှင့်ဂတိပြု၍တည်စေမယ်။ သင်နှင့်သား၊ မယား၊ ချွေးမနှင့်တကွ သင်္ဘောထဲသို့ဝင်ရမည်။ ထိုအတူ တိရစ္ဆာန် အမျိုးထဲက အထီးအမ၊ အစုံတို့ကိုလည်းခေါ်ဆောင်သွားရမည်။

“ သင်နှင့်အတူ အသက်ချမ်းသာစေမည်။ ငှက်လည်း အမျိုးအလိုက်၊ သားရဲနှင့်တွားသွားတက်သော တိရစ္ဆာန်အပေါင်းလည်း အမျိုးအလိုက် အထီးအမ အစုံတို့သည် အသက်ချမ်းသာစေခြင်းငှာ သင်တို့ထံသို့ စေလွှတ်မည်။ ကိုယ်စားစရာအဖို့၊ တိရစ္ဆာန်တို့စားစရာအဖို့ ယူ၍သင်္ဘောထဲတွင် သိုထားရမည်။ ” ဘုရားသခင် မိန့်မှာထားသည့်အတိုင်း နောပြုလေ၏။

၅။ ပုံပြန်ပြောခြင်း
ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
တန်းစီခြင်း -- ကလေးများကိုအရပ်အလိုက်၊ အသက်အလိုက်၊ မွေးနေ့အလိုက်(သို့)နာမည်အက္ခရာအလိုက် တန်းစီစေပါ။ ပထမဆုံးကလေးကို ပုံပြင်၏ဖြစ်ပျက်မှုအစကို ပြောခိုင်းပြီး အစဉ်အလိုက် ပုံပြင်ပြီးဆုံးသည်အထိ ပုံပြန်ပြောခြင်း ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်က ဘာအကြောင်းအရာလဲ။
- ပုံပြင်ထဲက ကွဲပြားတဲ့ ဇာတ်ဆောင်တွေက ဘယ်သူတွေလဲ။
- နောာရွေးချယ်မှုကဘာလဲ။ သူဘာတွေလုပ်ခဲ့လဲ။ နောရဲ့ရွေးချယ်မှုက သူ့ကိုဘာဖြစ်စေလဲ။
- ပုံပြင်ပြောနေချိန် သင့်ရဲ့ စိတ်လှုပ်ရှားမှုက ဘာလဲ။
  (၁) ဘုရားရဲ့ စကားသံကြားရတဲ့နော၏၊ ဘုရားစကားသံကြားချိန်မှာ သင်ဘာကိုစဉ်းစားမိလဲ။
  (၂) ဘုရားစကားသံကို သင်ကြားဖူးသလား။
  (၃)တကယ်လို့ ဘုရားက သင့်ကိုယခုတစ်စုံတစ်ခုပြောမယ်ဆိုရင် သင်ဘယ်အကြောင်းအရာကို နားထောင်ချင်သလဲ။
- ထို့ကြောင့် ဒီတစ်ပတ်ထဲမှာ သင်ဘယ်လိုနာခံမှုမျိုးလုပ်ဆောင်မလဲ။
- ပုံပြင်အားဖြင့် ကျွန်ုပ်တို့နဲ့ ဘုရားသခင်ရဲ့ အပြန်အလှန် ဆက်ဆံမှုကဘာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားသော ပုံပြင်အားဖြင့် ဘုရားသခင်သင့်ကိုဘာပြောနေလဲ။
- ဘုရားသခင်က သင်ကိုပုံပြင်ထဲကအတိုင်း ဘာအလိုတော်ရှိတယ်လို့ ထင်ပါသလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ကျွန်ုပ်တို့ရဲ့နှလုံးသားကို စကားပြောပါ ကိုယ်တော်ဘုရား၊ ဒီလောကအရာတွေထဲကအတိုင်း မလိုက်လျှောက်ရန်နှင့် ဘုရားကိုကျေနပ်စေတဲ့အရာတွေသာ ပြုလုပ်နိုင်ဖို့ ဆုတောင်းပါ။

# နောသေဘော်ဆောက်လုပ်ခြင်း(၂)
## ကမ္ဘာဦး ၆း၁၇-၂၂

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထပ်ပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

တစ်စုံတစ်ခုကို အားလုံးကပြုလုပ်ချင်ပေမယ့် သင်ကအခြားသောအရာတစ်စုံတစ်ခုပြုလုပ်ချင်သောအချိန်ကို သတိရသပါသလား။ ဒီအရာတွေက သင့်ကိုဘယ်လိုခံစားစေသလဲ။

၃။ နောက်ခံသမိုင်း

ဘုရားသခင်သည် နောနှင့်သူ့မိသားစုကို အသုံးပြုရန်ဆုံးဖြတ်ခဲ့သည်။ နောနှင့်မိသားစု၊ တိရစ္ဆာန်များ အားလုံးကို ကယ်တင်ရန် သဘော်တည်ဆောက်ရန် မိန့်မှာခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ဘုရားက ကောင်းကင်အောက်မှာရှိတဲ့ ကမ္ဘာပေါ်ရှိသက်ရှိအားလုံးရေဖြင့် ဆေးကြောဖို့ရေလွှမ်းမိုးစေမယ်။ မြေပေါ်မှာရှိသမျှလည်းသေကြရလိမ့်မယ်။

ဒါပေမယ့် သင်နှင့်ဂတိပြု ၍တည်စေမယ်။ သင်နှင့်သား၊ မယား၊ ချွေးမနှင့်တကွ သဘော်ထဲသို့ဝင်ရမည်။ ထိုအတူ တိရစ္ဆာန် အမျိုးထဲက အထီးအမ၊ အစုံတို့ကိုလည်းခေါ်ဆောင်သွားရမည်။

" သင်နှင့်အတူ အသက်ချမ်းသာစေမည်။ ငှက်လည်း အမျိုးအလိုက်၊ သားရဲနှင့်တွားသွားတက်သော တိရစ္ဆာန်အပေါင်းလည်း အမျိုးအလိုက် အထီးအမ အစုံတို့သည် အသက်ချမ်းသာစေခြင်းငှာ သင်တို့ထံသို့ စေလွှတ်မည်။ ကိုယ်စားစရာအဖို့၊ တိရစ္ဆာန်တို့စားစရာအဖို့ ယူ၍သဘော်ထဲတွင် သိုထားရမည်။ " ဘုရားသခင် မိန့်မှာထားသည့်အတိုင်း နောပြုလေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

Tingo Tingo Tango -- ကလေးများကိုစက်ဝိုင်းပုံဝိုင်းကာ ဦးဆောင်သူက " Tingo Tingo Tango " ဟု ပြောပါ " Tango " တွင် အလှည့်ကျသူကို ပုံပြင်စတင်ပြောစေပါ။ နောက်တစ်ယောက်အလှည့်ကျမည်ကို ကြိုတင်မသိစေဘဲ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ပြောချိန်တွင် သင့်ရဲ့စိတ်ခံစားချက်ကဘာလဲ။
- ပုံပြင်ထဲမှ နောဧရဲ့နှလုံးသားနှင့်စိတ်သဘောကို ဘယ်လိုတွေးမိသလည်း။မိသားစုဝင်တွေအားလုံးလည်း ဘယ်လိုဖြစ်နေမယ်လို့ထင်သလဲ။
- တကယ်လို့ သင်ဟာ နောဧ မိသားစုဝင်ဖြစ်ခဲ့မယ်ဆိုရင် သင်္ဘောထဲမှာ နေရမယ့်အချိန်အားလုံးကို ဘယ်လိုကုန်ဆုံးစေမလဲ။
- နောဧကဘုရားရဲ့စကားအပေါ်မဖြစ်နိုင်ဘူးလို့ထင်ကောင်းထင်နေလိမ့်မယ်။ ထို့အတူပဲ ဘုရားရဲ့စကားက ဒီတစ်ပတ်ထဲမှာ မဖြစ်နိုင်သောအရာသင့်ကိုပြောမယ်ဆိုရင် သင့်အနေနဲ့ ဘုရားသခင်အပေါ်ဘယ်လို ကူညီမယ်လို့ထင်သလဲ။
- ပုံပြင်ထဲမှ ဘုရားသခင်ကို သင်ဘယ်လိုမှတ်ချက်ပေးမလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှု မေးခွန်းများ

- ယနေ့သင်ကြားခဲ့သော ပုံပြင်ထဲမှ ဘုရားက သင့်ကိုဘာသွန်သင်စကားပြောနေသလဲ။
- ဒီတစ်ပတ်ထဲ သင်ဘယ်သူ့ကို ပုံပြင်အကြောင်း ပြန်ဝေမှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း။

အဖဘုရား ကလေးတစ်ဦးချင်စီတိုင်းကို ကိုယ်တော့်ရဲ့ အစီအစဉ်ထဲမှာ လိုက်လျှောက်နိုင်သော နှလုံးသား ဖြစ်စေတော်မူပါ..။

# နောဧသင်္ဘောထဲသို့တိရစ္ဆာန်များ ဝင်ရောက်ခြင်း(၁)
# ကမ္ဘာဦး ၇း၅-၁၀

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

သင်အနှစ်သက်ဆုံးတိရစ္ဆာန်က ဘာအကောင်ဖြစ်မလဲ။

၃။ နောက်ခံသမိုင်း

ပြီးခဲ့သောအပတ်က သင်္ဘောကြီးဘယ်လိုတည်ဆောက်ရမလည်းဆိုတာကို ဘုရားက နောဧထံသို့ စကားမိန့်မှာခြင်းအကြောင်း သင်ကြားခဲ့ပြီးဖြစ်သည်။

အခုတစ်ခါ ဘုရားက နောဧကို သင်္ဘောပေါ်သို့ တိရစ္ဆာန်ဘယ်နှစ်ကောင်၊ မည်သည့်အစုံလိုက် သယ်ဆောင်ရမည့်အကြောင်း မိန့်မှာခြင်းအကြောင်းဖြစ်သည်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

နောဧဟာ ဘုရားသခင်မိန်မှာချက် အားလုံးကိုပြုလုပ်ခဲ့တယ်။ ရေလွှမ်းမိုးမှု စတင်ချိန်မှာ နောဧက အသက်ခြောက်ရာ ရှိပြီဖြစ်တယ်။

သူနဲ့မိန်းမ၊ သားများ၊ ချွေးမအားလုံးဟာ ရေလွှမ်းခြင်းမှလွတ်ကင်းရန် သင်္ဘောထဲသို့ဝင်ကြတယ်။ စင်ကြယ်သော မစင်ကြယ်သော သားကောင်များ၊ ငှက်များ နှင့် မြေပေါ်မှာတွားတက်သောတိရစ္ဆာန် အထီး၊ အမတို့လည်း နောဧထံရောက်လာကြတယ်။

တိရစ္ဆာန်အထီး အမ အစုံတို့လည်း ဘုရားသခင်မိန့်မှာချက်အတိုင်း သင်္ဘောထဲသို့ဝင်ကြတယ်။ နောက် (၇)ရက်အကြာမှာ ရေလွှမ်းမိုးခြင်းစတင်ခဲ့တယ်။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
၅၀ ရေတွက်ခြင်း -- ၁မှ၅၀ အထိ ဖြေးညှင်းစွာရေတွက်ပြီး ပုံပြင်ပြောနိုင်သော ကလေးကိုရှာပါ (သို့) အခြားနံပါတ်များအသုံးပြုပြီး ပုံပြန်ပြောခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်၏ ဘယ်အပိုင်းက သင့်အကြိုက်ဆုံးလဲ။
- ပုံပြင်ပြောချိန်တွင် သင့်ရဲ့စိတ်ခံစားချက်ကဘာလည်း။ သင့်ကိုဘယ်လိုခံစားစေလဲ။
- ပုံပြင်ထဲကနောအနဲ့ဘုရားရဲ့ ဆက်ဆံရေးကိုကြည့်ခြင်းဖြင့် သင်ဘာသွန်သင်မှုတွေရသလဲ။
- သင့်ရဲ့စိတ်ခံစားချက်က ဘုရားအတွက် တကယ့်အရေးကြီးအချက်ကဘာလည်း။ နောအေတွက်ရော..။
- ဘုရားရဲ့သင့်ရဲ့ ဆက်ဆံရေးက ဘာအတွက်အရေးကြီးသလဲ။
- ဘုရားက ဒီပုံပြင်အကြောင်းကို ကျမ်းစာထဲဘာကြောင့် ရေးသားထားသလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ သင်ဘုရားသခင်ကို ဘယ်လိုတုန့်ပြန်မလဲ။
- ယနေ့သင်ကြားရသောပုံပြင်မှာ ဝိညာဉ်တော်က သင့်ကိုဘာသွန်သင်မှုခံစားစေသလဲ။
- ဒီတစ်ပတ်ထဲ သင်ပုံပြင်အကြောင်း ဘယ်သူ့ကိုဝေငှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကိုယ်တော့်ရဲ့အစီအစဉ်က ကျွန်ုပ်တို့လုပ်ဆောင်မှုအားလုံးထက်ကြီးမြတ်ကြောင်းကို သတိရစေရန် ကူညီပါ..။

# နောဧ ႏ သင်္ဘောထဲသို့တိရစ္ဆာန်များ ဝင်ရောက်ခြင်း(၂)
## ကမ္ဘာဦး ၇း၅-၁၀

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

သင့်ရဲ့အကောင်းဆုံး သူငယ်ချင်းက ဘယ်သူဖြစ်မလဲ။ ဘာဖြစ်လို့လည်း..။

၃။ နောက်ခံသမိုင်း

ပြီးခဲ့သောအပတ်က သင်္ဘောကြီးဘယ်လိုတည်ဆောက်ရမလည်းဆိုတာကို ဘုရားက နောဧထံသို့ စကားမိန့်မှာခြင်းအကြောင်း သင်ကြားခဲ့ပြီးဖြစ်သည်။

အခုတစ်ခါ ဘုရားက နောဧကို သင်္ဘောပေါ်သို့ တိရစ္ဆာန်ဘယ်နှစ်ကောင်၊ မည်သည့်အစုံလိုက် သယ်ဆောင်ရမည့်အကြောင်း မိန့်မှာခြင်းအကြောင်းဖြစ်သည်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

နောဧဟာ ဘုရားသခင်မိန်မှာချက် အားလုံးကိုပြုလုပ်ခဲ့တယ်။ ရေလွှမ်းမိုးမှု စတင်ချိန်မှာ နောဧက အသက်ခြောက်ရာ ရှိပြီဖြစ်တယ်။

သူနဲ့မိန်းမ၊ သားများ၊ ချွေးမအားလုံးဟာ ရေလွှမ်းခြင်းမှလွတ်ကင်းရန် သင်္ဘောထဲသို့ဝင်ကြတယ်။ စင်ကြယ်သော မစင်ကြယ်သော သားကောင်များ၊ ငှက်များ နှင့် မြေပေါ်မှာတွားတက်သောတိရစ္ဆာန် အထီး၊ အမတို့လည်း နောဧထံရောက်လာကြတယ်။

တိရစ္ဆာန်အထီး အမ အစုံတို့လည်း ဘုရားသခင်မိန့်မှာချက်အတိုင်း သင်္ဘောထဲသို့ဝင်ကြတယ်။ နောက် (၇)ရက်အကြာမှာ ရေလွှမ်းမိုးခြင်းစတင်ခဲ့တယ်။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
အဖွဲ့လိုက်ပိုစတာပြုလုပ်ခြင်း- ပုံပြင်ပိုစတာများကို ကလေးများနှင့်တတူပြုလုပ်ရန်၊ လိုအပ်သည်အရာများကို ပြင်ဆင်ကာ ပုံပြင်ပိုစတာပြုလုပ်ပါ။ ပိုစတာပြုလုပ်ရာတွင် ကလေးများကိုယ်တိုင် ပုံပြင်ပြန်ပြောပြီး ရေးဆွဲကာ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ချက်များ

- ပုံပြင်ထဲမှ သင်နှစ်သက်တဲ့အရာက ဘာလဲ။
- ပုံပြင်ထဲက လူတွေရဲ့ရွေးချယ်မှုကဘာလဲ။ သူတို့ဘာတွေလုပ်ခဲ့သလည်း။ သူတို့ရဲ့ရွေးချယ်မှုက ဘာဖြစ်စေလဲ။
- သင်ဟာပုံပြင်ကို နားထောင်နေချိန်၊ တွေ့မြင်ချိန်၊ ခံစားမှုတွေက ပုံပြင်ပြောနေချိန်မှာ ဘယ်လိုစိတ်ခံစားချက်ဖြစ်ခဲ့သလဲ။။
- တကယ်လို့သင်ဟာ နောရေဲ့ ကလေးတစ်ဦးဖြစ်ခဲ့ရင် ဖြစ်ပျက်တဲ့အရာတွေအပေါ် ဘယ်လိုတုန့်ပြန်မလဲ။
- ယနေ့သင်ကြားခဲ့တဲ့အရာထဲမှာ ဘုရားသခင်က ______________________________
- ဘုရား အလိုတော်လိုက်လျှောက်မယ်ဆိုရင်၊ သင်ကလိုအပ်လိမ့်မယ် ________________________

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ပုံပြင်အားဖြင့် ဘုရားသခင်ကို ချစ်ခြင်းနှင့်အလိုတော်လိုက်လျှောက်ခြင်းဖြင့် မည်သည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သလဲ။
- ပုံပြင်ထဲကလို ဘုရားက ဘယ်လိုသင့်ကို အလိုရှိသလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကျေးဇူးတင်ပါတယ် ၊ ကျွန်ုပ်တို့အားလုံးကို ဂရုစိုက်တဲ့အတွက်..။ ကိုယ်တော်ကြီးမြတ်ခြင်းအကြောင်းကို ကလေးတစ်ဦးချင်းစီတိုင်း နားလည်မြင်တွေ့နိုင်ရန် ကောင်းကြီးပေးတော်မူပါ..။

# နောဧ ႏ လုပပြည့်စုံသော ဂတိတော် (၁)
# ကမ္ဘာဦး ၉း၈-၁၅

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

သင်၏ အနှစ်သက်ဆုံးသော အရောင်က ဘာအရောင်လဲ..။ ဘာကြောင့်လဲ..။

၃။ နောက်ခံသမိုင်း

မြေကြီးပေါ်မှာရေခြောက်သွေ့ချိန်ထိ သင်္ဘောပေါ်တွင်နေထိုင်ခဲ့ပြီး ဘုရားသခင်က နောဧ မိသားစုနှင့် တိရစ္ဆာန်အပေါင်းတို့ကို သင်္ဘောပေါ်မှထွက်ဆင်းရန် စကားပြောခဲ့သည်။

ယခု ဘုရားသခင်ပြုလုပ်ပေးမယ့် ဂတိတော်ကို နားထောင်ကြရအောင်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ဘုရားသခင်က နောဧနှင့် သူ၏သားတို့ကို မိန့်တော်မူသည်ကား “ သင်တို့နှင့်၎င်း၊ နောက်ဖြစ်လတံ့သော အမျိုးနှင့်၎င်း၊ သင်တို့ထံမှာ အသက်ရှင်သောတိရစ္ဆာန်တည်းဟူသော ငှက်၊ သားယဉ်၊ သားရဲရှိသမျှ သင်္ဘောထဲက ထွက်ဆင်းသမျှမှစ၍၊ မြေတိရစ္ဆာန်အပေါင်းတို့နှင့်၎င်း၊ ငါသည်ကိုယ်တိုင် ပဋိညာဉ်ပြု၏။ သင်တို့နှင့် ငါပြုသော ပဋိညာဉ် ဟူမူကား ရေလွှမ်းမိုးခြင်းအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တဖန် မဆုံးရကြ။ မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန် ရေလွှမ်းမိုးခြင်းမရှိရ။

ဘုရားသခင်က ငါ၏သက်တံကို မိုဃ်းတိမ်၌ ငါထား၏။ ထိုသက်တံသည် မြေကြီးနှင့် ငါပြုသော ပဋိညာဉ်၏ သက်သေဖြစ်လိမ့်မည်။ ”

“ ငါသည် မိုဃ်းကို အုံ့စေသောအခါ ၊ မိုဃ်းတိမ်၌ သက်တံသည် ထင်ရှားလိမ့်မည်။ ငါ၏ပဋိညာဉ်ကို ငါအောက်မေ့သဖြင့် ခပ်သိမ်းသော သတ္တဝါတို့ကို ဖျက်ဆီးခြင်းငှာ နောက်တဖန် ရေလွှမ်းမိုးခြင်းမရှိရ။ ”

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။

ကြိုးဂိမ်းကစားခြင်း : ၁၅လက်မကြိုးတစ်ကြိုးဖြင့်ချည်စေပြီး စက်ဝိုင်းပုံစံပြုလုပ်ကာ ကလေးများကို ကြိုးကိုင် ထားခိုင်းပါ။ ပြီးလျှင်ကြိုးကိုင်လျှက်လှုပ်ရှားမှုပြုလုပ်စေပါ။ ဦးဆောင်သူ “ ရပ်” ဟုပြော သောအချိန်တွင်ကြိုးထုံးထားသောနေရာနှင့် အနီးဆုံးရှိသောကလေးကို ပုံပြင်အပိုင်း လိုက် ပြောဆိုခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲမှ မတူညီသော ဇတ်ကောင်တွေက ဘယ်သူတွေလဲ။
- ပုံပြင်ပြောနေချိန် သင်ဘာတွေမြင်တွေ့သလဲ။ သင်သာအဲ့ဒီနေရာမှဆိုရင်ဆိုတဲ့ သင့်ရဲ့စိတ်ကူးမျိုး ပေါ်လာသလား..။
- ပုံပြင်နှင့်ပတ်သက်ပြီး သင်ဘာကိုနှစ်သက်သလဲ။
- ဒီပုံပြင်ကို ဘုရားက ဘာကြောင့် ကျမ်းစာထဲမှာ ရေးသားခဲ့တာလဲ။
- ကောင်းကင်ပေါ်က သက်တံကိုမြင်တွေ့တဲ့အချိန် သင့်ရဲ့ထင်မြင်မှုကိုဖော်ပြပါ။
- ဘုရားသခင်ရဲ့ ဂတိတော်များကို သင်သိပါသလား..။ ဘယ်ဂတိတော်က သင့်အတွက် အရေးကြီးတဲ့ အရာလည်း။
- ဘုရားသခင်အကြောင်း စဉ်းစားချိန်မှာ သင်ဘာစဉ်းစား ၊ ခံစားချက်မျိုးရှိသလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့သင်ကြားရသော ပုံပြင်မှာ ဘုရားက သင့်ကို ဘာစကားပြောနေသလဲ။
- ယနေ့ပုံပြင်အားဖြင့် ဘုရားသခင်ကို ချစ်ခြင်းနှင့် အလိုတော်လိုက်လျှောက်ခြင်းဖြင့် မည်သည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သလဲ...။
- ဘုရားသခင် ၊ ယနေ့ပုံပြင်ကြားရပြီးနောက် ကိုယ်တော့်ကို ပြောချင်သောအရာ……………………..။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖ ကိုယ်တော်ပေးခဲ့တဲ့ ဂတိတော်တွေကို ရေတွက် အသက်ရှင်ပါ့မယ်။ ကိုယ်တော်ရဲ့ ဂတိတော် ကောင်းကြီးပေးတော်မူပါ။

# နောဧ ႏ လှပပြည့်စုံသော ဂတိတော် (၂)
# ကမ္ဘာဦး ၉း၈-၁၅

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

ကောင်းကင်ပေါ်မှ သက်တံကို မြင်တွေ့တဲ့အချိန်မှာ မင်တို့ဘာလုပ်မလဲ..။

၃။ နောက်ခံသမိုင်း

မြေကြီးပေါ်မှာ ရေခြောက်သွေ့ချိန်ထိ သင်္ဘောပေါ်တွင် နေထိုင်ခဲ့ပြီး ဘုရားသခင်က နောဧ မိသားစု နှင့် တိရစ္ဆာန် အပေါင်းတို့ကို သင်္ဘောပေါ်မှထွက်ဆင်းရန် စကားပြောခဲ့သည်။

ယခု ဘုရားသခင်ပြုလုပ်ပေးမယ့် ဂတိတော်ကို နားထောင်ကြရအောင်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ဘုရားသခင်က နောဧနှင့် သူ၏သားတို့ကို မိန့်တော်မူသည်ကား “ သင်တို့နှင့်၎င်း၊ နောက်ဖြစ်လတံ့သော အမျိုးနှင့်၎င်း၊ သင်တို့ထံမှာ အသက်ရှင်သောတိရစ္ဆာန်တည်းဟူသော ငှက်၊ သားယဉ်၊ သားရဲရှိသမျှ သင်္ဘောထဲက ထွက်ဆင်းသမျှမှစ၍၊ မြေတိရစ္ဆာန်အပေါင်းတို့နှင့်၎င်း၊ ငါသည်ကိုယ်တိုင် ပဋိညာဉ်ပြု၏။ သင်တို့နှင့် ငါပြုသော ပဋိညာဉ် ဟူမူကား ရေလွှမ်းမိုးခြင်းအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တဖန် မဆုံးရကြ။ မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန် ရေလွှမ်းမိုးခြင်းမရှိရ။

ဘုရားသခင်က ငါ၏သက်တံကို မိုဃ်းတိမ်၌ ငါထား၏။ ထိုသက်တံသည် မြေကြီးနှင့် ငါပြုသော ပဋိညာဉ်၏ သက်သေဖြစ်လိမ့်မည်။ ”

“ ငါသည် မိုဃ်းကို အုံ့စေသောအခါ ၊ မိုဃ်းတိမ်၌ သက်တံသည် ထင်ရှားလိမ့်မည်။ ငါ၏ပဋိညာဉ်ကို ငါအောက်မေ့သဖြင့် ခပ်သိမ်းသော သတ္တဝါတို့ကို ဖျက်ဆီးခြင်းငှာ နောက်တဖန် ရေလွှမ်းမိုးခြင်းမရှိရ။ ”

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။

တန်းစီခြင်း -- ကလေးများကိုအရပ်အလိုက်၊ အသက်အလိုက်၊ မွေးနေ့အလိုက်(သို့)နာမည် အက္ခရာအလိုက် တန်းစီစေပါ။ ပထမဆုံးကလေးကို ပုံပြင်၏ဖြစ်ပျက်မှုအစကို ပြောခိုင်းပြီး အစဉ်အလိုက် ပုံပြင်ပြီးဆုံးသည်အထိ ပုံပြန်ပြောခြင်း ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ကြားရသောပုံပြင်မှာသင့်အကြိုက်ဆုံးအပိုင်း(ပိုဒ်)ကဘာလဲ..။
- ပုံပြင်ထဲကဇတ်ကောင်တွေအားဖြင့် ဘုရားသခင် သင့်ကို သင်ကြား(သို့)ပြသသောအရာကဘာလဲ။
- ဘုရားနှစ်သက်သောအရာများထဲက ဘာကိုသင်ယူရသလဲ..။
- ပုံပြင်ထဲမှ နောဧရဲ့နှလုံးသားနဲ့စိတ်သဘောကို ဘယ်လိုမြင်သလည်း။ သူဘယ်လိုစဉ်းစားမယ်လို့ သင်ထင်သလဲ။ သူ့ရဲ့ခံစားချက်က ဘာလ..။
- ဘုရားအတွက် အမှန်တကယ် အရေးကြီးတယ်လို့ သင်ခံစားရသလား။ နောဧမိသားစုအတွက်ရော..။
- ဘုရားက သက်တံကိုကောင်းကင်ပေါ်မှာ ပြုလုပ်ထားရခြင်းကို သင်ဘယ်လို ထင်မြင်ယူဆသလ..။
- ဘုရားက ဘယ်တော့မှ သူ့ရဲ့ဂတိတော်ကို မဖျက်ဘူး။ အဲ့ဒီအရာက သင့်ကိုဘယ်လိုခံစားမှုရစေလ။ သင့်ကိုပျော်ရွှင်စေတဲ့ ဘုရားရဲ့ မပျက်စီးတဲ့ ဂတိတော်က ဘာတွေလဲ..။

၇။ ကိုယ်ပိုင်တုန့်ပြန်မှု မေးခွန်းများ

- ယနေ့ဘုရားသခင်ကို သင်ဘယ်လိုတုန့်ပြန်မလဲ..။
- ယခု အပတ်ထဲ သင်ဘယ်သူ့ကို ပုံပြင်အကြောင်း ဝေငှမလဲ..။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

သက်တံကိုတွေ့မြင်တဲ့အချိန်တိုင်း ကိုယ်တော့်အကြောင်းနှင့် ဂတိတော်များကို စဉ်းစားတက်ဖို့ ကူညီမစပါ။

# ဗာဗုလုံရဲတိုက် ။
## ဘာသာစကား ရှုပ်ထွေးခြင်းနှင့် လူမျိုးစုခွဲသွားခြင်း (၁)
## ကမ္ဘာဦး ၁၁ ။ ၁-၉

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

သင်တို့ ကြီးမားတဲ့အရာ တည်ဆောက်ဖူးခဲ့တဲ့ အချိန်ကိုပြောပါ (သို့) တစ်ခြားသူနဲ့ တည်ဆောက်ဖူးခဲ့ အချိန်ကိုပြောပါ။

၃။ နောက်ခံသမိုင်း

ကမ္ဘာဦးကျမ်း ၉း၁ အရ နောဧ သင်္ဘောထဲက ထွက်လာပြီးနောက် ဘုရားက များပြားစွာမွေးဖွားပြီး မြေကြီးကို ပြည့်စေကြလော့ဟု မိန့်မှာခဲ့တယ်၊ ဒါက ကမ္ဘာတစ်ဝှမ်းလုံး ပြန့်သွားစေဖို့ဖြစ်တယ်။ လူတွေနာခံမှု မရှိကြတဲ့အချိန်မှာ ဘာတွေဖြစ်သလည်း နားထောင်ကြပါ။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ကမ္ဘာဦး ၁၁း၁-၉ … မြေကြီးသားအပေါင်းတို့သည် ဘာသာတမျိုးတည်း၊ စကားတမျိုးတည်း ရှိကြသည် ဖြစ်၍ အရှေ့မျက်နာမှ ခရီးသွားသဖြင့်၊ ရှိနာပြည်၌ မြေညီရာအရပ်ကိုတွေ့၍ နေရာချကြ၏။ သူတို့ကလည်း လာကြ၊ အုတ်လုပ်၍ ခိုင်မာစွာဖုတ်ကြကုန်အံ့ဟု၊ တယောက်ကိုတယောက်ပြောကြ၏။ ထိုသို့ကျောက်အရာ၌ အုတ်ကိုင်၄င်း၊ သရွက်အရာ၌ ရေညှိတမျိုးကို၄င်း ရပြီးလျှင်၊ လာကြ မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားမည်ကို စိုးရိမ်၍ မြို့ကို၄င်း၊ မိုဃ်းကောင်းကင်သို့မှီရသော ရဲတိုက်ကို၄င်း တည်လုပ်သဖြင့်၊ ကျော်စောကိတ္တိ ရှိစေခြင်းငှာ ပြုကြကုန်အံ့ဟု ပြောဆိုကြ၏။ ထိုသို့လူသားတို့ တည်လုပ်သော မြို့နှင့်ရဲတိုက်ကို ကြည့်ရှုခြင်းငှာ ထာဝရဘုရားသည် ဆင်းသက်တော်မူ၏။ ထာဝရဘုရားက ကြည့်ရှုလော့။ လူတမျိုးတည်း စကားတမျိုးတည်း ရှိသည်ဖြစ်၍ သူတို့သည် ဤအမှုကို အဦးပြုကြ၏။ ယခုကြံစည်သမျှတို့ကို အဆီးအတားမရှိ၊ သူတို့ပြုကြလိမ့်မည်။ လာကြ။ ဆင်းသက်ကြကုန်အံ့။ သူတို့သည် အချင်းချင်း နားမလည်စေခြင်းငှာ၊ သူတို့ စကားကို ရှုတ်ထွေးကြကုန်အံ့ဟု မိန့်တော်မူ၏။ ထိုသို့ထာဝရဘုရားသည် သူတို့ကိုမြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားစေတော်မူသဖြင့်၊ သူတို့သည် မြို့ကိုမတည်ဘဲ နေကြ၏။ သို့ဖြစ် ၍ ထိုမြို့၌ ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့၏ စကားကိုရှုတ်ထွေး၍ သူတို့ကိုမြေကြီး တပြင်လုံး၌ အရပ်ရပ်ကွဲပြား စေတော်မူ သောကြောင့် ထိုမြို့သည် ဗာဗုလုပ်မြို့ဟူ ၍ တွင်သတည်း။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
အရာဝတ္ထုများ -- အဖွဲ့တစ်ဖွဲ့ကို ပစ္စည်း (၃) ခုစီပေးပါ။ မတူညီတဲ့ ပစ္စည်းများ အသုံးပြုပြီး ပုံပြင်ပြန်ပြောခိုင်းပါ။ တစ်ခြား ပစ္စည်းများ သုံးနိုင်သလို အနည်းဆုံး (၃)ခု အသုံးပြုခိုင်းပါ။

၆။မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲက သင်အကြိုက်ဆုံးကဘာလဲ။
- ပုံပြင်ကိုနားထောင်ပြောပြနေချိန် သင်ဘာတွေတွေးတောမိသလဲ။ အဲ့အရာတွေရဲ့ခံစားချက်က ဘယ်လိုလဲ။
- သင်သာပုံပြင်ထဲကအတိုင်း ဖြစ်ပျက်ခဲ့ဖူးတယ်လို့ စဉ်းစားမိသလဲ။ သင့်ရဲ့ခံစားချက်ကဘာလဲ။
- ဘုရားသခင်အတွက်အမှန်တကယ် အရေးကြီးတယ်လို့ ခံစားရသလား။
- ဘုရားက ငါတို့ကိုဘယ်လိုကူညီပေးနေတယ်လို့သင်ထင်ပါသလဲ။ ယနေ့ဘယ်အရာမှာ ဘုရားရဲ့ကူညီပေးမှုလိုအပ်မလဲ။
- ဘုရားကိုဆန့်ကျင်တဲ့အရာတွေကို လူတွေကပြုလုပ်တယ်။ သင်လည်း ဘုရားကိုဆန့်ကျင်တဲ့အရာတစ်စုံတစ်ခု ပြုလုပ်ခဲ့တဲ့ခံစားချက်ကဘာလဲ။ အဲ့ဒီအရာတွေအပေါ် ဘုရားသခင်အလိုရှိတဲ့ အရာက ဘာလဲ။
- ပုံပြင်အားဖြင့် ဘုရားသခင်ရဲ့ အကြောင်းကဘာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မေးခွန်းများ

- ယနေ့သင်ကြားရတဲ့ ပုံပြင်ထဲမှ ဘုရားက သင့်ကို ဘာပြောနေသလည်း လို့ထင်ပါသလဲ။
- ဒီတစ်ပတ်ထဲ ဘုရားသခင်ကို သင်ဘယ်လိုတုန့်ပြန်မလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကိုယ်တော့်ကို လေးစားတက်ဖို့နှင့် အလိုတော်လိုက်လျှောက်နိုင်ဖို့ ဆုတောင်းပါတယ်။ ကလေးတစ်ဦးချင်းရဲ့ နှလုံးသားထဲမှာ ကိုယ်တော့်ကို လေးစားတက်ဖို့ ကောင်းကြီးပေးပါ။

# ဗာဗုလုံရဲတိုက် ၊
# ဘာသာစကား ရှုပ်ထွေးခြင်းနှင့် လူမျိုးစုခွဲသွားခြင်း (၂)
# ကမ္ဘာဦး ၁၁ ၊ ၁-၉

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

ကလေးများ တန်းစီခိုင်းပါ။ ပထမဦးဆုံး သူကို တိုးတိုးလေး စာတစ်ကြောင်းပြောပြပါ။ နောက်ပြီးတစ်ယောက်ပြီးတစ်ယောက်စီဆက်ဆက်တိုးတိုးပြောခိုင်းပြီး နောက်ဆုံးတစ်ယောက်ကို ကြားသောအရာ ပြန်ပြောခိုင်းပြီး၊ အစက ပြောပြခဲ့သော စာကြောင်းနှင့် မည်မျှကွဲပြားသည်ကို တွေ့မြင်ခိုင်းပါ။

၃။ နောက်ခံသမိုင်း

ဘုရား ဘယ်အရာဟာ ငါတို့အတွက် အကောင်းဆုံးလည်းဆိုတာသိတယ်။ ဘုရားက သူ့ကိုချစ်ဖို့ အလိုတော်နာခံဖို့ သူအလိုရှိတယ်။ ငါတို့ဘာဘဲလုပ်လုပ် ကျေနပ်ရောင့်ရဲတက်ဖို့လိုတယ်။

နောဟော ဘုရားလုပ်ခိုင်းသော အရာကိုလုပ်ဖို့ ဆုံးဖြတ်ချက်ချပြီးလုပ်သလို အဲ့နောက်ပိုင်း လူသားတွေရဲ့ ဘုရားမကြိုက်မလုပ်ခိုင်းစေချင်သောအရာတွေ ပြုလုပ်ခြင်းဖြင့် ဘာဆက်ဖြစ်ခဲ့သလည်း ကြည့်ကြရအောင်..။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ကမ္ဘာဦး ၁၁း၁-၉ … မြေကြီးသားအပေါင်းတို့သည် ဘာသာတမျိုးတည်း၊ စကားတမျိုးတည်း ရှိကြသည် ဖြစ်၍ အရှေ့မျက်နာမှ ခရီးသွားသဖြင့်၊ ရှိနာပြည်၌ မြေညီရာအရပ်ကိုတွေ့၍ နေရာချကြ၏။ သူတို့ကလည်း လာကြ၊ အုတ်လုပ်၍ ခိုင်မာစွာဖုတ်ကြကုန်အံ့ဟု၊ တယောက်ကိုတယောက်ပြောကြ၏။ ထိုသို့ကျောက်အရာ၌ အုတ်ကိုင်၄င်း၊ သရွက်အရာ၌ ရေညှိတမျိုးကို၄င်း ရပြီးလျှင်၊ လာကြ မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားမည်ကို စိုးရိမ်၍ မြို့ကို၄င်း၊ မိုဃ်းကောင်းကင်သို့မှီရသော ရဲတိုက်ကို၄င်း တည်လုပ်သဖြင့်၊ ကျော်စောကီတ္တိ ရှိစေခြင်းငှာ ပြုကြကုန်အံ့ဟု ပြောဆိုကြ၏။ ထိုသို့လူသားတို့ တည်လုပ်သော မြို့နှင့်ရဲတိုက်ကို ကြည့်ရှုခြင်းငှာ ထာဝရဘုရားသည် ဆင်းသက်တော်မူ၏။ ထာဝရဘုရားက ကြည့်ရှုလော့။ လူတမျိုးတည်း စကားတမျိုးတည်း ရှိသည်ဖြစ်၍ သူတို့သည် ဤအမှုကို အဦးပြုကြ၏။ ယခုကြံစည်သမျှတို့ကို အဆီးအတားမရှိ၊ သူတို့ပြုကြလိမ့်မည်။ လာကြ။ ဆင်းသက်ကြကုန်အံ့။ သူတို့သည် အချင်းချင်း နားမလည်စေခြင်းငှာ၊ သူတို့ စကားကို ရှုတ်ထွေးကြကုန်အံ့ဟု မိန့်တော်မူ၏။ ထိုသို့ထာဝရဘုရားသည် သူတို့ကိုမြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားစေတော်မူသဖြင့်၊ သူတို့သည် မြို့ကိုမတည်ဘဲ နေကြ၏။ သို့ဖြစ် ၍ ထိုမြို့၌ ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့၏ စကားကိုရှုတ်ထွေး၍ သူတို့ကိုမြေကြီး တပြင်လုံး၌ အရပ်ရပ်ကွဲပြား စေတော်မူ သောကြောင့် ထိုမြို့သည် ဗာဗုလုပ်မြို့ဟူ ၍ တွင်သတည်း။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
လက်လှုပ်ရှားမှုများ -- ကျမ်းစာပုံပြင်ကို အဖွဲ့လိုက်ဖြင့် လက်လှုပ်ရှားမှုပြုလုပ်ကာ ပြန်ပြောခိုင်းခြင်းဖြင့် ပုံပြင်ကိုမှတ်သားရန်ကူညီပေးလိမ့်မည်။ပုံပြင်ပြန်ပြောပြီးဆုံးသည်အထိ လက်လှုပ်ရှားမှုများကိုပြုလုပ်ပြန်ပြောခိုင်းပါ

၆။ မေးခွန်းရှာဖွေ တွေ့ရှိချက်များ

- ပုံပြင်နဲ့ပတ်သက်ပြီး သင်နှစ်သက်တဲ့အရာကဘာလဲ။
- လူသားတွေရဲ့ ရွေးချင်မှုကဘာလဲ။ သူတို့ဘာတွေလုပ်ခဲ့သလဲ။ သူတို့ရွေးချယ်ခြင်းကြောင့် ဘာဖြစ်ခဲ့သလဲ။
- ပြီးခဲ့တဲ့ပုံပြင်မှာလည်း အကြောင်းအရာတူတာကြားခဲ့ကြလား..။ ပုံပြင်နားထောင်နေချိန်မှာ ဘာစဉ်းစားမိလဲ။ ခံစားချက်ကဘာတွေလဲ။
- ပုံပြင်နားထောင်နေချိန်မှာ ဘာကသင့်ကိုအံ့သြစေခဲ့သလဲ။
- ဘုရားက သူ့ကိုနာခံခြင်းကြောင့် ဘယ်လို ပုံစံမျိုးသင့်ကိုကောင်းကြီးပေးမယ်လို့ ထင်လဲ။
- ပုံပြင်ထဲမှ သင့်အတွက် လေ့လာသင်ယူရတဲ့ အချက်ကဘာလည်း..။ ဘာအကြောင်းအရာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- တကယ်လို့ ကျွန်ုပ်ဟာ ဘုရားကို တစ်စုံတစ်ခုပြောလို့ရမယ်ဆိုရင် ကျွန်ုပ်အနေ နဲ့ဘုရားကို ပြောချင်တဲ့အရာက ……………………………………………………..။
- ဘုရားသခင်ရဲ့နောက်လိုက်ဖို့ရန် ဘာတွေသင်ယူနာခံရမည်လဲ။
- ပုံပြင်အကြောင်းအရာကို သင်ဘယ်သူ့ကိုပြန်ဝေမျှမှာလဲ..။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကျွန်ုပ်တို့အသက်တာမှာ ကိုယ်တော့်ကို နံပါတ် (၁) ထားတက်ဖို့ မစပါ။ နူးညံ့သော နှလုံးသားဖြစ်ဖို့ အယောက်ချင်းစီတိုင်းကို ကောင်းကြီးပေးပါ။

# မောရှေ ပုခက်ထဲရှိကလေးငယ် (၁)
# ထွက် ၂း၁-၁၀

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

သင်တို့အတွက်အမှန်တကယ်အရေးကြီးသောအရာကဘာလဲ...။

၃။ နောက်ခံသမိုင်း

ဘုရာသခင်ရဲ့ လူမျိုးတွေဟာ အဲဂုတ္တုပြည် (အီဂျစ်) သို့ ပြောင်းရွှေ့ခဲ့ကြတယ်။ အဲဂုတ္တုဘုရင်ဟာ တစ်ပြည်လုံးပြည့်နေကြတဲ့ ဘုရားရဲ့ လူမျိုးတွေရဲ့ အင်အားကြီးလာပြီး နိုင်ငံအုပ်ချုပ်ခံရမှာ စိုးရိမ်စိတ်ဖြစ်လာတယ်။ ဒါ့ကြောင့် ဘုရင်ဟာ ဘွားမြင်သော သူငယ်ယောကျ်ားအားလုံးကို သတ်ဖို့မိန့်မှာခဲ့တယ်။

ဒါပေမယ့် အမိန့်ကို နာမခံတဲ့ မိသားစုတစ်စုရှိခဲ့တယ်။ သေချာနားထောင်နော်..။

၄။ ပုံပြင်ပြောခြင်း

ထွက် ၂း၁-၁၀... ထိုကာလ၌ လေဝိအမျိုးသားတယောက်သည် လေဝိအမျိုးသမီးနှင့်အိမ်ထောင်ပြု ၍ မိန်းမသည် ပဋိသန္ဓေယူသဖြင့် သားယောကျ်ားကိုဖွားမြင်လေ၏။ ထိုသားသည် အဆင်းလှကြောင်းကို အမိမြင်လျှင် သုံးလပတ်လုံး ဖွတ်ထားလေ၏။ နောက်တဖန် ဖွက် ၍မထားနိုင်သောအခါ ဂမာကိုင်းဖြင့် ရက်သော ပုခက်ကိုယူ ၍ ရေညှိနှင့်သစ်စေးဖြင့် လူးပြီးလျှင် ပုခက်ထဲတွင် သူငယ်ကိုထည့် ၍ မြစ်ကမ်းနား ကိုင်းတော၌ ထားလေ၏။ သူငယ်အစ်မလည်း အဘယ်သို့ဖြစ်မည်ကို သိမြင်ခြင်းငှာ အဝေး၌ ရပ်နေလေ၏။ ဖာရောဘုရင်၏သမီးတော်သည် ရေချိုးခြင်းငှာ ဆင်းလာ ၍ ကျွန်မတို့နှင့် မြစ်ကမ်းနား၌ လှည့်လည်စဉ် ကိုင်းတော၌ ပုခက်ကိုမြင်၍ ဆောင်ယူစေခြင်းငှာ ကျွန်မတယောက်ကို စေလွှတ်လေ၏။ ပုခက်ဖုံးကိုဖွင့်သောအခါ ငိုလျက်နေသော သူငယ်ကိုမြင်၍ သနားသော စိတ်ရှိလျှင် ဤသူငယ်သည် ဟေဗြဲအမျိုး ဖြစ်လိမ့်မည်ဟု ဆိုပြီးသော် သူငယ်၏အစ်မက ကိုယ်တော်အတွက် သူငယ်ကိုထိန်းရသော ဟေဗြဲအထိန်းကို ကျွန်မသွား ၍ ခေါ်ရပါမည်လော ဟု ဖာရောဘုရင်၏ သမီးတော်အား မေးလျှောက် ၍ မင်းသမီးက သွားလော့ဟု အခွင့်ပေးလျှင် မိန်းမငယ်သွား ၍ သူငယ်၏အမိကိုခေါ်လေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ပုံပြင်စာအုပ်များ -- ပုံပြင်ကိုရုပ်ပုံ (သို့) စာလုံးအသုံးပြု၍ ပုံပြင်စာအုပ်ပုံစံပြုလုပ်၍ ပြန်ပြောခိုင်းပါ။ ကလေးများရဲ့ ဖြည့်စွက် ဖန်တီးပြောဆိုမှုက ဘယ်လိုရှိသလည်း သိမြင်နိုင်သည်။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှ သင်အနှစ်က်ဆုံးအရာကဘာလဲ။
- ပုံပြင်ထဲက ကွဲပြားသရုပ်ဆောင်သူတွေက ဘယ်သူတွေလဲ။
- ပုံပြင်ထဲကသရုပ်ဆောင်သူများအားဖြင့် ဘုရားကသင့်ကို သွန်သင်(သို့)မြင်တွေ့ စေတဲ့အရာကဘာလဲ။
- ပုံပြင်နားထောင်စဉ်မှာ သင့်ရဲ့စိတ်ကူးက ဘာလဲ။ ဘာကိုကြားရ(သို့)မြင်တွေ့ရသလဲ။
- သင်ဟာ မောရှေရဲ့ မိခင်ဖြစ်ခဲ့လျှင် ဘယ်လိုခံစားမှုဖြစ်ပေါ်လာမှာလဲ။
- ပုံပြင်ထဲမှ သင့်ကို အံ့သြ(သို့)ထူးဆန်းစေခဲ့တာက ဘာလဲ။
- ဘုရာသခင်က ခက်ခဲတဲ့အရာတွေ ကြုံနေရချိန်မှာလည်း ကောင်းသောအရာအတွက် နည်းလမ်းအမြဲတွေ့ ရှိပေးတယ်။
- သင့်ရဲ့အသက်တာမှာလည်း ဘုရားသခင်ရဲ့ ပြုလုပ်ပေးခဲ့သောအရာ လိုအပ်မှုများရှိခဲ့သလား..။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားခဲ့ရတဲ့ ပုံပြင်ထဲမှ သင့်ကိုဘုရားက အထူးပြောနေတဲ့အရာတွေရှိလား..။
- ပုံပြင်ထဲကအတိုင်း ဘုရားက သင့်ကို ဘယ်လိုပါဝင်လုပ်ဆောင်စေချင်သလဲ..။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကျွန်ုပ်တို့ အသက်တာအတွက် အကောင်းဆုံးအရာတွေ ပြင်ဆင်ပေးမယ်လို့ ယုံကြည်ပါတယ်။ ကိုယ်တော့်ရဲ့ မစကွယ်ကာခြင်း ကောင်းကြီးပေးတော်မူပါ။

# မောရှေး ပုခက်ထဲရှိကလေးငယ် (၂)
# ထွက် ၂း၁-၁၀

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

တစ်စုံတစ်ယောက်ကို သင်ဘယ်လိုကူညီပေးနိုင်ခဲ့ဖူးသလဲ။

၃။ နောက်ခံသမိုင်း

အဲဂုတ္တုဘုရင်ဟာ ဘုရားရဲ့အမျိုးများ အင်အားကြီးပြီး နိုင်ငံသိမ်းပိုက်ခံရမှာ စိုးရိမ်လို့ ဖွားမြင်သော သူငယ်ယောက်ျားအားလုံးကို သတ်ဖို့အမိန့်ထုတ်ခဲ့တယ်။ ဒါပေမယ့် လူတစ်ချို့တ ဘုရင်ရဲ့ အမိန့်နာခံခြင်းထက် ဘုရားကိုပိုမိုကြောက်ရွံ့လို့ ဘုရင့်အမိန့် မနာခံသူတစ်ချို့ရှိခဲ့တယ်။

သူငယ်တစ်ယောက်ဟ အသက်ဘေးကလွတ်မြောက်ခဲ့ပြီး ဘုရားသခင်ရဲ့ ကြီးမားသော အစိတ်အပိုင်း တစ်ခုဖြစ်လာတယ်။

၄။ ပုံပြင်ပြောခြင်း

ထွက် ၂း၁-၁၀... ထိုကာလ၌ လေဝိအမျိုးသားတယောက်သည် လေဝိအမျိုးသမီးနှင့်အိမ်ထောင်ပြု ၍ မိန်းမသည် ပဋိသန္ဓေယူသဖြင့် သားယောကျာ်းကိုဖွားမြင်လေ၏။ ထိုသားသည် အဆင်းလှကြောင်းကို အမိမြင်လျှင် သုံးလပတ်လုံး ဖွတ်ထားလေ၏။ နောက်တဖန် ဖွက် ၍မထားနိုင်သောအခါ ဂမာကိုင်းဖြင် ရက်သော ပုခက်ကိုယူ ၍ ရေညှိနှင့်သစ်စေးဖြင့် လူးပြီးလျှင် ပုခက်ထဲတွင် သူငယ်ကိုထည့် ၍ မြစ်ကမ်းနား ကိုင်းတော၌ ထားလေ၏။ သူငယ်အစ်မလည်း အဘယ်သို့ဖြစ်မည်ကို သိမြင်ခြင်းငှာ အဝေး၌ ရပ်နေလေ၏။ ဖာရောဘုရင်၏သမီးတော်သည် ရေချိုးခြင်းငှာ ဆင်းလာ ၍ ကျွန်မတို့နှင့် မြစ်ကမ်းနား၌ လှည့်လည်စဉ် ကိုင်းတော၌ ပုခက်ကိုမြင်၍ ဆောင်ယူစေခြင်းငှာ ကျွန်မတယောက်ကို စေလွှတ်လေ၏။ ပုခက်ဖုံးကိုဖွင့်သောအခါ ငိုလျက်နေသော သူငယ်ကိုမြင်၍ သနားသော စိတ်ရှိလျှင် ဤသူငယ်သည် ဟေဗြဲအမျိုး ဖြစ်လိမ့်မည်ဟု ဆိုပြီးသော် သူငယ်၏အစ်မက ကိုယ်တော်အတွက် သူငယ်ကိုထိန်းရသော ဟေဗြဲအထိန်းကို ကျွန်မသွား ၍ ခေါ်ရပါမည်လော ဟု ဖာရောဘုရင်၏ သမီးတော်အား မေးလျှောက် ၍ မင်းသမီးက သွားလော့ဟု အခွင့်ပေးလျှင် မိန်းမငယ်သွား ၍ သူငယ်၏အမိကိုခေါ်လေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ခေါ်ထုတ်လုပ်ဆောင်ခြင်း -- ကလေးများတစ်ချို့ကိုခေါ်ထုတ်ပြီး ပုံပြင်ပြောရင်း ပုံပြင်ထဲကအတိုင်း လုပ်ဆောင်ခြင်း ပြုလုပ်စေပါ။ ကျန်ရှိသော ကလေးများလည်း ပါဝင်လုပ်ဆောင်စေပြီး ပုံပြင်အတိုင်း ခေါ်ထုတ်လုပ်ဆောင်ပါ။

၆။မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ကြားရသောပုံပြင်မှ သင်အနှစ်သက်ဆုံးကဘာလဲ။
- မောရှေရဲ့မိခင်၏ဘုရားအလိုလုပ်ဆောင်ရန် စွန့်စားမှုကဘာလဲ။
- ပုံပြင်ပြောနေချိန် သင့်ရဲ့စိတ်ကူးကဘာလဲ။ ဘယ်လိုခံစားမှုဖြစ်စေလဲ။
- ဘုရားက ဘာဖြစ်လို့ ဒီအကြောင်းအရာကို ကျမ်းစားထဲမှာ ထည့်ရေးထားရတာလဲ။
- ဘယ်လိုစွန့်စားမှုမျိုးကို ပြုလုပ်ဖို့ ဘုရားက သင့်ကိုပြောနေလဲ။ ဘုရားကဘယ်လိုကူညီနိုင်သလဲ။
- ဒီပုံပြင်အားဖြင့် ဘုရားသခင်အပေါ် သင့်ရဲ့အမြင်က ……………………………………………………..။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားရသော ပုံပြင်အားဖြင့် ငါတို့ဘယ်လို ပြောင်းလည်းအသက်ရှင်မလဲ.။
- ယခုအပတ်ထဲမှာ သင်ဘယ်သူ့ကို ပြန်လည်ဝေမျှမှာလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ဘယ်လိုအခြေအနေဘဲကြုံတွေ့နေပါစေ ကိုယ်တော်ရဲ့ အလိုတော်ကို နာခံလိုက်လျှောက်ပါ့မယ်..။

## မောရှေ ႏ မီးလျှံလျက်ရှိသောချုံ ( ၁ )
## ထွက် ၃း၁-၁၂

### ၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

### ၂။ အဖွင့်

သင်မြင်တွေ့ဖူးတဲ့ အံ့သြစရာကောင်းသောအရာကဘာလဲ။

### ၃။ နောက်ခံသမိုင်း

လူငယ်ကလေးမောရှေ ကြီးထွားလာပြီး အသက်(၈၀)ရောက်တဲ့အချိန်၊ သူဟာအဲဂုတ္တုပြည်မှ ထွက်ပြေးလာပြီး သိုးထိန်းသမားအဖြစ် အသက်ရှင်နေခဲ့တယ်။ သူဟာ မိသားစုနဲ့သိုးတွေကို ကျွေးမွေးပြုစုစောင့်ရှောက်ပြီး အသက်ရှင်နေထိုင်ခဲ့တယ်။

ဘုရားက မောရှေကို ဘယ်လိုအသုံးပြုမလဲဆိုတာ နားထောင်ကြရအောင်..။

### ၄။ ပုံပြင်ပြောခြင်း

ထွက် ၃း၁-၁၂ .. မောရှေသည် မိမိယောက္ခမ မိဒျန်ယဇ်ပုရောဟိတ် ယေသရော၏ သိုးဆိတ်များကိုထိန်းစဉ် တောနောက်ဘက်သို့ ဆောင်သွား ၍ ဟောရပ်အမည်ရှိသော ဘုရားသခင်၏တောင်သို့ ရောက်လေ၏။ ထိုအခါ ဘုရားသခင်၏ ကောင်းကင်တမန်သည် ချုံထဲကထွက်သောမီးလျှံ၌ထင်ရှား၏။ မောရှေသည် ကြည့်သောအခါ မီးလောင် ၍ ချုံမကျွမ်းဘဲရှိသည်ကိုမြင်လျှင် အဘယ်ကြောင့် ချုံမကျွမ်းဘဲရှိသနည်း။ ဤထူးဆန်းသော ရူပါရုံကို ငါသွား ၍ ကြည့်ရှုမည်ဟုဆို၏။ မောရှေသွား ၍ ကြည့်ရှုကြောင်းကို ထာဝရဘုရားမြင်တော်မူလျှင် မောရှေ မောရှေဟု ချုံထဲက ခေါ်တော်မူ၏။ မောရှေကလည်း အကျွန်ုပ်ရှိပါ၏ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း မချဉ်းနှင့်။ သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသော အရပ်ကား သန့်ရှင်းသောမြေ ဖြစ်သည်ဟူ ၍၎င်း၊ ငါသည် သင်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟူ၍၎င်း၊ မိန့်တော်မူ၏။ မောရှေသည် ဘုရားသခင်ကိုမကြည့်ဝံ့၊ မိမိမျက်နှာကိုဖုံးလျက်နေ၏။

ထာဝရဘုရားကလည်းအဲဂုတ္တုပြည်၌ ရှိသော ငါ၏လူတို့ခံရသော ညှဉ်းဆဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ။ သူတို့ကိုစေခိုင်းသောသခင်တို့ကြောင့် သူတို့မြည်တမ်းသောအသံကိုလည်း ငါကြားခဲ့ပြီ။ သူတို့နာကြည်းခြင်းဝေဒနာကို ငါသိ၏။ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ နို့နှင့်ပျားရည် စီးတက်သောပြည်သို့ ပို့ဆောင်ခြင်းငှာ ငါဆင်းလာပြီ။ ယခုတွင်လည်း ဣသရေလအမျိုးသားတို့ကို ငိုကြွေးသောအသံသည် ငါ့ထံသို့တက်ရောက်၍ သူတို့ကို အဲဂုတ္တုလူတို့သည် ညှဉ်းဆဲခြင်းအမှုကိုလည်း ငါမြင်ရပြီ။ ထိုကြောင့် ယခုသွားလော့။ သင်သည်ငါ၏လူဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်မည့်အကြောင်း သင့်ကိုဖါရောဘုရင်ထံသို့ ငါစေလွှတ်မည်ဟု မိန့်တော်မူ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ကိုယ်ဟန်အမူအရာဖြင့် သရုပ်ဖော်မှု.. အဖွဲ့(၂) သို့မဟုတ် (၃) ဖွဲ့စသော လူအနည်းငယ်စုခွဲပါ။ ပထမဆုံးအဖွဲ့ကို ထုတ်၍ ပုံပြင်ကိုမပြောဘဲ အမူအရာပြုလုပ်သရုပ်ဖော်ခိုင်းကာ ကျန်ရှိသောအဖွဲ့များကို အဖြစ်အပျက်နှင့် ပတ်သက်၍ ပြောခိုင်းပါ။ ပုံပြင်အစမှအဆုံးထိတိုင် တစ်ဖွဲ့ပြီး တစ်ဖွဲ့ပြုလုပ်ခိုင်းပါ။

၆။မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ပြောနေချိန် သင့်ရဲ့စိတ်ကူးမြင်ယောင်မှုကဘာလည်း။ ဘယ်လိုခံစားရလဲ။
- ပုံပြင်နားထောင်ခြင်းဖြင့် မောရှေနှင့်ဘုရားသခင်ရဲ့ ဆက်ဆံရေးမှ သင်ဘာကိုသွန်သင်ခံစားရသလဲ။
- မောရှေရဲ့ရွေးချယ်မှုကဘာလဲ။ သူဘာတွေလုပ်ခဲ့သလဲ။ သူ့ရဲ့ရွေးချယ်မှုကြောင့် ဘာတွေဖြစ်ပျက်ခဲ့ သလဲ။
- ဘုရားသခင်က သင့်ကိုစကားပြောနေတယ်လို့ ခံစားဖူးသလား။ ဘုရားကဘာပြောခဲ့လဲ။
- ပုံပြင်ထဲမှာ ဘုရားက သူ့လူမျိုးတွေရဲ့ ငိုကြွေးခြင်းကို ကြားတယ်လို့ပြောတယ်။ သင်လည်းဘဲ ဘုရားသခင်ကို ကြားစေချင်တဲ့ သင့်ရဲ့စိတ်ညစ်စရာတွေက ဘာတွေလဲ။
- ပုံပြင်က ဘုရားသခင်အကြောင်း ဘာပြောထားလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်း

- ယခုသင်ကို ဘုရားက ဘာကိုပြောနေသလဲ။ သင်ဘယ်လိုတုန့်ပြန်မလဲ။
- ယနေ့သင်ကြားရတဲ့ အရာတွေထဲမှာ ဘုရားက သင့်ကိုပြုလုပ်ဖို့ပြောနေတဲ့ အရာကဘာဖြစ်မလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကိုယ်တော့်ရဲ့ခေါ်သံကြားဖို့ ကူညီမစပါ။ ကိုယ်တော့်အသံကြားခြင်း မြင်တွေ့ခြင်းကောင်းကြီး ပေးတော်မူပါ။

# ထွက် ၃း၁-၁၂

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

သင်တစ်စုံတစ်ခုပြုလုပ်နိုင်မယ်လို့ ခံစားရတဲ့ အရာကို ပြန်ဝေမျှပါ။

၃။ နောက်ခံသမိုင်း

မောရှေအဲဂုတ္တုပြည်က ထွက်ပြေးပြီးနောက်ပိုင်း ဘုရားရဲ့ လူမျိုးစုတွေက ကျန်ရစ်ခဲ့ပြီး ဖါရောဘုရင်က သူတို့ကို ဆင်းရဲငတ်မွတ်အောင် ပြုလုပ်ဆက်ဆံခဲ့တယ်။

၄။ ပုံပြင်ပြောခြင်း

ထွက် ၃း၁-၁၂ .. မောရှေသည် မိမိယောက္ခမ မိဒျန်ယဇ်ပုရောဟိတ် ယေသရော၏ သိုးဆိတ်များကိုထိန်းစဉ် တောနောက်ဘက်သို့ ဆောင်သွား ၍ ဟောရပ်အမည်ရှိသော ဘုရားသခင်၏တောင်သို့ ရောက်လေ၏။ ထိုအခါ ဘုရားသခင်၏ ကောင်းကင်တမန်သည် ချုံထဲကထွက်သောမီးလျှံ၌ထင်ရှား၏။ မောရှေသည် ကြည့်သောအခါ မီးလောင် ၍ ချုံမကျွမ်းဘဲရှိသည်ကိုမြင်လျှင် အဘယ်ကြောင့် ချုံမကျွမ်းဘဲရှိသနည်း။ ဤထူးဆန်းသော ရူပါရုံကို ငါသွား ၍ ကြည့်ရှုမည်ဟုဆို၏။ မောရှေသွား ၍ ကြည့်ရှုကြောင်းကို ထာဝရဘုရားမြင်တော်မူလျှင် မောရှေ မောရှေဟု ချုံထဲက ခေါ်တော်မူ၏။ မောရှေကလည်း အကျွန်ုပ်ရှိပါ၏ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း မချဉ်းနှင့်။ သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသော အရပ်ကား သန့်ရှင်းသောမြေ ဖြစ်သည်ဟူ ၍၄င်း၊ ငါသည် သင်အဘ၏ဘုရား၊ အာဗြံဟံ၏ဘုရား၊ ဣဇက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟူ၍၄င်း၊ မိန့်တော်မူ၏။ မောရှေသည် ဘုရားသခင်ကိုမကြည့်ဝံ့၊ မိမိမျက်နှာကိုဖုံးလျက်နေ၏။

ထာဝရဘုရားကလည်းအဲဂုတ္တုပြည်၌ ရှိသော ငါ၏လူတို့ခံရသော ညှင်းဆဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ။ သူတို့ကိုစေခိုင်းသောသခင်တို့ကြောင့် သူတို့မြည်တမ်းသောအသံကိုလည်း ငါကြားခဲ့ပြီ။ သူတို့နာကြည်းခြင်းဝေဒနာကို ငါသိ၏။ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍ ခါနနိလူ၊ ဟိတ္တိလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့နေရာ နို့နှင့်ပျားရည် စီးတက်သောပြည်သို့ ပို့ဆောင်ခြင်းငှာ ငါဆင်းလာပြီ။ ယခုတွင်လည်း ဣသရေလအမျိုးသားတို့ကို ငိုကြွေးသောအသံသည် ငါ့ထံသို့တက်ရောက်၍ သူတို့ကို အဲဂုတ္တုလူတို့သည် ညှင်းဆဲခြင်းအမှုကိုလည်း ငါမြင်ရပြီ။ ထို့ကြောင့် ယခုသွားလော့။ သင်သည်ငါ၏လူဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်မည့်အကြောင်း သင့်ကိုဖါရောဘုရင်ထံသို့ ငါစေလွှတ်မည်ဟု မိန့်တော်မူ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ပင်တိုင်ရုပ်ပြဇာတ်လမ်းတို -- ကလေးတွေစာရွက်တစ်ရွက်စီပေးပါ။ စာရွက်သုံးကြိမ်တိုင်ခေါက်စေပြီးသေတ္တာ(၈)ခု ပုံစံပြုလုပ်စေပါ။ ပုံပြင်မှာပါတဲ့ အကြောင်းအရာတွေကို ပုံဆွဲခြင်း(သို့)အရာဝတ္ထုတစ်ခုခုပုံ ရေးဆွဲခြင်းများကို စာရွက်မျက်နှာပြင်(၈)ခုစလုံးတွင် ရေးဆွဲခိုင်းပါ။ ပြီးလျှင် ပြုလုပ်ရေးဆွဲထားသော စာရွက်ရှိ ပုံပြင်အပိုင်းအစများကို အသုံးပြုကာ ပုံပြင်ပြောခိုင်းပါ။

၆။ မေးခွန်းရှာဖွေ တွေ့ရှိချက်များ

- ယနေ့ပုံပြင်မှ သင်အနှစ်သက်ဆုံး အရာကဘာလဲ။
- ဘုရားက ပုံပြင်ထဲမှာ မောရှေကို ဘာသွန်သင်ပြသနေသလဲ။
- သင်ပုံပြင်ပြောနေချိန်မှာ ဘာကိုစဉ်းစားမိသလဲ။ ပုံပြင်ကဘာကိုသင့်အတွက်ပြောနေလဲ။
- သင်ဟာမောရှေဖြစ်ခဲ့မယ်ဆိုရင် ဘယ်လိုမျိုးခံစားချက်ရှိနိုင်မလဲ။
- ဘုရားက သင်နှင့်အတူရှိနေတယ်လို့ မြင်တွေ့ရတဲ့လက်ရှိဖြစ်ပျက်နေတဲ့ အရာကဘာလည်း။ ဘယ်လိုခံစားချက်မျိုးက ဘုရားရဲ့အတူပါရှိခြင်း ရှိတယ်လို့ ခံစားရသလဲ။
- ပုံပြင်အားဖြင့် ဘုရားကသင့်ကိုပြောနေတဲ့အရာက ………………………………………………….။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ဘုရားကပြောနေတယ်..သင်ဟာမောရှေနှင့်အတူ ချုံပုတ်နားမှာရှိနေမယ်ဆိုရင် သင့်ကိုဘုရား ဘာပြောမလဲ။
- ပုံပြင်အားဖြင့် ဘုရားသခင်ရဲ့စကားအတိုင်းလိုက်လျှောက်ရန် ဘာကိုသွန်သင်မှုခံစားရသလဲ။ ယခုအပတ်ထဲမှာ သင့်အိမ်မှာ လေ့ကျင့်လိုက်လျှောက်မယ်အရာတွေက ဘာတွေလဲ။
- ယခုအပတ်ထဲမှာ သင်ဘယ်သူ့ကိုပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရားသခင်၊ ဘယ်လိုအခြေအနေကြောင့်ဘဲဖြစ်ဖြစ်ကိုယ်တော်ခေါ်ရင်လုပ်နိုင်ဖို့ထောက်ပံ့ပေးပါ။

# မောရှေ ့ မြေပေါ်နေသော ပင်လယ်နီကိုဖြတ်လျှောက်ခြင်း (၁)
# ထွက် ၁၄ ႏ ၂၁ - ၃၁

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့တစ်ခုတစ်ပြုလုပ်အောင်မြင်ဖို့ အင်အားအမြောက်အများ အသုံးပြုခဲ့ရတဲ့အချိန်ရှိသလား..။

၃။ နောက်ခံသမိုင်း

ဘုရားသခင်ဟာ မောရှေကို အသုံးပြုပြီးသူရဲ့နိမိတ်လက္ခဏာများစွာဖြင့် ဣသရေလလူမျိုးများကိုကျွန်ခံနေသော အဲဂုတ္တုပြည်မှ ခေါ်ထုတ်နိုင်ခဲ့တယ်။ ဘုရင်ကလည်း ထွက်သွားဖို့သဘောတူခဲ့တယ်။ မောရှေနှင့် လူမျိုးစုများထွက်ကြတယ် ဒါပေမယ့် ဘုရင်က လူမျိုးစုများကို ဖမ်းဆီးပြီး အဲဂုတ္တုပြည်ထံပြန်လည် ခေါ်ဆောင်ချင်လာတယ်။

ဣသရေလလူမျိုးစုတွေဟာ ပင်လယ်နီအနီးရောက်လာပြီ။ သူတို့ရဲ့တစ်ဖက်က ပင်လယ်နီရှိတယ် ကျန်တစ်ဖက်မှာလည်း ဘုရင်နဲ့သူ့စစ်တပ်ကလည်းလိုက်လာနေလို့ သူတို့ဟာ အသေခံဖို့ ထောက်ချောက်မိနေပြီလို့ ခံစားနေကြတယ်။ ဘုရားက မောရှေရဲ့လှံတံကို အသုံးပြုပြီး ပင်လယ်နီကို ဖြတ်ကျော်ဖို့ပြောတယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ထွက် ၁၄း၂၁-၃၁…မောရှေသည်ပင်လယ်ပေါ်မှာလက်ကိုဆန့် ၍ ထာဝရဘုရားသည် တညဉ့်လုံး၌ အားကြီးသောအရှေ့လေအားဖြင့် ပင်လယ်လေကိုလှန်ပြန် ၍ မြေကိုပေါ်စေတော်မူသည်နှင့် ရေသည်ကွဲပြတ်လျက်ရှိ၏။ ဣသရေလအမျိုးသားတို့သည် ပင်လယ်၌မြေပေါ်မှာရှောက်သွားကြ ၍ ရေသည်သူတို့လက်ျာဘက် ဘက်ဝဲဘက်မှာ ကျောက်ထရံကဲ့သို့ ရှိနေ၏။ အဲဂုတ္တုလူများ ဖါရောဘုရင်၌ပါသော မြင်း၊ရထား၊မြင်းစီးသူရဲ အပေါင်းတို့သည် ပင်လယ်အလယ်သို့ လိုက်ဝင်ကြ၏။ နံနက်ယံ၌ ထာဝရဘုရားသည် မီးမိုယ်းတိမ်တိုင်အားဖြင့် အဲဂုတ ္တုတပ်ကိုကြည့်ရှု ၍ နောက်ရှက်တော်မူ၏။ သူတို့ရထားအသွားခက်စေခြင်းငှာ ရထားဘီးများကို ချို့တဲ့စေတော်မူ၏။ အဲဂုတ္တုလူတို့ကလည်း ဣသရေလလူတို့ထံကပြေးကြစို့။ ထာဝရဘုရားသည် သူတို့ဘက် အဲဂုတ္တုလူတို့တဘက်၌ စစ်တိုက်သည်ဟုပြောဆိုကြ၏။ ထာဝရဘုရားသည် ပင်လယ်ရေကို အဲဂုတ္တုလူများ၊ ရထားများ၊ မြင်းစီးသူရဲများတို့ အပေါ်သို့ပြန်စေခြင်းငှာ ပင်လယ်အပေါ်မှာလက်ကိုဆန့်လော့ဟု မောရှေအား မိန့်တော်မူသည့်အတိုင်း မိုယ်းလင်းသောအခါ မောရှေသည် လက်ကိုပင်လယ်ပေါ်မှာဆန့်သဖြင့် ပင်လယ်ရေသည် အားကြီး ၍ ပြန်လာသည်ကို အဲဂုတ္တုလူတို့သည်ပြေးကြသော်လည်း ထာဝရဘုရားသည် သူတို့ကိုပင်လယ်အလယ်၌ လှဲတော်မူ၏။

ထိုသို့ပင်လယ်ရေသည်ပြန်လာ ၍ ပင်လယ်ထဲသို့လိုက်ဝင်သော ဖါရောဘုရင်၏ ရထား၊ မြင်းစီးသူရဲ၊ ဗိုလ်ခြေအပေါင်းတို့ကိုလွှမ်းမိုးသဖြင့် တစုံတယောက်မျှ မကျန်ရစ်ရ။ ဣသရေလအမျိုးသားတို့မူကား ပင်လယ်အလယ်၌မြေပေါ်မှာ ရှောက်သွား ၍ ရေသည်သူတို့လက်ျာဘက်၊လက်ဝဲဘက်မှာ ကျောက်ထံရံကဲ့သို့ ရှိနေ၏။ ထိုသို့ထာဝရဘုရားသည် ထိုနေ့၌ဣသရေလလူတို့ကို အဲဂုတ္တုလူတို့ဘက်မှ ကယ်နှုတ်တော်မူသဖြင့် ပင်ဘယ်အနားမှာအဲဂုတ္တုလူအသေကောင်တို့ကိုမြင်ရကြ၏။

၅။ ပုံပြန်ဖြေခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများမေးမြန်းခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

ဘောလုံးကစားခြင်း -- ကလေးများကိုစက်ဝိုင်းပုံဘောလုံးလှည့်ခိုင်းပါ “ ရပ် ” လို့ပြောချိန်မှာ ဘောလုံး ရရှိသောကလေးကို ပုံပြောခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပုံပြောခြင်းကစားပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲမှကျွဲပြားသရုပ်ဆောင်တဲ့သူတွေ့ ဘယ်သူတွေလဲ။
- ပုံပြင်ထဲမှ လူမျိုးစုတွေကို ဘုရားသခင် ဘာသွန်သင်ပြသခဲ့သလဲ။
- ပုံပြင်ပြောနေတဲ့အချိန် သင်ဘာစဉ်းစားမိသလဲ။ ဘယ်အရာတွေကို ကြားရမြင်တွေ့ရသလဲ။
- ယနေ့သင်ခန်းစာထဲမှ ဘုရားသခင်နဲ့ပတ်သက်ပြီး သွန်သင်မှု တစ်စုံတစ်ခု ခံစားရပါသလား။
- ဒီပုံပြင်အားဖြင့် သင့်ကို မည်သည့်စိန်ခေါ်မှု(သို့)တွန်းအားပေးမှု ခံစားရသလဲ။
- တကယ်လို့ ဘုရားက သင့်ကိုတစ်စုံတစ်ခု ဖယ်ရှားပစ်စေချင်တယ်ဆိုရင် အဲ့ဒီအရာက ဘာဖြစ်မလဲ။
- ဒီပုံပြင်ကို ဘုရားက ဘာလို့ ကျမ်းစာထဲမှာ ရေးသားထားရတာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားရတဲ့ ပုံပြင်အားဖြင့် သင်ဘာကိုပြောင်းလည်းသင့်သလဲ။
- ယနေ့ ဘုရားသခင်ကို ဘယ်လိုတုန့်ပြန်မလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကိုယ်တော့်ကိုချစ်သော သူတွေအတွက် စစ်တိုက်ပေးခဲ့ပါတယ်။ ကိုယ်တော့်ရဲ့ ကွယ်ကာမစခြင်း ကောင်းကြီးခံစားရစေပါ။

# မောရှေ ေမြေပေါ်နေသော ပင်လယ်နီကိုဖြတ်လျှောက်ခြင်း (၂)
## ထွက် ၁၄ း ၂၁ - ၃၁

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

သင်ထောင်ချောက်မိနေတယ်လို့ ခံစားခဲ့ရတဲ့အချိန်ကို ဖော်ပြနိုင်ပါသလား။

၃။ နောက်ခံသမိုင်း

ဘုရားသခင်က သူ့ရဲ့လူမျိုးစုကိုကယ်တင်မယ်လို့ မောရှေကိုဂတိပေးခဲ့တယ်။ ဘုရားကမောရှေကို လုံတံကိုချီပြီး ပင်လယ်ပေါ်မှာ လက်ကိုဆန့်ပြီး ပင်လယ်ကိုခွဲကာ သူ့ရဲ့လူမျိုးစုကို ပင်လယ်အလယ်ပေါ်မှာ လျှောက်သွားစေတယ်။

နောက်ပြီး ဘုရင်နှင့်သူ့ရဲ့စစ်တပ်တွေက နောက်ကလိုက်လာပြီး ပင်လယ်ရေနဲ့အတူ လွှမ်းမိုးခြင်းခံကာ ဘုရားရဲ့ဘုန်းတော်အောင်မြင်ခြင်းကိုခံစားရမယ်လို့ ဘုရားက မောရှေကိုပြောခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ထွက် ၁၄း၂၁-၃၁…မောရှေသည်ပင်လယ်ပေါ်မှာလက်ကိုဆန့် ၍ ထာဝရဘုရားသည် တညဉ့်လုံး၌ အားကြီးသောအရှေ့လေအားဖြင့် ပင်လယ်လေကိုလှန်ပြန် ၍ မြေကိုပေါ်စေတော်မူသည်နှင့် ရေသည်ကွဲပြတ်လျက်ရှိ၏။ ဣသရေလအမျိုးသားတို့သည် ပင်လယ်၌မြေပေါ်မှာရှောက်သွားကြ ၍ ရေသည်သူတို့လက်ျာဘက် ဘက်ဝဲဘက်မှာ ကျောက်ထရံကဲ့သို့ ရှိနေ၏။ အဲဂုတ္တုလူများ ဖါရောဘုရင်၌ပါသော မြင်း၊ရထား၊မြင်းစီးသူရဲ အပေါင်းတို့သည် ပင်လယ်အလယ်သို့ လိုက်ဝင်ကြ၏။ နံနက်ယံ၌ ထာဝရဘုရားသည် မီးမိုဃ်းတိမ်တိုင်အားဖြင့် အဲဂုတ ္တုတပ်ကိုကြည့်ရှု ၍ နောက်ရှက်တော်မူ၏။ သူတို့ရထားအသွားခက်စေခြင်းငှာ ရထားဘီးများကို ချို့တဲ့စေတော်မူ၏။ အဲဂုတ္တုလူတို့ကလည်း ဣသရေလလူတို့ထံကပြေးကြစို့။ ထာဝရဘုရားသည် သူတို့ဘက် အဲဂုတ္တုလူတို့တဘက်၌ စစ်တိုက်သည်ဟုပြောဆိုကြ၏။ ထာဝရဘုရားသည် ပင်လယ်ရေကို အဲဂုတ္တုလူများ၊ ရထားများ၊ မြင်းစီးသူရဲများတို့ အပေါ်သို့ပြန်စေခြင်းငှာ ပင်လယ်အပေါ်မှာလက်ကိုဆန့်လော့ဟု မောရှေအား မိန့်တော်မူသည့်အတိုင်း မိုဃ်းလင်းသောအခါ မောရှေသည် လက်ကိုပင်လယ်ပေါ်မှာဆန့်သဖြင့် ပင်လယ်ရေသည် အားကြီး ၍ ပြန်လာသည်ကို အဲဂုတ္တုလူတို့သည်ပြေးကြသော်လည်း ထာဝရဘုရားသည် သူတို့ကိုပင်လယ်အလယ်၌ လှဲတော်မူ၏။

ထိုသို့ပင်လယ်ရေသည်ပြန်လာ ၍ ပင်လယ်ထဲသို့လိုက်ဝင်သော ဖါရောဘုရင်၏ ရထား၊ မြင်းစီးသူရဲ၊ ဗိုလ်ခြေအပေါင်းတို့ကိုလွှမ်းမိုးသဖြင့် တစုံတယောက်မျှ မကျန်ရစ်ရ။ ဣသရေလအမျိုးသားတို့မူကား ပင်လယ်အလယ်၌မြေပေါ်မှာ ရှောက်သွား ၍ ရေသည်သူတို့လက်ျာဘက်၊လက်ဝဘက်မှာ ကျောက်ထံရံကဲ့သို့

ရှိနေ၏။ ထိုသို့ထာဝရဘုရားသည် ထိုနေ့၌ဣသရေလလူတို့ကို အဲဂုတ္တုလူတို့ဘက်မှ ကယ်နှုတ်တော်မူသဖြင့် ပင်လယ်အနားမှာအဲဂုတ္တုလူအသေကောင်တို့ကိုမြင်ရကြ၏။

၅။ ပုံပြန်ဖြေခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများမေးမြန်းခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

ထိုင်ခုံဂီတ ပြုလုပ်ခြင်း -- ကလေးတစ်ယောက်ကို ထိုင်ခုံတစ်ခုံစီယူပြီး စက်ဝိုင်းပုံစံပြုလုပ်ကာ မျက်နှာချင်းဆိုင် ဝိုင်းပြီးထိုင်စေပါ။ ပြီးလျှင် ထိုင်ခုံတစ်ခုံကို ထုတ်လိုက်ပါ။ သီချင်းဖွင့်ချိန်တွင် ကလေးများအားလုံး ထပြီးနာရီလက်တံပတ်နေသောပုံစံလမ်းလျှောက်ခိုင်းပါ။ သီချင်းရပ်သွားသည်နှင့် ထိုင်ခုံပေါ်ပြန်ထိုင်ရမည်။ ကျန်ခဲ့သောကလေးတစ်ဦးကို ပုံပြင်အပိုင်းအလိုက်ပြောခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ တစ်ယောက်ပြီး တစ်ယောက်ကိုပြောခိုင်းပါ။

၆။ မေးခွန်းပြန်လည်ရှာဖွေခြင်း

- ပြီးခဲ့သောအပတ်က ပုံပြင်အကြောင်းအရာနဲ့ ယခုအပတ်ပုံပြင်အကြောင်းအရာ ဘာကွာခြားသလဲ။
- ပုံပြင်အကြောင်းမှ သင်နှစ်သက်တဲ့အရာ ရှိပါသလား။
- ဘုရားက လူမျိုးစုတွေကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။ ဘာတွေကို ပြသခဲ့သလဲ။
- မင်းတို့လည်း ယခုပုံပြင်လို ကိုယ့်ရဲ့ရန်သူက အနီးဆုံးရှိနေတဲ့အခြေအနေကြုံတွေ့ခံစားနေရသလား။ မင်းရဲ့ရန်သူကဘယ်သူတွေ၊ ဘယ်အရာတွေလဲ။
- မင်းတို့ရဲ့ရန်သူအပေါ် ဘုရားသခင်က ဘယ်လိုအနိုင်ရစေမယ်လို့ထင်သလဲ။
- ဘာဖြစ်လို့ ဒီအကြောင်းအရာကို ဘုရားသခင်က ကျမ်းစာမှာရေးသားထားခဲ့သလဲ။
- ဒီပုံပြင်အားဖြင့် သင့်ကိုဘယ်လိုစိန်ခေါ်မှု ၊ ခွန်အားပေးမှုရှိပါသလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှု မေးခွန်းများ

- ယနေ့သင်ကြားရတဲ့ ပုံပြင်ထဲမှ ဝိညာဉ်တော်က မင်းကိုဘာလုပ်ဖို့ ပြောနေတယ်လို့ခံစားရသလဲ။
- ယခုအပတ်ထဲ သင်ဘယ်သူ့ကိုပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

အဖဘုရား ကျွန်ုပ်တို့ အခက်အခဲအခြေအနေတွေ့ကြုံတိုင်းမှာ ကိုယ်တော့်ရဲ့ ကူညီမစမှုတောင်းခံပါတယ် နားညောင်းပေးသနားတော်မူပါ။

# မောရှေ ဂတိတော်မြေသို့ သူလျှိုကိုစေလွှတ်ခြင်း (၁)
# တော ၁၃း၂၅-၃၃

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

တကယ်လို့ သင်တို့က တစ်ဦးတစ်ယောက်ရဲ့ ဘာလုပ်နေသလည်းဆိုတာကို သူလျှိုလုပ်မယ်ဆိုရင် ဘယ်သူ့ကိုလုပ်မလဲ။

၃။ နောက်ခံသမိုင်း

ဘုရားက ဣသရေလလူမျိုးကို ဂတိတော်မြေသို့ခေါ်ဆောင်ပြီး နယ်မြေကို ပေးမယ်လို့ ဂတိပေးခဲ့တယ်။ နယ်မြေနဲ့အနီးဆုံးရောက်ရှိချိန်မှာ ဘုရားက ဂတိတော်မြေကို သွားရောက်စုံစမ်းဖို့ သူလျှိုစေလွှတ်ရန် မောရှေကိုညွှန်ကြားခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

တော ၁၃း၂၅-၃၃… အရက်လေးဆယ်လွန်မှ ခါနာန်ပြည်ကို စူးစမ်းသောအမှုပြီး၍ပြန်လာကြ၏။ မောရှေနှင့်အာရုန်မှစ၍ ဣသရေလအမျိုးသား ပရိတ်သတ်အပေါင်းတို့နေရာ ပါရန်တော ကာဒေရှအရပ်သို့ရောက်အခါ ပရိတ်သတ်အပေါင်းတို့အား သတင်းကြားပြော၍၊ ထိုပြည်၌ သီးသောအသီးကိုပြကြ၏။ မောရှေအားလည်း၊ အကျွန်ုပ်တို့သည် ကိုယ်တော်စေလွှတ်သောပြည်သို့ရောက်ခဲ့ပါသည်။ အကယ်စင်စစ် ထိုပြည်သည် နို့နှင့်ပျားရည် စီးသောပြည်ဖြစ်ပါ၏။ ဤအသီးတို့ကား ထိုပြည်၌သီးသောအသီးဖြစ်ပါ၏။ သို့ရာတွင် ပြည်သူပြည်သားတို့သည် အားကြီးပါ၏။ ခိုင်ခံ့သောမြို့ကြီးနှင့်နေကြပါ၏။ ထိုမှုမက၊ အာနကအမျိုးသားတို့ကိုလည်းမြင်ရပါ၏။ အာမလတ်အမျိုးသားတို့သည် တောင်ဘက်၌၎င်း၊ ဟိတ္တိလူ၊ ယေဗုသိလူ၊ အာမောရိလူတို့သည်တောင်ရိုးပေါ်၌၎င်း၊ ခါနာနိလူတို့သည်ပင်လယ်နား ယောဒန်မြစ်နား၌၎င်း၊ နေကြပါသည်ဟု လျှောက်ဆိုကြ၏။ ကာလတ်ကလည်း ချက်ချင်းချီသွား၍ ထိုပြည်ကိုသိမ်းယူကြစို့။ အောင်နိုင်ကောင်းသည်ဟု ဆို၍ မောရှေရှေ့မှာ လူများတို့ကိုငြိမ်းစေ၏။ သူနှင့်အတူလိုက်သွားသော သူတို့က၊ ထိုပြည်သားတို့ကို ငါတို့မတိုက်နိုင် သူတို့သည်ငါတို့ထက် သာ၍အားကြီးကြသည်ဟူ၍၎င်း၊ ငါတို့သွား၍ စူးစမ်းသောပြည်သည် မိမိသားတို့ကို ဖျက်ဆီးတက်၏။ ငါတို့တွေ့မြင်သော ပြည်သားအပေါင်းတို့သည် အလွန်အရပ်မြင့်ကြ၏။ ပိုကြီးသောလူအမျိုးအနွယ်၊ အာနကအမျိုးအနွယ်ဖြစ်၍၊ အလွန်ကြီးမားသော သူတို့ကိုလည်းမြင်ခဲ့ကြပြီ။ သူတို့ရှေ့မှာ ငါတို့သည် ကိုယ်အထင်အတိုင်း နှံကောင်ကဲ့သို့ဖြစ်ကြ၏။ သူတို့အထင်အတိုင်းလည်း ထိုသို့ဖြစ်ကြသည်ဟူ၍၎င်း၊ မိမိတို့စူးစမ်းသောပြည်ကို ဣသရေလအမျိုးသားတို့အား မကောင်းသောသတင်းကို ကြားပြောကြလေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြန်လှည်ဆန်းစစ်ခြင် ။ ပုံပြင်ကိုမေးခွန်းများပြန်လှည်မေးမြန်းဖြင်းဖြင့်၊ အမှန်နှင့်အမှားကိုထောက်ပြပြန်ပြောပါ။

ကြိုးဂိမ်းကစားခြင်း ။ ၁၅လက်မကြိုးတစ်ကြိုးဖြင့်ချည်စေပြီး စက်ဝိုင်းပုံစံပြုလုပ်ကာ ကလေးများကို ကြိုးကိုင်ထားခိုင်းပါ။ ပြီးလျှင်ကြိုးကိုင်လျှက်လှုပ်ရှားမှုပြုလုပ်စေပါ။ ဦးဆောင်သူ "ရပ်" ဟုပြောသောအချိန်တွင်ကြိုးထုံးထားသောနေရာနှင့် အနီးဆုံးရှိသောကလေးကို ပုံပြင်အပိုင်းလိုက် ပြောဆိုခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိခြင်း

- ပုံပြင်ထဲမှာ ကွဲပြားသော သရုပ်ဆောင်တွေက ဘယ်သူတွေလဲ။
- ပုံပြင်ထဲမှ သင်အနှစ်သက်ဆုံးအရာကဘာလဲ။
- လူမျိုးစုက ဘာကိုရွေးချယ်ခဲ့သလဲ။ သူတို့တွေဘာလုပ်ခဲ့သလဲ။ သူတို့ရဲ့ရွေးချယ်မှုကြောင့် ဘာတွေဖြစ်ပျက်ခဲ့သလဲ။
- ယနေ့ပုံပြင်ထဲမှ ဘယ်အရာက အရေးကြီးဆုံးအရာလို့ သင်ထင်သလဲ။
- ငါတို့မင်းတို့လည်း မတူညီတဲ့ သူလျှိုတွေလိုဘဲဖြစ်နေသလား။ ဘယ်လိုကွဲပြားမတူညီတဲ့ သူလျှိုတွေလဲ။
- ဘယ်လို ကြီးမားတဲ့ အခက်အခဲမျိုး မင်းတို့ကြုံတွေ့ဖူးသလဲ။
- ဘုရားက ကူညီနိုင်မယ့်နည်းလမ်းက ဘာတွေလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ပုံပြင်အားဖြင့် ဝိညာဉ်တော်က မင်းကိုဘာလုပ်ဖို့ပြောနေသလဲ။
- ယနေ့ ခရစ်တော်ယေရှုကို ဘယ်လိုတုန့်ပြန်မလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား၊ ကျွန်ုပ်တို့ကြီးမားတဲ့အခက်အခဲတွေ ဘဝထဲမှာ တွေ့ကြုံနေချိန်မှာ ဂတိတော်ရှိသည့်အတိုင်း ဘယ်တော့မှ မစွန့်ဘဲ ကူညီမစပေးတော်မူပါ။

# မောရှေ ဂတိတော်မြေသို့ သူလျှိုကိုစေလွှတ်ခြင်း (၂)
# တော ၁၃း၂၅-၃၃

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့သိထားတဲ့ အသန်မာဆုံး ပုဂ္ဂိုလ်က ဘယ်သူလဲ။

၃။ နောက်ခံသမိုင်း

မောရှေက လူ(၁၂) ယောက်ကို ဂတိတော်မြေသို့ သူလျှိုစေလွှတ်ခဲ့ပြီးနောက် ရက်(၄၀)ခန့် သူလျှိုပြုလုပ်ခဲ့ပြီးနောက် သူတို့က တင်ပြမှု ပြန်ပေးခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

တော ၁၃း၂၅-၃၃… အရက်လေးဆယ်လွန်မှ ခါနာန်ပြည်ကို စူးစမ်းသောအမှုပြီး၍ပြန်လာကြ၏။ မောရှေနှင့်အာရုန်မှစ၍ ဣသရေလအမျိုးသား ပရိတ်သတ်အပေါင်းတို့နေရာ ပါရန်တော ကာဒေရှအရပ်သို့ရောက်အခါ ပရိတ်သတ်အပေါင်းတို့အား သတင်းကြားပြော၍၊ ထိုပြည်၌ သီးသောအသီးကိုပြကြ၏။ မောရှေအားလည်း၊ အကျွန်ုပ်တို့သည် ကိုယ်တော်စေလွှတ်သောပြည်သို့ရောက်ခဲ့ပါသည်။ အကယ်စင်စစ် ထိုပြည်သည် နို့နှင့်ပျားရည် စီးသောပြည်ဖြစ်ပါ၏။ ဤအသီးတို့ကား ထိုပြည်၌သီးသောအသီးဖြစ်ပါ၏။ သို့ရာတွင် ပြည်သူပြည်သားတို့သည် အားကြီးပါ၏။ ခိုင်ခံသောမြို့ကြီးနှင့်နေကြပါ၏။ ထိုမျှမက၊ အာနကအမျိုးသားတို့ ကိုလည်းမြင်ရပါ၏။ အာမလက်အမျိုးသားတို့သည် တောင်ဘက်၌၎င်း၊ ဟိတ္တိလူ၊ ယေဗုသိလူ၊ အာမောရိလူတို့သည်တောင်ရိုးပေါ်၌၎င်း၊ ခါနာနိလူတို့သည်ပင်လယ်နား ယောဒန်မြစ်နား၌၎င်း၊ နေကြပါသည်ဟု လျှောက်ဆိုကြ၏။ ကာလက်ကလည်း ချက်ချင်းချီသွား၍ ထိုပြည်ကိုသိမ်းယူကြစို့။ အောင်နိုင်ကောင်းသည်ဟု ဆို၍ မောရှေရှေ့မှာ လူများတို့ကိုငြိမ်းစေ၏။ သူနှင့်အတူလိုက်သွားသော သူတို့က၊ ထိုပြည်သားတို့ကို ငါတို့မတိုက်နိုင် သူတို့သည်ငါတို့ထက် သာ၍အားကြီးကြသည်ဟူ၍၎င်း၊ ငါတို့သွား၍ စူးစမ်းသောပြည်သည် မိမိသားတို့ကို ဖျက်ဆီးတက်၏။ ငါတို့တွေ့မြင်သော ပြည်သားအပေါင်းတို့သည် အလွန်အရပ်မြင့်ကြ၏။ ပိုကြီးသောလူအမျိုးအနွယ်၊ အာနကအမျိုးအနွယ်ဖြစ်၍၊ အလွန်ကြီးမားသော သူတို့ကိုလည်းမြင်ခဲ့ကြပြီ။ သူတို့ရှေ့မှာ ငါတို့သည် ကိုယ်အထင်အတိုင်း နံကောင်ကဲ့သို့ဖြစ်ကြ၏။ သူတို့အထင်အတိုင်းလည်း ထိုသို့ဖြစ်ကြသည်ဟူ၍၎င်း၊ မိမိတို့စူးစမ်းသောပြည်ကို ဣသရေလအမျိုးသားတို့အား မကောင်းသောသတင်းကို ကြားပြောကြလေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြန်လည်ဆန်းစစ်ခြင်း ： ပုံပြင်ကိုမေးခွန်းများပြန်လည်မေးမြန်းဖြင်းဖြင့်၊ အမှန်နှင့်အမှားကိုထောက်ပြပြန်ပြောပါ။
သီချင်းဖန်တီးခြင်း ： ပုံပြင်ကိုပြန်လည်ပြောပြရာတွင် သီချင်းတစ်ပုဒ်ဆိုပြနေသလို တီထွင်ဖန်တီးခြင်းဖြစ်သည်။ သီချင်းဖန်တီးရာတွင် ကလေးများရင်နှီးသော သံစဉ်ကိုပြုလုပ်ပြီး စာသားပြောင်းလဲနိုင်သလို ပုံမှန်သံစဉ်(သို့)Rap သီချင်း ပုံစံဖြင့်ပြောင်းလည်းအသုံးပြုကာ ပုံပြင်ပြန်ပြောစေခြင်းဖြစ်သည်။

၆။ မေးခွန်းရှာဖွေတွေ့ရှိခြင်းများ

- ပုံပြင်ထဲမှ သင်နှစ်သက်တဲ့အရာက ဘာလဲ။
- ပုံပြင်ထဲမှ သင့်အတွက် ထင်ရှားနေတဲ့အရာ ဘာလဲ။
- သူလျှိုတွေရဲ့ တင်ပြမှုတွေကို လူမျိုးစုက ဘယ်လိုတုန့်ပြန်ခဲ့သလဲ။
- ယောရှုနဲ့ ကာလတ်ဟာ ဘုရားသခင်ရဲ့ အလိုတော်ကို နာခံဖို့ စွန့်စားစေခဲ့တဲ့အရာ ဘာလဲ။
- ထိုနည်းတူ မင်းတို့လည်း မင်းတို့ထက် အသက်အရွယ်ကြီးတာ ပိုပြီးအင်အားကြီးမားတဲ့အရာတွေနဲ့ တွေ့ကြုံဖူးတဲ့အချိန်ရှိသလား။ ဘယ်အရာတွေနဲ့ကြုံခဲ့သလဲ။
- ယနေ့သင်ကြားခဲ့အရာထဲမှာ ဘုရာကိုဘယ်လိုမြင်သလဲ။
- ယနေ့သင်ကြားခဲ့အရာမှ သင့်ရဲ့စိတ်ဝင်စားမှုအများဆုံးက ဘာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့သင်ခန်းစာပုံပြင်အားဖြင့် ဘုရားက သင့်ကို ဘယ်လိုပြောင်းလဲစေချင်သလဲ။
- ယခုအပတ်ထဲသင်ခန်းစာကိုဘယ်သူ့ကိုပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား၊ ဖိလိပ္ပိ ၄း၆ ထဲကအတိုင်း အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းတက်စေဖို့ ကူညီမစပါ။

## ယောရှု ယေရိခေါမြို့ရိုး ပြိုကျခြင်း (၁)
## ယောရှု ၆း၈-၁၆၊ ၂၀

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့သိတဲ့ အသန်မာဆုံး နဲ့ အကြီးဆုံး လူက ဘယ်သူဖြစ်မလဲ။

၃။ နောက်ခံသမိုင်း

ယောရှုက ဣသရေလလူမျိုးစုကို ဦးဆောင်သူဖြစ်ပြီး၊ ဘုရားသခင်ရဲ့ ဂတိပြုထားတဲ့ ဂတိတော်မြေသို့ ခေါ်ဆောင်သွားမှာဖြစ်တယ်။

သူတို့လဲ ပင်လယ်နီကိုဖြတ်သကဲ့သို့ ခြောက်သွေ့နေသော ဂျော်ဒန်မြစ်ကို ဖြတ်သန်းပြီး နမိတ်လက္ခဏာတွေမြင်တွေ့ခဲ့တယ်။မင်းတို့ပဋိညာဉ်သေတ္တာရဲ့အကြောင်းကိုကြားရမယ်။ဒါကနောဧကို သင်္ဘောတည်ဆောက်ခိုင်းတဲ့အရာလိုတော့ မဟုတ်ပါဘူး။ဘုရားသခင်က မိန်မှာတဲ့အတိုင်း နောက်ကနေလိုက်လျှောက်ရမယ့်အထူးခိုင်ခံအောင် ပြုလုပ်ထားတဲ့ သေတ္တာဖြစ်တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ယောရှု ၆း၈-၁၆၊၂၀ ယောရှုသည်လူများတို့အားမှာထားပြီးမှ၊ ယဘိလတံပိုး ခုနစ်လုံးကိုဆောင်သော ယဇ်ပုရောဟိတ် ခုနစ်ယောက်တို့သည် ထာဝရဘုရားရှေ့တော်၌ တံပိုမှုတ်လျှက်သွားကြ၏။ ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော်သည် သူတို့နောက်သို့လိုက်လေ၏။ တံပိုးမှုတ်သော ယဇ်ပုရောဟိတ်တို့ရှေ့မှာ လက်နက်ကိုင်တို့သည် သွား၍ ၊ ယဇ်ပုရောဟိတ်များ တံပိုးမှုတ်လျက် သွားကြစဉ်၊ နောက် တပ်သားတို့သည် သေတ္တာတော်နောက်သို့လိုက်ကြ၏။ ယောရှုကလည်း၊ သင်တို့သည် ကြွေးကြော်စေခြင်းငှာ ငါမှာထားသောနေ့ မရောက်မှီတွင် မကြွေးကြောင်ရ၊ အသံတစုံတခုကိုမျှ မပြုရ၊ စကား တခွန်းကိုမျှ မပြောရ။ ထိုနေ့ရောက်မှ ကြွေးကြော်ရမည်ဟု လူများတို့အားမှာနင်လေပြီ။ ထိုသို့ ထာဝရဘုရား၏ သေတ္တာတော်သည် မြို့ကိုတကြိမ်လှည့်ပတ် ဝိုင်းသွားပြီးလျှင်၊ တပ်ထဲသို့ဝင်ပြန်၍ ညဉ့်ကိုလွန်စေ၏။ နံနက်စောစော ယောရှုသည် ထ၍ ယဇ်ပုရောဟိတ်တို့သည် ထာဝရဘုရား၏ သေတ္တာတော်ကို ထမ်းယူကြ၏။ ထာဝရဘုရား၏ သေတ္တာတော် ရှေ့မှာ ယဘိလတံပိုးခုနစ်လုံးကိုဆောင်သော ယဇ်ပုရောဟိတ် ခုနစ်ယောက်တို့သည် သွားမြဲသွား၍ တံပိုမှုတ်ကြ၏။ လက်နက်ကိုင်တို့သည် သူတို့ရှေ့မှာသွား၍ ယဇ်ပုရောဟိတ်များ တံပိုမှုတ်လျက်သွားကြစဉ်၊ နောက်တပ်သားတို့သည် ထာဝရဘုရား၏ သေတ္တာတော်နောက်သို့လိုက်ကြ၏။ ဒုတိယနေ့၌ မြို့ကိုတကြိမ် လှည့်ပတ်ပြီးမှ တပ်ထဲသို့ပြန်လာကြ၏။ ထိုသို့ခြောက်ရက်ပတ်လုံး ပြုလုပ်ကြ၏။ သတ္တမနေ့ နံနက်စောစော မိုဃ်းလင်းစကထ၍ အရင်နည်းတူ ခုနစ်ကြိမ်တိုင်အောင် မြို့ကိုလှည့်ပတ်ကြ၏။ သတ္တမအကြိမ်တွင်

ယဇ်ပုရောဟိတ်တို့သည် တံပိုးမှုတ်သောအခါ ယောရှုက ကြွေးကြော်ကြလော့။ ထာဝရဘုရားသည် သင်တို့အား မြို့ကိုပေးတော်မူမည်။
အငယ် ၂၀ ៖ ထိုသို့နှင့်အညီ တံပိုးကိုမှုတ်၍ လူများတို့သည် ကြွေးကြော်ကြ၏။ တံပိုးသံကိုးကြား၍ ကျယ်သောအသံနှင့် ကြွေးကြော်ကြသောအခါ၊ မြို့ရိုးသည် အကုန်အစင်ပြိုလဲ၍ လူများအပေါင်းတို့သည် မြို့ထဲသို့ တည့်တည့်ဝင်ပြီးလျှင် သိမ်းယူကြ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ခေါ်ထုတ်လုပ်ဆောင်ခြင်း -- ကလေးများတစ်ချို့ကိုခေါ်ထုတ်ပြီး ပုံပြင်ပြောရင်း ပုံပြင်ထဲကအတိုင်း လုပ်ဆောင်ခြင်း ပြုလုပ်စေပါ။ ကျန်ရှိသော ကလေးများလည်း ပါဝင်လုပ်ဆောင်စေပြီး ပုံပြင်အတိုင်း ခေါ်ထုတ်လုပ်ဆောင်ပါ။

၆။မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲက ကွဲပြားနေတဲ့ သရုပ်ဖော်သူ၊ အဖွဲ့တွေက ဘယ်သူတွေလဲ။
- ပုံပြင်ထဲမှာ သရုပ်ဖော်သူတွေအားဖြင့် ဘုရားက ဘာသွန်သင်ပြနေလဲ။
- ပုံပြင်နားထောင်နေချိန်မှာ သင်ဘာစိတ်ကူးစဉ်းစားနေလဲ။ ဘယ်လိုခံစားချက်မျိုးရရှိသလဲ။
- ယနေ့ပုံပြင်အားဖြင့် သင်ကိုဘာ အံ့သြစရာ ဖြစ်စေသလဲ။
- တစ်ခါတစ်ရံ သင်ဟာ ဘုရားသခင်အတွက် မိုက်မဲမှုမျိုး တစ်စုံတစ်ခုပြုလုပ်မိခဲ့တဲ့အရာကဘာလဲ။
- ယနေ့ပုံပြင်အားဖြင့် ဘုရားသခင်ရဲ့ အကြောင်းဘာတွေသင်ယူနေရသလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ပုံပြင်အားဖြင့် ဘုရားသခင်က သင့်ကိုပြောင်းလဲစေချင်တဲ့အရာကဘာလဲ။
- ယနေ့ ဘုရားသခင်ကို ဘယ်လိုတုန့်ပြန်မလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ကိုယ်တော့်ကိုအမြဲတမ်း ယုံကြည်ပါ့မယ်၊ ကိုယ်တော့်အဖြေကိုစောင့်တက်ဖို့ စိတ်ရှည်ခြင်းကောင်းကြီး ပေးတော်မူပါ။

# ယောရှု ၊ ယေရိခေါမြို့ရိုး ပြိုကျခြင်း ( ၂ )
# ယောရှု ၆း၈-၁၆၊ ၂၀

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့အတွက် ခက်ခဲမယ်လို့ထင်ရတဲ့ အိမ်မှုကိစ္စတွေကို လွယ်ကူစွာပြီးမြောက်ခဲ့တဲ့ အချိန်ရှိရင် ပြောပြနိုင်မလား။

၃။ နောက်ခံသမိုင်း

ယောရှုက ယေရိခေါမြို့ကိုနီးကပ်နေချိန်မှာ ထာဝရဘုရား၏ ဗိုလ်ခြေကို အုပ်စိုးသော ဗိုလ်မှူးနှင့် တွေ့ဆုံခဲ့တယ်။ယောရှုလည်း မြေပေါ်မှာ ပြပ်ဝပ်ကိုးကွယ်ပြီး၊ ဗိုလ်မှူးက သင်၏ခြေနင်းကိုချွတ်လော့၊ သင်နင်းသောအရပ်က မြင့်မြတ်တဲ့မြေဖြစ်တယ်။

နောက်ပြီး ယောရှုကိုလည်း အင်အားကြီးမားသော၊ မြို့ရိုးမြင့်သော ယေရိခေါမြို့ကို အောင်နိုင်ရန် ဘယ်လိုပြုလုပ်ရမလည်းဆိုတာကိုလည်း သင်ကြားပို့ချပေးခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ယောရှု ၆း၈-၁၆ ယောရှုသည်လူများတို့အားမှာထားပြီးမှ၊ ယုဘိလတံပိုး ခုနစ်လုံးကိုဆောင်သော ယဇ်ပုရောဟိတ် ခုနစ်ယောက်တို့သည် ထာဝရဘုရားရှေ့တော်၌ တံပိုးမှုတ်လျှက်သွားကြ၏။ ထာဝရဘုရား၏ ပဋိညာဉ် သေတ္တာတော်သည် သူတို့နောက်သို့လိုက်လေ၏။ တံပိုးမှုတ်သော ယဇ်ပုရောဟိတ်တို့ရှေ့မှာ လက်နက်ကိုင်တို့သည် သွား၍ ၊ ယဇ်ပုရောဟိတ်များ တံပိုးမှုတ်လျက် သွားကြစဉ်၊ နောက် တပ်သားတို့သည် သေတ္တာတော်နောက်သို့လိုက်ကြ၏။ ယောရှုကလည်း၊ သင်တို့သည် ကြွေးကြော်စေခြင်းငှာ ငါမှာထားသောနေ့ မရောက်မီတွင် မကြွေးကြောင်ရ၊ အသံတစုံတခုကိုမျှ မပြုရ၊ စကား တခွန်းကိုမျှ မပြောရ။ ထိုနေ့ရောက်မှ ကြွေးကြော်ရမည်ဟု လူများတို့အားမှာနင်လေပြီ။ ထိုသို့ ထာဝရဘုရား၏ သေတ္တာတော်သည် မြို့ကိုတကြိမ်လှည့်ပတ် ဝိုင်းသွားပြီးလျှင်၊ တပ်ထဲသို့ဝင်ပြန်၍ ညဉ့်ကိုလွန်စေ၏။ နံနက်စောစော ယောရှုသည် ထ၍ ယဇ်ပုရောဟိတ်တို့သည် ထာဝရဘုရား၏ သေတ္တာတော်ကို ထမ်းယူကြ၏။ ထာဝရဘုရား၏ သေတ္တာတော် ရှေ့မှာ ယုဘိလတံပိုးခုနစ်လုံးကိုဆောင်သော ယဇ်ပုရောဟိတ် ခုနစ်ယောက်တို့သည် သွားမြဲသွား၍ တံပိုမှုတ်ကြ၏။ လက်နက်ကိုင်တို့သည် သူတို့ရှေ့မှာသွား၍ ယဇ်ပုရောဟိတ်များ တံပိုမှုတ်လျက်သွားကြစဉ်၊ နောက်တပ်သားတို့သည် ထာဝရဘုရား၏ သေတ္တာတော်နောက်သို့လိုက်ကြ၏။ ဒုတိယနေ့၌ မြို့ကိုတကြိမ် လှည့်ပတ်ပြီးမှ တပ်ထဲသို့ပြန်လာကြ၏။ ထိုသို့ခြောက်ရက်ပတ်လုံး ပြုလုပ်ကြ၏။ သတ္တမနေ့ နံနက်စောစော မိုဃ်းလင်းစကထ၍ အရင်နည်းတူ ခုနစ်ကြိမ်တိုင်အောင် မြို့ကိုလှည့်ပတ်ကြ၏။ သတ္တမအကြိမ်တွင်

ယဖ်ပုရောဟိတ်တို့သည် တံပိုးမှုတ်သောအခါ ယောရှုက ကြွေးကြော်ကြလော့။ ထာဝရဘုရားသည် သင်တို့အား မြို့ကိုပေးတော်မူမည်။
အငယ် ၂၀ ။ ထိုသို့နှင့်အညီ တံပိုးကိုမှုတ်၍ လူများတို့သည် ကြွေးကြော်ကြ၏။ တံပိုးသံကိုးကြား၍ ကျယ်သောအသံနှင့် ကြွေးကြော်ကြသောအခါ၊ မြို့ရိုးသည် အကုန်အစင်ပြိုလဲ၍ လူများအပေါင်းတို့သည် မြို့ထဲသို့ တည့်တည့်ဝင်ပြီးလျှင် သိမ်းယူကြ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
၅၀ ရေတွက်ခြင်း -- ၁မှ၅၀ အထိ ဖြေးညှင်းစွာရေတွက်ပြီး ပုံပြင်ပြောနိုင်သော ကလေးကိုရှာပါ (သို့) အခြားနံပါတ်များအသုံးပြုပြီး ပုံပြန်ပြောခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှ သင်နှစ်သက်တဲ့အရာကဘာဖြစ်မလဲ။
- ယောရှုနှင့်ဘုရားသခင်ရဲ့ဆက်ဆံရေးကိုကြည့်ခြင်းအားဖြင့် သင်ဘာသင်ယူခဲ့ရသလဲ။
- လူမျိုးစုတွေက ဘာကိုရွေးချယ်ခဲ့သလဲ။ သူ့တို့ဘာကိုပြုလုပ်ခဲ့သလဲ။ သူတို့ရဲ့ရွေးချယ်မှုကြောင့် ဘာတွေဖြစ်ပျက်ခဲ့သလလဲ။
- ဒီပုံပြင်ထဲကယောရှုရဲ့နှလုံးသားနဲ့စိတ်ကိုဘယ်လိုမြင်သလဲ။ ဘုရားရဲ့လူမျိုးစုတွေကိုရော ဘယ်လို မြင်လဲ။ ယေရိခေါ်မြို့မှာနေတဲ့သူတွေရော..။ သင်လည်းမြို့ရိုးကိုပတ်နေတဲ့သူတွေထဲမှာ ပါဝင်နေခဲ့ရင် ဘယ်လိုခံစားရမလဲ။
- ဒီပုံပြင်က သင့်ကို ဘယ်လိုစိန်ခေါ်မှု၊ ခွန်အားပေးမှုရှိသလဲ။ ဘုရားက အရမ်းခက်ခဲတဲ့အရာ သင့်ကို ပြုလုပ်ခိုင်းဖို့ ပြောလိမ့်မယ်လို့ သင်ခံစားဖူးပါသလား။
- ပုံပြင်အားဖြင့် ဘုရားရဲ့ အကြံစည်တော် နည်းလမ်းတွေက ဘာတွေဖြစ်မလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားရတဲ့ပုံပြင်က သင့်ကိုဘုရားက ဘာကိုပြုလုပ်ဖို့ ပြောနေသလဲ။
- ပုံပြင်ထဲကအတိုင်း ဘုရားကသင့်ကို ဘယ်လို အလိုတော်ရှိတယ်လို့ သင်ထင်လဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ကျွန်ုပ်တို့ရဲ့အဖ၊ ကိုယ်တော်ဟာ ကြီးမြတ်သော ဘုန်းတန်ခိုးကြွယ်ဝသော ဘုရားဖြစ်ပါတယ်။ ကိုယ်တော့်ရဲ့ အလိုတော်ရှိသောအရာပြုလုပ်ရန် ကောင်းကြီးပေးပါ။

# လေရှိုး ဗိုလ်ချုပ်မင်းနေမန်၏ အနာရောဂါပျောက်ခြင်း (၁)

## ၄ ရာ ၅ း ၉ - ၁၅

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

မင်းတို့အရမ်းနေမကောင်းဖြစ်တဲ့အချိန်ကိုပြောပြပါ။

၃။ နောက်ခံသမိုင်း

နေမန်ဟာ ဗိုလ်ချုပ်မင်းတစ်ယောက်ဖြစ်တယ်။ နေမန်ဟာ နေမကောင်းဘဲ အရေပြားရောဂါတစ်မျိုးဖြစ်တဲ့ နူနာရောဂါ ခံစားနေရတယ်။ ဣသရေလ မိန်းမငယ်တစ်ယောက်က ပရောဖက်တစ်ယောက်ကိုတွေ့ဖို့ရန် ပြောခဲ့တယ် သူက လေရှဲဖြစ်ပြီး နူနာကို ပျောက်စေနိုင်တယ်လို့လည်းပြောပြခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

၄ ရာ ၅ း ၉ -၁၅ ထိုကြောင့်နေမန်သည် မြင်းရထားကိုစီးသွား ၍ လေရှဲ အိမ်ရှေ့မှာရပ်နေ၏။ လေရှဲက သင်သည်သွား ၍ ယော်ဒန်မြစ်၌ ခုနစ်ကြိမ်တိုင်အောင်ရေချိုးလော့။ အသားပြောင်း ၍ သန့်ရှင်းလိမ့်မည်ဟု လူကိုစေလွှတ် ၍ ပြောစေ၏။ နေမန်ကလည်း၊ အကယ် ၍ ပရောဖက်သည်ထွက်လာမည်။ ငါ့အနားမှာရပ်လျက် မိမိဘုရားသခင် ထာဝရဘုရား၏နာမကိုခေါ် ၍ မိမိလက်နှင့်သုံးသပ်သဖြင့် နူနာကိုပျောက်စေမည်ဟု ငါထင်၏။ ဒမာသက်ပြည်၌ အာဗနမြစ်၊ ဖာဖာမြစ် တို့သည် ဣသရေလမြစ်အလုံးစုံထက်သာ ၍ ကောင်းသည်မဟုတ်လော။ ထိုမြစ်၌ ငါရေချိုး ၍ မသန့်ရှင်းရသလောဟု ဆိုလျက် အမျက်ထွက် ၍ ပြန်သွား၏။ ကျွန်တို့သည်ချဉ်းလာ ၍ အဘ၊ခက်သောအမှုကို ပြုရမည်ဟု ပရောဖက်စီရင်လျှင် ပြုတော်မူမည်မဟုတ်လော။ရေချိုး ၍သာ သန့်ရှင်းခြင်းသို့ ရောက်လော့ဟု စီရင်လျှင် အဘယ်မျှလောက်သာ ၍ ပြုတော်မူသင့်ပါသည်တကားဟု လျှောက်ကြသော်၊ နေမန်သည်သွား ၍ ဘုရားသခင်၏လူ စီရင်သည်အတိုင်း၊ ယော်ဒန်မြစ်၌ ကိုယ်ကိုခုနစ်ကြိမ် နစ်သဖြင့်၊ သူ၏အသားသည် သူငယ်၏အသားကဲ့သို့ပြောင်း ၍ သန့်ရှင်းခြင်းသို့ရောက်၏။ သို့ပြီးမှ လိုက်သောသူ အပေါင်းတို့နှင့်တကွဘုရားသခင်၏လူထံသို့ပြန်လာ ၍ သူ့ရှေ့၌ရပ်လျက်၊ဣသရေလပြည်မှတပါး အဘယ်ပြည်၌မျှ ဘုရားသခင်မရှိသည်ကို ယခုကျွန်ုပ်သိပ်၏။ သို့ဖြစ် ၍ ကိုယ်တော်၏ ကျွန်လှူသော အလှူလက်ဆောင်ကို ခံယူတော်မူပါဟုတောင်းလျှောက်လေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
လက်လှုပ်ရှားမှုများ -- ကျမ်းစာပုံပြင်ကို အဖွဲ့လိုက်ဖြင့် လက်လှုပ်ရှားမှုပြုလုပ်ကာ ပြန်ပြောခိုင်းခြင်းဖြင့် ပုံပြင်ကိုမှတ်သားရန်ကူညီပေးလိမ့်မည်။ပုံပြင်ပြန်ပြောပြီးဆုံးသည်အထိ လက်လှုပ်ရှားမှုများကိုပြုလုပ်ပြန်ပြောခိုင်းပါ

၆။ မေးခွန်းရှာဖွေ တွေ့ရှိချက်များ

- ပုံပြင်ထဲမှာ သင်နှစ်သက်သော အရာကဘာလဲ။
- ပုံပြင်ထဲမှာ ကွဲပြားသော သရုပ်ဆောင်တွေက ဘယ်သူတွေလဲ။
- ပုံပြင်ထဲမှာ ဘုရားက လူတွေကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။ ဘာကိုပြသခဲ့သလဲ။
- ဗိုလ်ချုပ်နေမန်ကဘယ်လိုလူမျိုးလဲ။ တကယ်လို့ သင်ဟာ နေမန်ဖြစ်ခဲ့ရင် သင်ဘာလုပ်မလဲ။
- သင်နှင့်ရင်းနှီးသောသူတွေထဲမှာ အရမ်းနေမကောင်းဖြစ်တဲ့သူရှိသလား။ သင်ကိုဘယ်လိုခံစားရစေလဲ။
- ဘုရားက ဘယ်လိုကူညီမလဲ။ ဘုရားက သူတို့ကို ဘာပြောချင်သလဲ။
- ယနေ့ဘုရားသခင်ရဲ့ လုပ်ဆောင်ချက်တွေထဲမှာ သင်ဘာသွန်သင်မှုရရှိသလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ပုံပြင်အားဖြင့် ဘုရားသခင်အပေါ်ချစ်ပြီး အစေခံတက်ဖို့ ဘာတွေပြောင်းလဲရမလဲ ။
- ပုံပြင်ထဲကအတိုင်း ဘုရားရဲ့ အလိုတော်ရှိသောသူ ဖြစ်ဖို့ သင်ဘယ်လိုစဉ်းစားသလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ကိုယ်တော်ထံ မိမိကိုယ်ကိုနှိမ့်ချသောသူဟာ ချီးမြောက်ခြင်းကိုခံရမယ်ဆိုတာ သတိရတက်ဖို့ကူညီပါ။ ကလေးအယောက်စီတိုင်းမှာ ကိုယ်တော့်ကို ယုံကြည်တက်ဖို့ ကောင်းကြီးပေးပါ။

# လေရှဲ ဖိုလ်ချုပ်မင်းနေမန်၏ အနာရောဂါပျောက်ခြင်း (၂)
# ၄ ရာ ၅ း ၉ - ၁၅

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

သင့်ကိုတစ်ခြားသူတစ်ယောက်က သင်မသိသောအရာတစ်စုံတစ်ခု ပြုလုပ်ခိုင်းတာရှိခဲ့သလား။

၃။ နောက်ခံသမိုင်း

ဣသရေလ လူမျိုးစုတွေဟာ သူတို့တိုင်းပြည်မှာနေထိုင်ကြတာမဟုတ်ပါဘူး။ သူတို့ဟာ ရှုရိလူမျိုးရဲ့ကျွန် အဖြစ်ကျရောက်တဲ့အချိန်ဖြစ်ပါတယ်။ ရှုရိလူမျိုး ဗိုလ်ချုပ်တစ်ယောက်ဟာ နူနာရောဂါခံစားရပြီး အဲ့ဒီအချိန်အခါက ကုသပေးဖို့ဆေးမရှိတဲ့အချိန်ဖြစ်တယ်။ မိန်းမငယ်တစ်ယောက်က ပရောဖက် လေရှဲကိုတွေ့ဖို့ပြောပြခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

၄ ရာ ၅ း ၉ -၁၅ ထိုကြောင့်နေမန်သည် မြင်းရထားကိုစီးသွား ၍ လေရှဲ အိမ်ရှေ့မှာရပ်နေ၏။ လေရှဲက သင်သည်သွား ၍ ယော်ဒန်မြစ်၌ ခုနစ်ကြိမ်တိုင်အောင်ရေချိုးလော့။ အသားပြောင်း ၍ သန့်ရှင်းလိမ့်မည်ဟု လူကိုစေလွှတ် ၍ ပြောစေ၏။ နေမန်ကလည်း၊ အကယ် ၍ ပရောဖက်သည်ထွက်လာမည်။ ငါ့အနားမှာရပ်လျက် မိမိဘုရားသခင် ထာဝရဘုရား၏နာမကိုခေါ် ၍ မိမိလက်နှင့်သုံးသပ်သဖြင့် နူနာကိုပျောက်စေမည်ဟု ငါထင်၏။ ဒမာသက်ပြည်၌ အာဗနမြစ်၊ ဖာဖာမြစ် တို့သည် ဣသရေလမြစ်အလုံးစုံထက်သာ ၍ ကောင်းသည်မဟုတ်လော။ ထိုမြစ်၌ ငါရေချိုး ၍ မသန့်ရှင်းရသလောဟု ဆိုလျက် အမျက်ထွက် ၍ ပြန်သွား၏။ ကျွန်တို့သည်ချဉ်းလာ ၍ အဘ၊ခက်သောအမှုကို ပြုရမည်ဟု ပရောဖက်စီရင်လျှင် ပြုတော်မူမည်မဟုတ်လော။ရေချိုး ၍သာ သန့်ရှင်းခြင်းသို့ ရောက်လော့ဟု စီရင်လျှင် အဘယ်မျှလောက်သာ ၍ ပြုတော်မူသင့်ပါသည်တကားဟု လျှောက်ကြသော်၊ နေမန်သည်သွား ၍ ဘုရားသခင်၏လူ စီရင်သည်အတိုင်း၊ ယော်ဒန်မြစ်၌ ကိုယ်ကိုခုနစ်ကြိမ် နှစ်သဖြင့်၊ သူ၏အသားသည် သူငယ်၏အသားကဲ့သို့ပြောင်း ၍ သန့်ရှင်းခြင်းသို့ရောက်၏။ သို့ပြီးမှ လိုက်သောသူ အပေါင်းတို့နှင့်တကွဘုရားသခင်၏လူထံသို့ပြန်လာ ၍ သူ့ရှေ့၌ရပ်လျက်၊ဣသရေလပြည်မှတပါး အဘယ် ပြည်၌မျှ ဘုရားသခင်မရှိသည်ကို ယခုကျွန်ုပ်သိပ်၏။ သို့ဖြစ် ၍ ကိုယ်တော်၏ ကျွန်လှူသော အလှူလက်ဆောင်ကို ခံယူတော်မူပါဟုတောင်းလျှောက်လေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ကိုယ်ဟန်အမူအရာဖြင့် သရုပ်ဖော်မှု.. အဖွဲ့(၂) သို့မဟုတ် (၃) ဖွဲ့စသော လူအနည်းငယ်စုခွဲပါ။ ပထမဆုံးအဖွဲ့ကို ထုတ်၍ ပုံပြင်ကိုမပြောဘဲ အမူအရာပြုလုပ်သရုပ်ဖော်ခိုင်းကာ ကျန်ရှိသောအဖွဲ့များကို အဖြစ်အပျက်နှင့် ပတ်သက်၍ ပြောခိုင်းပါ။ ပုံပြင်အစမှအဆုံးထိတိုင် တစ်ဖွဲ့ပြီး တစ်ဖွဲ့ပြုလုပ်ခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲက သင်နှစ်သက်တဲ့အရာက ဘာလဲ။
- ဘာဖြစ်လို့ ဒီပုံပြင်ကို ဘုရားက ကျမ်းစာထဲမှာ ရေးသားထားတာလဲ။
- လူတွေက ဘာကိုရွေးချယ်ခဲ့သလဲ။ ဘာကိုပြုလုပ်ခဲ့သလဲ။ သူတို့ရဲ့ရွေးချယ်မှုက ဘာတွေဖြစ်ပျက် ခဲ့သလဲ။
- ဗိုလ်ချုပ်နေမန်ရဲ့ နှလုံးသားနဲ့စိတ်က ပုံပြင်ထဲမှာ သင့်ကိုဘာအံ့သြမှုတွေပေးခဲ့သလဲ။
- ဗိုလ်ချုပ်နေမန်ကဲ့သို့ ဘုရားသခင်ရဲ့အလိုတော်နာခံဖို့ အချိန်အခါသင့်မှာရှိသလား။
- ဘုရားသခင်ပြုလုပ်ခဲ့တဲ့ ကြီးမားသောအရာအတွက် သင်ဘယ်လို ချီးမွမ်းချင်လဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ဘုရားရဲ့အလိုတော်ကို လိုက်လျှောက်သောသူထံမှ သင်ဘာသွန်သင်မှု ပုံပြင်ထဲမှရရှိသလဲ။
- ဒီအပတ်ထဲ အလိုတော်ဝန်ခံမှုသင့်အတွက်ရှိမယ်လို့ ထင်ပါသလား။
- ဒီအပတ်ထဲမှာ ပုံပြင်ကို ဘယ်သူ့ကိုပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ကိုယ်တော့်ရဲ့ အလိုတော်နာခံတက်ဖို့ ကူညီမစပါ။ ကိုယ်တော်ဟာ အရာအားလုံးပြုလုပ်နိုင်သူဖြစ်ပါတယ်။

## ဟေရှာယ ៖ ထာဝရဘုရားထံမှ ရူပါရုံ
## ဟေရှာယ ၆း၁-၈

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

မင်းတို့အထူးလုပ်ငန်းတာဝန်တစ်ခုပြုလုပ်ဖို့ တာဝန်ပေးခြင်းခံရဖူးသလား။ရှိခဲ့ရင်ဘာတာဝန်လုပ်ခဲ့သလဲ။ ဘယ်လိုခံစားချက်မျိုး ခံစားရသလဲ။

၃။ နောက်ခံသမိုင်း

ပရောဖက်ဆိုတာ ဘုရားသခင်နှင့်စကားပြောဖို့ ၊ အဆက်အသွယ်ရှိရန် အထူးရွေးချယ်ခံထားရတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။မှန်ကန်တဲ့စကားတွေကိုပဲလူတွေအပေါ်ပြောဆိုရတဲ့သူတွေဖြစ်လို့ ဘုရားသခင်နဲ့ ပိုပြီးနီးကပ်စွာရှိနေတဲ့သူတွေဖြစ်တယ်။ ဟေရှာယ ဆိုတဲ့သူကလည်း ယခုလိုပရောဖတ်ထဲကသူတစ်ယောက်ဖြစ်တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ဟေရှာယ ၆း၁-၈ ဩဇိမင်းကြီး အနိစ္စရောက်သောနှစ်တွင် ထာဝရဘုရားသည် အလွန်မြင့်မြတ်သော ပလ္လင်ပေါ်မှာ ထိုင်တော်မူ သည်ကို ငါမြင်၏။ အဝတ်တော်တန်ဆာသည် ဗိမာန်တော်ကို ဖြည့်လေ၏။ ကောင်းကင်တမန် သရပ်တို့သည် ပလ္လင်တော်တဘက်တချပ်၌ ရပ်နေကြ၏။ သူတို့သည်အတောင်ခြောက်ခုစီရှိ၍၊ အတောင်နှစ်ခုဖြင့်မျက်နှာကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့်ခြေတို့ကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့်ပျံတက်ကြ၏။ သူတို့ကလည်း၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏ဟု တပါးကိုတပါး ကြွေးကြော်၍ မြွက်ဆိုကြ၏။ ထိုသို့သောကြွေးကြော်သံကြောင့် ၊ တံခါးတိုင်တို့သည်လှုပ်ရှား၍ ၊ မီးခိုးနှင့်တအိမ်လုံးပြည့်လေ၏။ ငါကလည်း၊ ငါ၌အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား ငါသည်ညစ်ညူးသော နှုတ်ခမ်းရှိလျက်၊ ညစ်ညူးသော နှုတ်ခမ်းရှိသော လူမျိုးတွင်နေလျက်နှင့် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို၊ ကိုယ်မျက်စိနှင့်မြင်လေပြီတကားဟုဆို၏။ ထိုအခါကောင်းကင်တမန် သရပ်တပါးသည် ယဇ်ပလ္လင်ပေါ်က မီးညှပ်ဖြင့်ယူသော မီးခဲတခဲကို လက်နှင့်ကိုင်လျက် ငါရှိရာသို့ပျံလာ ၍၊ ငါ့နှုတ်ကို တို့ပြီးလျှင်၊ ဤမီးခဲသည် သင်၏နှုတ်ခမ်းကိုတွေ့ပြီ။ သင်၏ ဒုစရိုက်ကိုသုတ်သင်ပြီ။ သင်၏အပြစ်လည်းပြေရှင်းပြီဟုဆို၏။ တဖန်ထာဝရဘုရားက၊ ငါသည် အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဘို့ အဘယ်သူသွားမည်နည်းဟု မေးတော်မူသံကို ငါကြားလျှင်၊ ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါဟု လျှောက်လေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြန်လည်ဆန်းစစ်ခြင်း ။ ပုံပြင်ကိုမေးခွန်းများပြန်လည်မေးမြန်းဖြင်းဖြင့်၊ အမှန်နှင့်အမှားကိုထောက်ပြပြန်ပြောပါ။

ကြိုးဂိမ်းကစားခြင်း ။ ၁၅လက်မကြိုးတစ်ကြိုးဖြင့်ချည်စေပြီး စက်ဝိုင်းပုံစံပြုလုပ်ကာ ကလေးများကို ကြိုးကိုင်ထားခိုင်းပါ။ ပြီးလျှင်ကြိုးကိုင်လျှက်လှုပ်ရှားမှုပြုလုပ်စေပါ။ ဦးဆောင်သူ “ ရပ်” ဟုပြောသောအချိန်တွင်ကြိုးထုံးထားသောနေရာနှင့် အနီးဆုံးရှိသောကလေးကို ပုံပြင်အပိုင်းလိုက် ပြောဆိုခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ပြောနေချိန် သင်ဘာစိတ်ကူးစဉ်းစားမိလဲ။
- ဟေရှာယ၏ ဘုရားသခင်နှင့်ဆက်ဆံရေးအားဖြင့် သင်ဘာသွန်သင်မှုခံစားရသလဲ။
- ယနေ့ ဘုရားသခင်ရဲ့အကြောင်း တစ်စုံတစ်ခု သင်ခန်းစာရခဲ့တာရှိသလား။
- ပုံပြင်ကြားပြီးနောက် သင့်ကိုယ်သင် ဘယ်လိုပြောင်းလဲ မြင်ရမလဲ။
- ပုံပြင်အားဖြင့် ဘုရားအလိုတော် အတိုင်းအသက်ရှင်ဖို့ ဘာသင်ခန်းစာရရှိခဲ့သလဲ။
- တကယ်လို့ ယခု ဘုရားက သင့်ထံရောက်ရှိလာမယ်ဆိုရင် သင်ဘုရားကို ဘာပြောမလဲ။ ဆရာ/မကသင်တို့ရဲ့ တုန့်ပြန်မှုကို အရမ်းသိချင်တယ်။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့သင်ခန်းစာအားဖြင့် ဝိညာဉ်တော်က မင်းတို့ကို ဘာပြောနေတယ်လို့ ခံစားရလဲ။
- ပုံပြင်ထဲမှာ ဘုရားက ဘယ်လိုနေရာမျိုးမှာ မင်းကိုပါဝင်ပတ်သက်စေချင်တယ်လို ထင်လဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ကိုယ်တော်ဟာ သန့်ရှင်း၊သန့်ရှင်း၊သန့်ရှင်း၊ ဘုန်းတန်ခိုးပြည့်စုံသောအရှင်၊ တစ်လောကလုံးကိုယ်တော့်ဘုန်းတော်ပြည့်လျှံစေပါ။ ကိုယ်တော့်ကို ကိုးကွယ်တက်သော နှလုံးသားရှိစေဖို့ ကောင်းကြီးပေးပါ။

# ဟေရှာယ ၊ ထာဝရဘုရားထံမှ ရူပါရုံ (၂)
## ဟေရှာယ ၆း၁-၈

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

## ၂။ အဖွင့်

မိုးကောင်းကင်က ဘာနဲ့တူသလဲ။ ဘုရားသခင်ရဲ့နိုင်ငံတော်နဲ့တူတယ်လို့ မင်းတို့ထင်သလား။

## ၃။ နောက်ခံသမိုင်း

ပရောဖက် ဟေရှာယဟာ ဘုရားရဲ့ အထူးရွေးချယ်ခံရတဲ့ ပရောဖက်ဖြစ်တဲ့အတွက် ဘုရားသခင်က သူ့ကိုကောင်းကင်နိုင်ငံကိုခေါ်ဆောင်ခဲ့တယ်။

သူကကောင်းကင်တမန်တွေ ဘုရားသခင်ကို ကိုးကွယ်နေတာမြင်တွေ့ခဲ့သလို ဘုရားက သူ့ကို ပြောခဲ့တာလည်းရှိခဲ့တယ်။

## ၄။ ကျမ်းစာပုံပြင်ပြောခြင်း

ဟေရှာယ ၆း၁-၈  ဩဇိမင်းကြီး အနိစ္စရောက်သောနှစ်တွင် ထာဝရဘုရားသည် အလွန်မြင့်မြတ်သော ပလ္လင်ပေါ်မှာ ထိုင်တော်မူ သည်ကို ငါမြင်၏။ အဝတ်တော်တန်ဆာသည် ဗိမာန်တော်ကို ဖြည့်လေ၏။ ကောင်းကင်တမန် သရပ်တို့သည် ပလ္လင်တော်တဘက်တချပ်၌ ရပ်နေကြ၏။ သူတို့သည်အတောင်ခြောက်ခုစီရှိ၍၊ အတောင်နှစ်ခုဖြင့်မျက်နှာကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့်ခြေတို့ကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့်ပျံတက်ကြ၏။ သူတို့ကလည်း၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏ဟု တပါးကိုတပါး ကြွေးကြော်၍ မြွတ်ဆိုကြ၏။ ထိုသို့သောကြွေးကြော်သံကြောင့် ၊ တံခါးတိုင်တို့သည်လှုပ်ရှား၍ ၊ မီးခိုးနှင့်တအိမ်လုံးပြည့်လေ၏။ ငါကလည်း၊ ငါ၌အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား ငါသည်ညစ်ညူးသော နှုတ်ခမ်းရှိလျက်၊ ညစ်ညူးသော နှုတ်ခမ်းရှိသော လူမျိုးတွင်နေလျက်နှင့် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို၊ ကိုယ်မျက်စိနှင့်မြင်လေပြီတကားဟုဆို၏။ ထိုအခါကောင်းကင်တမန် သရပ်တပါးသည် ယဇ်ပလ္လင်ပေါ်က မီးညှပ်ဖြင့်ယူသော မီးခဲတခဲကို လက်နှင့်ကိုင်လျက် ငါရှိရာသို့ပျံလာ ၍၊ ငါ့နှုတ်ကို တို့ပြီးလျှင်၊ ဤမီးခဲသည် သင်၏နှုတ်ခမ်းကိုတွေ့ပြီ။ သင်၏ ဒုစရိုက်ကိုသုတ်သင်ပြီ။ သင်၏အပြစ်လည်းပြေရှင်းပြီဟုဆို၏။ တဖန်ထာဝရဘုရားက၊ ငါသည် အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဘို့ အဘယ်သူသွားမည်နည်းဟု မေးတော်မူသံကို ငါကြားလျှင်၊ ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါဟု လျှောက်လေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများပြန်လည်မေးမြန်းခြင်းဖြင့်၊ အမှန်နဲ့အမှားကိုထောက်ပြပါ။ အဖွဲ့တွဲခြင်း -- ကလေးများ၂ယောက်မှ ၃ယောက်အဖွဲ့ဖွဲ့ပါ။ တစ်ဦးချင်းစီပုံပြင်ပြန်ပြောခိုင်းပါ။ အကယ် ၍ တစ်စုံတစ်ယောက်က မပြောချင်၊ ပုံပြင်မေ့နေလျှင် ကျန်ရှိသောအဖွဲ့မှ ကူညီထောက်ပြပြီး ပုံပြန်ပြောခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှ သင်နှစ်သက်တဲ့အရာက ဘာလဲ။
- ဟေရှာယ ဘာကိုရွေးချယ်ခဲ့လဲ။ ဘာလုပ်ခဲ့သလဲ။ သူ့ရဲ့ရွေးချယ်မှုက ဘာဖြစ်မလဲ။
- ပုံပြင်ပြောနေချိန် သင်ဘာကိုစဉ်းစားမိသလဲ။ ဘာတွေကြားရ၊ မြင်ရ၊ ခံစားရသလဲ။
- ဟေရှာယရဲ့နှလုံးသားနှင့်စိတ်က ဘယ်လို ပုံစံဖြစ်မလဲ။
- တကယ်လို့ ဘုရားက ဟေရှာယကိုခေါ်ဆောင်သလို သင့်ကိုဘယ်လိုပုံစံနဲ့ခေါ်နေတယ်လို့ သင်ထင်လဲ။ ဘုရားက သင့်ကိုဘာပြောချင်နေလဲ။
- သင် ဘုရားအလိုတော်အတိုင်းအသက်ရှင်ဖို့ ဘာကို လုံးဝစွန့်ပစ်ရမလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှု မေးခွန်းများ

- ယနေ့ဘုရားသခင်ကို သင်ဘယ်လိုတုန့်ပြန်မလဲ။
- ယခုတစ်ပတ် သင်ဘယ်သူ့ကို ပုံပြင်ပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ယေရှုဘုရား ကိုယ်တော့်ရဲ့အသွေးတော်အားဖြင့် ကျွန်ုပ်ရဲ့အပြစ်များကို ယူဆောင်ပေးခဲ့ပါတယ်။ ကလေးများအားလုံးကို ကိုယ်တော့်အတွက်၊ ကိုယ်တော့်ရဲ့နိုင်ငံတော်အတွက် ရှုပါရုံ အိမ်မက်ရှိစေဖို့ ကောင်းကြီးပေးပါ။

# ယေရှုမွေးဖွားခြင်း
# ကောင်းကင်တမန် မာရိထံသို့ ရောက်လာခြင်း(၁)
# လုကာ ၁ း ၂၆ -၃၈

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

မင်းတို့တစ်ခြားသူဆီက အကောင်းဆုံး ဘာလက်ဆောင်ရခဲ့ဖူးသလဲ။

၃။ နောက်ခံသမိုင်း

နှစ်ပေါင်း ( ၄၀၀ ) ခန့် လူတွေကို ဘုရားသခင်ရဲ့စကားပြောခြင်းမရှိခဲ့ဘူး။ ကြာရှည်လွန်းတဲ့အချိန် ဖြစ်ခဲ့တယ်။ ဂါဗေလလို့ အမည်ရတဲ့ ကောင်းကင်တမန်တစ်ပါးက ယဇ်ပုရောဟိတ် ဇာခရိထံသို့ရောက်လာပြီး အသက်အရွယ်ကြီးရင်နေပြီဖြစ်တဲ့သူ့ရဲ့ဇနီးကိုသားယောကျာ်းရလိမ့်မယ်၊သူငယ်ကိုယောဟန်အမည်ပေးရမယ်လို့ ပြောခဲ့တယ်။

နောက်မကြာခင်မှာဘဲ၊ ကောင်းကင်တမန် ဂါဗေလက တစ်စုံတစ်ယောက်ကို အံ့အားသင့်စေမယ့် သတင်းပြောကြားခဲ့တယ်။ ဟေရှာယက ဘုရားသခင်ရဲ့ အထူးပြုလုပ်ဖို့ အခွင့်မှာကြားခံခဲ့ရသလိုပဲ ဘယ်သူက မှာကြားခြင်းခံရမလဲဆိုတာကြည့်ကြရအောင်..။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၁း၂၆-၃၈ ငါးလလွန်သောအခါ၊ ဂါလိလဲပြည်နာဇရက်မြို့၌ ဒါဝိဒ်အမျိုးသား ယောသပ် အမည်ရှိသော လူနှင့်ထိမ်းမြားဆောင်နှင်း ၍၊ မရက်တင်သေးသော သတို့သမီးကညာဆီသို့ဘုရားသခင်သည် ကောင်းကင်တမန် ဂါပြေလကိုစေလွှတ်တော်မူ၏။ ထိုသတို့သမီးကညာကား၊ မာရိ အမည်ရှိ၏။ ကောင်းကင်တမန် သည်ရောက်လာလျှင် ကျေးဇူးတော်ကိုခံရသောမိန်းမ၊ သင့်အားမင်္ဂလာရှိစေသတည်း။ ထာဝရဘုရားသည် သင်နှင့်အတူရှိတော်မူ၏။ သင်သည်မိန်းမတကာတို့ထက် မြတ်စွာသောမင်္ဂလာရှိသည်ဟု ပြောဆို၏။ မာရိသည် ထိုစကားကိုကြားလျှင် စိတ်နှလုံးမငြိမ်မဝပ်ရှိ ၍၊ ဤနှုတ်ဆက်ခြင်းကား အဘယ်သို့သော နှုတ်ဆက်ခြင်း ဖြစ်လိမ့်မည်နည်းဟု တွေးတောဆင်ခြင်၍နေ၏။ ကောင်းကင်တမန်ကလည်း၊ မာရိ၊ ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်သည်ဘုရားသခင့်ရှေ့တော်၌ မျက်နှာရပြီ။ သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောကျာ်းကိုဖွားမြင်လိမ့်မည်။ ထိုသားကိုယေရှုအမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား၊ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏ သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရအရှင် ဘုရားသခင်သည် သူ့အားပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ်

အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟု ပြောဆို၏။ မာရိကလည်း၊ဤအမှုအရာသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။ အကျွန်ုပ်သည်ယောကျာ်းနှင့် မဆက်ဆံပါဟုကောင်းကင်တမန်အားပြန်ပြော၏။ ကောင်းကင်တမန်ကလည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍၊ အမြင့်ဆုံးသောဘုရား၏ တန်ခိုးအားနသော်တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ ထိုမှတပါး အမြုံမဟူ၍ ခေါ်ဝေါ်သော သင်၏အဆွေအမျိုး ဧလိရှဗက်သည် ပဋိသန္ဓေစွဲယူ၍ ယခုခြောက်လအဝင်ရှိပြီ။ ဘုရားသခင် မတက်နိုင်သောအမှုမရှိဟုပြောဆိုလျှင်၊ မာရိက အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်မဖြစ်ပါ၏။ ကိုယ်တော်၏စကားအတိုင်း အကျွန်ုပ်၌ ဖြစ်ပါစေသောဟုဝန်ခံပြီးမှ၊ ကောင်းကင်တမန်သည် မာရိထံမှသွားလေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများပြန်လည်မေးမြန်းခြင်းဖြင့်၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

ဘောလုံးပစ်ပေးခြင်း -- ကလေး(၇)ယောက်ခန့်ကိုစက်ဝိုင်းပုံစံရှိစေပါ။ သီချင်းသံဖွင့်နေစဉ် ဘောလုံးကို အခြားတစ်ယောက်ကိုပစ်ပေးခြင်းပြုလုပ်ကာ သီချင်း “ ရပ် ” ချိန်တွင် ဘောလုံးရရှိသော သူကိုပုံပြင်ပြောခြင်းပြု လုပ်စေပါ။ ပိုပြီးပျော်စရာဖြစ်စေလိုလျှင် ဘောလုံးကိုလေမထိုးခင် ကျောက်ခဲအသေးလေးထည့်ပြီး ဘောလုံးကိုပြုလုပ်ခြင်းဖြင့် ဘောလုံးပစ်ပေးခြင်း ကစားနည်းဖြင့် ပုံပြင်အပိုင်းပိုင်းပြန်ပြောခြင်းပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်မျာ

- ပုံပြင်ထဲမှာသင်နှစ်သက်တဲ့အရာကဘာလဲ။
- ပုံပြင်ထဲမှ မတူညီတဲ့ သရုပ်ဖော်တွေက ဘယ်သူတွေလဲ။
- ပုံပြင်ပြောနေချိန်မှာ သင်ဘာကိုကြားရ၊ မြင်ယောင်မိသလဲ။ ပုံပြင်ထဲကလိုခံစားရတာရှိသလား။
- မာရိရဲ့နှလုံးသားနဲ့စိတ်ကဘယ်လိုဖြစ်နေမလဲ။သင်ဟာမာရိဖြစ်ခဲ့မယ်ဆိုရင်သင်ဘယ်လိုတုန့်ပြန်မလဲ။ သင့်ရဲ့ခံစားချက်ကဘာလဲ။
- ပုံပြင်ကြားရပြီးနောက်ပိုင်း သင့်ကိုသင် ဘယ်လိုပြုပြင်မလဲ။
- ဘုရားက “ ကြောက်ရွံ့ခြင်းမရှိနှင့်” လို့ ပြောခြင်းခံရတဲ့အခြေနေမျိုး သင့်ဘဝမှာရှိခဲ့သလား။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားရတဲ့ ပုံပြင်ထဲမှ ဝိညာဉ်တော်က သင့်ကိုဘာလုပ်စေချင်သလဲ။
- ပုံပြင်ထဲက အတိုင်း ဘုရားက သင့်ကို ဘယ်လိုအလိုတော်ရှိမယ်လို့ ထင်လဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

မမျှော်လင့်ပေမယ့် ရထိုက်ခဲ့တဲ့အရာကကိုယ်တော့်ရဲ့အကျွန်ုပ်အပေါ်ချစ်နေခြင်းဖြစ်ပါတယ်။ ကလေးများ အားလုံးကို ဘုရားသခင်ထံမှ မမျှော်လင့်ပေမယ့် ရခဲ့တဲ့ကောင်းကြီးရှိစေဖို့ ဆုတောင်းပေးပါတယ်။

# ယေရှုမွေးဖွားခြင်း
# ကောင်းကင်တမန် မာရိထံသို့ ရောက်လာခြင်း (၂)
# လုကာ ၁ း ၂၆ -၃၈

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

မင်းတို့တစ်ခြားသူဆီက အကောင်းဆုံး ဘာလက်ဆောင် ပေးခဲ့ဖူးသလည်း။

၃။ နောက်ခံသမိုင်း

ပရောဖက် ဇာခရိရဲ့ဇနီး ဧလိရှဗက်ဟာ သားယောက်ျားရရှိတဲ့အချိန်မှာ သူမဟာ အသက်ကြီးရင့်နေပြီ ဖြစ်တယ်။ အဲ့ဒီအရာက အံ့သြစရာကောင်းပါတယ်။ အဲ့ဒီသူငယ်လေးဟာ ထူးခြားပြီး လူအပေါင်းတို့ကို ထာဝရဘုရားရောက်ရှိမည့်အချိန်မှာ အဆင်သင့်ဖြစ်စေရန် လုပ်ဆောင်သောသူတစ်ယောက်ဖြစ်တယ်။ မာရိဟာလည်း ကိုယ်ဝန်ရှိနေပြီဖြစ်တယ်။

မာရိဟာ ယောက်ျား နှင့်မဆက်ဆံဘဲ ကိုယ်ဝန်ဆောင်ခြင်းဟာ ဘုရားသခင်ရဲ့ နမိတ်လက္ခဏာတစ်ခု ဖြစ်တယ်။ ဒါကြောင့်သူငယ်လေးရဲ့ဖခင်ဟာ ဘုရားသခင်ဘဲဖြစ်တယ်။ ဘုရားသခင်တစ်ပါးတည်းပဲ ဒီလိုပြုလုပ်နိုင်တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၁း၂၆-၃၈ ငါးလလွန်သောအခါ၊ ဂါလိလဲပြည်နာဇရက်မြို့၌ ဒါဝိဒ်အမျိုးသား ယောသပ်အမည်ရှိသော လူနှင့်ထိမ်းမြားဆောင်နှင်း ၍၊ မရှက်တင်သေးသော သတို့သမီးကညာဆီသို့ဘုရားသခင်သည် ကောင်းကင်တမန် ဂါဗြေလကိုစေလွှတ်တော်မူ၏။ ထိုသတို့သမီးကညာကား၊ မာရိ အမည်ရှိ၏။ ကောင်းကင်တမန်သည်ရောက်လာလျှင် ကျေးဇူးတော်ကိုခံရသောမိန်းမ၊ သင့်အားမင်္ဂလာရှိစေသတည်း။ ထာဝရဘုရားသည် သင်နှင့်အတူရှိတော်မူ၏။ သင်သည်မိန်းမတကာတို့ထက် မြတ်စွာသောမင်္ဂလာရှိသည်ဟု ပြောဆို၏။ မာရိသည် ထိုစကားကိုကြားလျှင် စိတ်နှလုံးမငြိမ်မဝပ်ရှိ ၍၊ ဤနှုတ်ဆက်ခြင်းကား အဘယ်သို့သော နှုတ်ဆက်ခြင်း ဖြစ်လိမ့်မည်နည်းဟု တွေးတောဆင်ခြင်၍နေ၏။ ကောင်းကင်တမန်ကလည်း၊ မာရိ၊ ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်သည်ဘုရားသခင့်ရှေ့တော်၌ မျက်နှာရပြီ။ သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကိုဖွားမြင်လိမ့်မည်။ ထိုသားကိုယေရှုအမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား၊ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏ သားတော်ဟုခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရအရှင် ဘုရားသခင်သည် သူ့အားပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ်

အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟု ပြောဆို၏။ မာရိကလည်း၎င်းအမှုအရာသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။ အကျွန်ုပ်သည်ယောကျ်ားနှင့် မဆက်ဆံပါဟုကောင်းကင်တမန်အားပြန်ပြော၏။ ကောင်းကင်တမန်ကလည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍၊ အမြင့်ဆုံးသောဘုရား၏ တန်ခိုးအားနသော်တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ ထိုမှတပါး အမြုံမဟူ၍ ခေါ်ဝေါ်သော သင်၏အဆွေအမျိုး ဧလိရှဗက်သည် ပဋိသန္ဓေစွဲယူ၍ ယခုခြောက်လအဝင်ရှိပြီ။ ဘုရားသခင် မတက်နိုင်သောအမှုမရှိဟုပြောဆိုလျှင်၊ မာရိက အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်မဖြစ်ပါ၏။ ကိုယ်တော်၏စကားအတိုင်း အကျွန်ုပ်၌ ဖြစ်ပါစေသောဟုဝန်ခံပြီးမှ၊ ကောင်းကင်တမန်သည် မာရိထံမှသွားလေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများပြန်လည်မေးမြန်းခြင်းဖြင့်၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

အဖွဲ့လိုက်ပိုစတာပြုလုပ်ခြင်း- ပုံပြင်ပိုစတာများကို ကလေးများနှင့်တတူပြုလုပ်ရန်၊ လိုအပ်သည့်အရာများကို ပြင်ဆင်ကာ ပုံပြင်ပိုစတာပြုလုပ်ပါ။ ပိုစတာပြုလုပ်ရာတွင် ကလေးများကိုယ်တိုင် ပုံပြင်ပြန်ပြောပြီး ရေးဆွဲကာ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်မား

- ယနေ့ကြားရတဲ့ပုံပြင်ကိုအရင်ကကြားဖူးသလား။ ယနေ့ဘာအကြောင်းအရာ အသစ်ကိုကြားခဲ့ရလဲ။
- မာရိရဲ့ရွေးချယ်မှုကဘာလဲ။ သူမ ဘာလုပ်ခဲလဲ၊ သူမရဲ့ရွေးချယ်မှုကြောင့် ဘာဖြစ်ပျက်ခဲ့လဲ။
- ပုံပြင်နားထောင်နေချိန် သင်စဉ်းစားမိခဲ့တဲ့အရာကဘာလဲ။ ဘယ်လိုခံစားချက်ရှိခဲ့သလဲ။
- တကယ်လို့ မာရိလိုဘုရားသခင်က မင်းတို့ဆီရောက်ရှိလာမယ်ဆိုရင် မင်းတို့ဘယ်လိုတုန့်ပြန်မလဲ။
- ယနေ့ပုံပြင်ထဲက သင့်အတွက်အရေးကြီးဆုံး အကြောင်းအရာကဘာလဲ။
- ဘုရားကဘာဖြစ်လို့ ဒီအကြောင်းအရာကို ကျမ်းစာထဲထည့်ရေးသားခဲ့တာလဲ။
- မင်းတို့ကို ဘုရားက ဘာအကြောင်းအရာနဲ့ စိန်ခေါ်မှုပြုလုပ်နေတယ်လို့ထင်သလဲ။
- ဘုရားသခင်ရဲ့ အကြောင်းပုံပြင်က ဘယ်လိုပြောထားလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ပုံပြင်က ယေရှုကိုချစ်ဖို့နှင့်သူ့ရဲ့အစေကိုခံဖို့ ဘယ်လိုသွန်သင်ထားသလဲ။
- ယခုအပတ်ထဲ ပုံပြင်အကြောင်း သင်ဘယ်သူ့ကို ဝေမျှမလဲ။

၈ ။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

ဘုရားသခင်ကစိတ်နှိမ့်ချသောသူနှင့်သူ့ကိုချစ်သောသူကိုရှာဖွေနေတယ်။ကျွန်ုပ်တို့ကိုစိတ်နှိမ့်ချတက်ဖို့ နှင့် ချစ်တက်သော နှလုံးသားရှိဖို့ ကောင်းကြီးပေးပါ။

# ယေရှုသည် သူငယ်ကဲ့သို့ (၁)
# လုကာ ၂း၄၁-၅၂

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

မင်းတို့ပြန်မရနိုင်တော့တဲ့၊ ရှာမတွေ့ဖြစ်ခဲ့တဲ့ အရာရှိခဲ့သလား။အဲ့ဒါကဘာလဲ။ ဘယ်လိုခံစားခဲ့ရလဲ။

၃။ နောက်ခံသမိုင်း

ယေရှုဟာ ဘုရားသခင်ရဲ့ သားဖြစ်သော်လည်း မင်းတို့တွေလိုပဲ ကလေးတစ်ယောက်ဖြစ်ခဲ့တယ်။ မင်းတို့လိုပဲ ပညာတွေသင်ယူနေတဲ့သူလည်းဖြစ်တယ်။ ယခု မင်းတို့ ဘာတွေသင်ယူနေလဲ။ ယေရှုနဲ့ သူ့ရဲ့ မိသားစု ဘာဖြစ်သလည်းဆက်ကြည့်ကြရအောင်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၂း၄၁-၅၂ မိဘတို့သည် နှစ်တိုင်းအစဉ် ပသခါပွဲခံချိန်ရောက်လျှင်၊ ယေရုရှလင်မြို့သို့ သွားကြ၏။ ယေရှုသည်တဆယ်နှစ်နှစ်ရှိသောအခါ ပသခါပွဲထုံးစံအတိုင်း ယေရုရှလင်မြို့သို့တက်ကြ ၍၊ ပွဲရက်နေ့လွန်ပြီးမှ မိဘတို့သည်ပြန်ကြလျှင်၊ သူငယ်ယေရှုသည် ယေရုရှလင်မြို့၌ နေရစ်လေ၏။ ယောသပ်နှင့်မယ်တော်သည် ထိုအကြောင်းကိုမသိ ၍ အပေါင်းအဘော်စုထဲမှာ သူငယ်ပါသည်ဟု စိတ်ထင်နှင့် တနေ့ခရီးသွားမိလျှင်၊ အဆွေအမျိုးအသိအကျွမ်းတို့တွင်ရှာ ၍၊ မတွေ့သောအခါ ယေရုရှလင်မြို့သို့ပြန် ၍ ရှာကြ၏။ သူငယ်မူကား၊ ဗိမာန်တော်၌ ဆရာများအလယ်မှာ ထိုင် ၍ထိုသူတို့နှင့် ဆွေးနွေးမေးမြန်းလျက်ရှိသည်ကို မိဘတို့သည် သုံးရက်ကြာမှ တွေ့ကြ၏။ သူငယ်၏စကားကိုကြားသော သူအပေါင်းတို့သည် သူ၏ပညာကိုင်း၊ စကားအဖြေကိုင်း အံ့သြကြ၏။ မိဘတို့သည်သားကိုမြင်လျှင် မိန်းမောတွေဝေ ၍ မယ်တော်က၊ ငါ့သား၊ အဘယ်ကြောင့် ငါတို့အား ဤသို့ပြုသနည်း။ ညိုးငယ်ကြောင့်ကြသောစိတ်နှင့် မိဘတို့သည်မောင်ကိုရှာကြပြီ ဟုဆိုသော်၊ ယေရှုက၊ မိဘသည်အဘယ်ကြောင့် အကျွန်ုပ်ကိုရှာရပါသနည်း။ အကျွန်ုပ်သည် အဘ၏အိမ်၌ နေရသည်ကို မသိပါသလောဟု ပြောဆိုလျှင်၊ သူတို့သည် ထိုစကားကိုနားမလည်ကြ။ ထိုနောက် ယေရှုသည် မိဘတို့နှင့်အတူ သွားသဖြင့် နာဇရက်မြို့သို့ရောက် ၍ သူတို့စကားကိုနားထောင်လျက်နေ၏။ ထိုအကြောင်းအရာ အလုံးစုံတို့ကို မယ်တော်သည် နှလုံးထဲ၌ မှတ်ကျုံးလေ၏။ ယေရှုသည်လည်း အစဉ်အတိုင်းကြီး ၍ ပညာတိုးပွါးလျက်၊ ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများပြန်လည်မေးမြန်းခြင်းဖြင့်၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

ပုံဆွဲခြင်း -- ကလေးများအားပုံပြင်ပြောနေချိန်မြင်ရ၊ကြားရသောအရာများကိုပုံဆွဲချရန် အသုံးအဆောင်များပေး၍ ပုံဆွဲခြင်းပြုလုပ်စေပါ။ ကလေးတစ်ယောက်ချင်းစီတိုင်း၊ ကိုယ်ရေးဆွဲထားသောပုံကိုပြန်ဝေမျှခြင်း၊ ပြသခြင်းပြုလုပ်စေပါ။ မတူညီသောအကြောင်းအရာများတွေ့ရှိခဲ့လျှင် ဖြည့်စွက်ပုံဆွဲခြင်းပြုလုပ်စေပါ။ ဆွဲထားပြီးသော ပုံများကို အစဉ်လိုက် ပြုလုပ်စေပြီး ပုံပြင်ပြန်ပြောရာတွင် အသုံးပြုကာ ပုံပြင်ပြန်ပြောခြင်း ပြုလုပ်ခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ပြောနေချိန်မှာ သင်ဘာကိုစိတ်ကူးပုံဖော်ကြည့်မိခဲ့သလဲ။ ဘာကိုကြားရ၊ မြင်တွေ့ရသလဲ။
- ပုံပြင်ထဲမှာ ယေရှုက လူများကို ဘယ်လိုတုန့်ပြန်မှုလုပ်ခဲ့သလဲ။
- ယေရှုအကြောင်း ဘာတွေသင်ကြားခဲ့ရသလဲ။
- ယေရှုကဘယ်လို လူမျိုးဖြစ်မလဲ။ မင်းတို့နဲ့ဘာခြားနားမှုရှိသလဲ။
- ပုံပြင်ထဲက ယောသပ်နှင့် မာရိတို့ရဲ့စိတ်၊ ခံစားချက်ကဘာတွေလဲ။ ယေရှုရဲ့ စိတ်၊ခံစားချက်က ဘယ်လိုဖြစ်မလဲ။
- ယေရှုကအသက်(၁၂)နှစ်အရွယ်မှာ ဘာသာရေးခေါင်းဆောင်တွေနဲ့ အတူရှိနေခဲ့တဲ့အရာကို သင်ဘယ်လို ထင်မြင်မိသလဲ။
- ပုံပြင်အားဖြင့် သင့်ကိုဘယ်လိုစိန်ခေါ်မှု၊ တွန်းအားပေးမှုတွေရှိသလဲ။
- ယေရှုကဲ့သို့ဖြစ်ဖို့ ဘာတွေလုပ်ဖို့လိုအပ်သလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- သင်ယနေ့ သင်ကြားခဲ့တဲ့အရာထဲမှ ယေရှုက သင့်ကိုပြုလုပ်စေချင်တဲ့အရာကဘာလဲ။
- ဘုရားက သင့်ကိုပုံပြင်ထဲကအတိုင်း ဘာကိုအလိုရှိနေတယ်လို့ထင်သလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ယေရှုက ကျွန်ုပ်တို့လိုအပ်မှုတွေကိုနားလည်ပေးနိုင်တဲ့သူဖြစ်တယ်။ အဖဘုရား ကျွန်ုပ်တို့လိုအပ်မှုများကို ကူညီဖေးမပေးတော်မူပါ။

# ယေရှုသည် သူငယ်ကဲ့သို့ (၂)
# လုကာ ၂း၄၁-၅၁

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

## ၂။ အဖွင့်

မင်းအတွက်တန်ဖိုးရှိတဲ့အရာ ပျောက်ဆုံးခဲ့မယ်ဆိုရင် မင်းတို့ဘာဖြစ်မလဲ။

## ၃။ နောက်ခံသမိုင်း

ငါတို့အများအားဖြင့် ယေရှုရဲ့မွေးဖွားခြင်း၊ သူပြုခဲ့တဲ့နိမိတ်လက္ခဏာတွေနဲ့ သူ့ရဲ့လူသားတွေအပေါ် ချစ်ခြင်းအကြောင်းတွေကိုဘဲ ကြားနေရကြတယ်။

ဒါပေမယ့် ယေရှုက မင်းတို့လို ကလေးတစ်ယောက်ဖြစ်တယ်။ အခုပြောမယ့် အရာက ယေရှုရဲ့ ကလေးဘဝအကြောင်းဘဲဖြစ်တယ်။

## ၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၂း၄၁-၅၂ မိဘတို့သည် နှစ်တိုင်းအစဉ် ပသခါပွဲခံချိန်ရောက်လျှင်၊ ယေရုရှလင်မြို့သို့ သွားကြ၏။ ယေရှုသည်တဆယ်နှစ်နှစ်ရှိသောအခါ ပသခါပွဲထုံးစံအတိုင်း ယေရုရှလင်မြို့သို့တက်ကြ ၍၊ ပွဲရက်နေ့လွန်ပြီးမှ မိဘတို့သည်ပြန်ကြလျှင်၊ သူငယ်ယေရှုသည် ယေရုရှလင်မြို့၌ နေရစ်လေ၏။ ယောသပ်နှင့်မယ်တော်သည် ထိုအကြောင်းကိုမသိ ၍ အပေါင်းအဘော်စုထဲမှာ သူငယ်ပါသည်ဟု စိတ်ထင်နှင့် တနေ့ခရီးသွားမိလျှင်၊ အဆွေအမျိုးအသိအကျွမ်းတို့တွင်ရှာ ၍၊ မတွေ့သောအခါ ယေရုရှလင်မြို့သို့ပြန် ၍ ရှာကြ၏။ သူငယ်မူကား၊ ဗိမာန်တော်၌ ဆရာများအလယ်မှာ ထိုင် ၍ထိုသူတို့နှင့် ဆွေးနွေးမေးမြန်းလျက်ရှိသည်ကို မိဘတို့သည် သုံးရက်ကြာမှ တွေ့ကြ၏။ သူငယ်၏စကားကိုကြားသော သူအပေါင်းတို့သည် သူ၏ပညာကိုငှင်း၊ စကားအဖြေကိုငှင်း အံ့သြကြ၏။ မိဘတို့သည်သားကိုမြင်လျှင် မိန်းမောတွေဝေ ၍ မယ်တော်က၊ ငါ့သား၊ အဘယ်ကြောင့် ငါတို့အား ဤသို့ပြုသနည်း။ ညှိုးငယ်ကြောင့်ကြသောစိတ်နှင့် မိဘတို့သည်မောင်ကိုရှာကြပြီ ဟုဆိုသော်၊ ယေရှုက၊ မိဘသည်အဘယ်ကြောင့် အကျွန်ုပ်ကိုရှာရပါသနည်း။ အကျွန်ုပ်သည် အဘ၏အိမ်၌ နေရသည်ကို မသိပါသလောဟု ပြောဆိုလျှင်၊ သူတို့သည် ထိုစကားကိုနားမလည်ကြ။ ထိုနောက် ယေရှုသည် မိဘတို့နှင့်အတူ သွားသဖြင့် နာဇရက်မြို့သို့ရောက် ၍ သူတို့စကားကိုနားထောင်လျက်နေ၏။ ထိုအကြောင်းအရာ အလုံးစုံတို့ကို မယ်တော်သည် နှလုံးထဲ၌ မှတ်ကျုံးလေ၏။ ယေရှုသည်လည်း အစဉ်အတိုင်းကြီး ၍ ပညာတိုးပွါးလျက်၊ ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ကိုယ်ဟန်အမူအရာဖြင့် သရုပ်ဖော်မှု.. အဖွဲ့(၂) သို့မဟုတ် (၃) ဖွဲ့စသော လူအနည်းငယ်စုခွဲပါ။ ပထမဆုံးအဖွဲ့ကို ထုတ်၍ ပုံပြင်ကိုမပြောဘဲ အမူအရာပြုလုပ်သရုပ်ဖော်ခိုင်းကာ ကျန်ရှိသောအဖွဲ့များကို အဖြစ်အပျက်နှင့် ပတ်သက်၍ ပြောခိုင်းပါ။ ပုံပြင်အစမှအဆုံးထိတိုင် တစ်ဖွဲ့ပြီး တစ်ဖွဲ့ပြုလုပ်ခိုင်းပါ။

၆။မေးခွန်းရှာဖွေတွေ့ရှိချက်များ

- သင်ပုံပြင်ရဲ့ ဘာအကြောင်းအရာကိုနှစ်သက်သလဲ။
- ပုံပြင်ထဲမှာ ယေရှုရဲ့တစ်ခြားသော အရုပ်ဖော်ဇတ်ဆောင်တွေနဲ့ ဆက်ဆံရေးတွေကို ဘယ်လိုဖော်ပြခဲ့သလဲ။
- လူသားတွေရဲ့ရွေးချယ်မှုကဘာလဲ။သူတို့ဘာကိုပြုလုပ်ခဲ့သလဲ။သူတို့ရဲ့ရွေးချယ်မှုကြောင့်ဘာတွေဆက်ဖြစ်ပျက်ခဲ့သလဲ။
- ယနေ့ပုံပြင်ထဲမှာ ယေရှုရဲ့အကြောင်း ဘာတွေသင်ကြားခဲ့ရသလဲ။
- ဘုရားသခင်က ယခုမင်းတို့ရဲ့အသက်အရွယ်မှာ ယေရှုကဲ့သို ဘယ်လိုအသက်ရှင်ဖို့ အလိုရှိသလဲ။ အဲ့ဒီလိုဘဲ အသက်အရွယ်ကြီးလာတဲ့အချိန်မှာ တစ်ခြားသောသူတွေနဲ့ ဆက်ဆံရေးတွေကို ဘယ်လိုနည်းနဲ့ အသက်ရှင်ဖို့ အလိုရှိသလဲ။
- ဘာဖြစ်လို့ ဒီအကြောင်းအရာကို ဘုရားက ကျမ်းစာထဲမှာ ထည့်ရေးသားခဲ့တာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားခဲ့ရ ပုံပြင်အားဖြင့် သင်ဘယ်လိုပြောင်းလဲပြီး အသက်ရှင်မလဲ။
- ယနေ့သင်ယေရှုကို ဘယ်လိုတုန့်ပြန်မလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား၊ ကလေးတစ်ယောက်စီတိုင်းကို ယေရှုငယ်စဉ်က အသက်ရှင်ခဲ့သလို အသက်ရှင်နိုင်ဖို့ ကောင်းကြီးပေးပါ။ ယေရှုပြုလုပ်ခဲ့သောအရာများ ပြုလုပ်ချင်သော ကလေးများဖြစ်ဖို့ ကောင်းကြီးပေးပါ။

# နိကောဒင် ယေရှုထံသို့ပြန်လာခြင်း (၁)
## ယောဟ ၃း၁-၈၊ ၁၆-၁၇

၁။ ပြန်လည်ဆန်းစစ်ခြင်း
- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

မင်းတို့မွေးခါစ ကလေးငယ်ကိုမြင်ဖူးကြသလား။ ဘာကိုစဉ်းစားမိသလဲ။

၃။ နောက်ခံသမိုင်း

ယေရှုနိမိတ်လက္ခဏာတစ်ချို့ပြုလုပ်ခဲ့တယ်။ဖျားနာသူကိုကျန်းမာစေခြင်း၊ လူထဲမှ နတ်ဆိုးကိုနှင်ထုတ်ခြင်း၊ ဘုရားသခင်ရဲ့အကြောင်း မယုံကြည်နိုင်လောက်သောအရာများနှင့် ဘယ်လိုအသက်ရှင်နေထိုင်ရမလဲဆိုတာကို လူများတို့ကိုသင်ကြားပေးခြင်းတွေ ကိုပြုလုပ်ခဲ့တယ်။

လူများဟာ ယေရှုနောက်ကိုလိုက်ပြီး သူတို့ရဲ့နောက်ကိုမလိုက်ကြလို့ ဘာသာရေးခေါင်းဆောင်များက စိတ်ဆိုးကြတယ်။ အဲ့ဒီလို မကောင်းတဲ့ဘာသာရေးခေါင်းဆောင်ထဲက တစ်ယောက်က ယေရှုနဲ့စကားပြောခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ယော ၃း၁-၈ ယုဒလူတို့တွင်အရာရှိဖြစ်သော နိကောဒင်အမည်ရှိသော ဖာရိရှဲတစ်ယောက်သည် ညဉ့်အခါ ယေရှုထံသို့လာ၍၊ အရှင်ဘုရား၊ ကိုယ်တော်သည် ပြတော်မူသော ဤနိမိတ်လက္ခဏာတို့ကို ဘုရားသခင်၏အခွင့်မရှိလျှင် အဘယ်သူမျှမပြနိုင်သည်ကို အကျွန်ုပ်တို့သည်ထောက်၍ ကိုယ်တော်သည် ဘုရားသခင့်အထံတော်မှ ကြွလာတော်မူသော ဆရာဖြစ်ကြောင်းကို သိကြပါ၏ဟုလျှောက်သော်၊ ယေရှုက၊ ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကိုမမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ နိကောဒင်ကလည်း အသက်ကြီးသောသူသည် မွေးခြင်းကိုအဘယ်သို့ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲ့သို့ တဖန်ဝင်၍ မွေးခြင်းကိုခံနိုင်ပါမည်လောဟု လျှောက်၏။ ယေရှုကလည်း၊ ရေနှင့်ဝိညာဉ်တော် မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။ ဇာတိပကတိမွေးသော အရာသည် ဇာတိပကတိဖြစ်၏ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ဒုတိယမွေးခြင်းကိုခံရမည်ဟု ငါဟောပြောသည်ကို အံ့သြခြင်းမရှိနှင့်။ လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကိုသင်သည်ကြားရသော် လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူ ဖြစ်သည်ဟုမိန့်တော်မူ၏။

အငယ် ၁၆-၁၇ ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကိုစွန့်တော်မူသည် တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။

၅။ ပုံပြန်ဖြေခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများမေးမြန်းခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

ဘောလုံးကစားခြင်း -- ကလေးများကိုစက်ဝိုင်းပုံဘောလုံးလှည့်ခိုင်းပါ " ရပ် " လို့ပြောချိန်မှာ ဘောလုံးရရှိသောကလေးကို ပုံပြောခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပုံပြောခြင်းကစားပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲကသင်ဘာကိုနှစ်သက်သလဲ။ ဘာအကြောင်းအရာအသစ်တွေကြားခဲ့ရသလဲ။
- နိကောဒင်လိုဘာသာရေးခေါင်းဆောင်တစ်ယောက်က ယေရှုနဲ့တွေ့ဖို့ရောက်ရှိလာတယ်ဆိုရင် ဘာတွေဖြစ်နိုင်သလဲ။
- မင်းတို့လည်းအခုရောက်နေတဲ့ အဖွဲ့အစည်းကိုလာတဲ့အချိန် တစ်ခြားသူတွေက ဘယ်လိုထင်မြင်လဲ။
- ဒီပုံပြင်ထဲမှာ နိကောဒင်ရဲ့နှလုံးသားနှင့်စိတ်က ဘယ်လိုဖြစ်မလဲလို့ မင်းတို့ထင်သလဲ။
- နိကောဒင်ယေရှုကိုတွေ့ဖို့ လာတဲ့အချိန်မှာ ယေရှုကဘယ်လိုတုန့်ပြန်သလဲ။
- ဒီအကြောင်းအရာကို ဘာလို့ဘုရားက ကျမ်းစာထဲမှာရေးထားရသလဲ။
- ဒုတိယမွေးခြင်းဆိုတဲ့အဓိပ္ပယ်ကို မင်းတို့ဘယ်လိုနားလည်သလဲ။ ပြောပြနိုင်မလား။ ယေရှုရဲ့နောက်လိုက်တစ်ယောက်ဖြစ်ဖို့ ဆုံးဖြတ်ချက်ချခဲ့ဖူးသလား။
- ယေရှုရဲ့နောက်လိုက်တစ်ယောက်ဖြစ်ဖို့ သင့်အတွက်အခက်ခဲဆုံးအချိန်က ဘယ်အချိန်လ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယခုအပတ်ထဲ မင်းနာခံလိုက်နာရမယ့်အရာက ဘာဖြစ်မလဲ။
- ပုံပြင်ထဲက အတိုင်း ဘုရားက သင့်ကိုဘာအလိုရှိနေတယ်လို့ ထင်သလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

ဘုရားသခင်ဟာ ဒီကမ္ဘာမှာရှိတဲ့လူတွေကိုချစ်လို့ သူရဲ့တစ်ပါးတည်းသော သားတော်ကိုစွန့်လွှတ်ပေးခဲ့တယ်။ သားတော်ကိုယုံကြည်သောသူဟာ ပျက်စီးခြင်းသို့မရောက်ဘဲ ထာဝရအသက်ရစေသောကြောင့် ကျေးဇူးတင်ပါတယ်။ ဘုရားသခင် အကျွန်ုပ်တို့ကို အဲ့ဒီချစ်ခြင်းဖြင့် ကောင်းကြီးဖြစ်စေတော်မူပါ။

## နိကောဒင် ယေရှုထံသို့ပြန်လာခြင်း (၂)

### ယောဟ ၃း၁-၈၊ ၁၆-၁၇

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

မင်းတို့အရမ်းချစ်တဲ့ တစ်စုံတစ်ယောက်သောသူက ဘယ်သူဖြစ်မလဲ။ မင်းတို့ကိုချစ်တယ်လို့ ဘယ်လိုလုပ်ပြီးသိနေတာလဲ။

၃။ နောက်ခံသမိုင်း

ဘုရားရှစ်ခိုးကျောင်းထဲမှာ လူများဟာ ပစ္စည်းရောင်းဝယ်ခြင်းနှင့် ငွေအတွက်တစ်ဦးနှင့်တစ်ဦး လိမ်လည်လှည့်ဖျားမှုတွေပြုလုပ်နေကြတယ်။ အဲ့အရာတွေဟာ ဘုရားသခင်အလိုမရှိတဲ့အရာဖြစ်သလို ဘုရားရှစ်ခိုးကျောင်းဆိုတာ သူ့ကိုကိုးကွယ်ဖို့နေရာသက်သက်ဘဲဖြစ်ရမယ်။

ယေရှုဟာ ဘုရားရှစ်ခိုးကျောင်းမှာရှိတဲ့ အဖဘုရားသခင်ရဲ့အမျက်ထွက်စေတဲ့အရာတွေကို ဖျက်ဆီးရှင်းလင်းခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ယောဟ ၃း၁-၈ ယုဒလူတို့တွင်အရာရှိဖြစ်သော နိကောဒင်အမည်ရှိသော ဖာရိရှဲတစ်ယောက်သည် ညဉ့်အခါ ယေရှုထံသို့လာ၍၊ အရှင်ဘုရား၊ ကိုယ်တော်သည် ပြတော်မူသော ဤနိမိတ်လက္ခဏာတို့ကို ဘုရားသခင်၏အခွင့်မရှိလျှင် အဘယ်သူမျှမပြနိုင်သည်ကို အကျွန်ုပ်တို့သည်ထောက်၍ ကိုယ်တော်သည် ဘုရားသခင့်အထံတော်မှ ကြွလာတော်မူသော ဆရာဖြစ်ကြောင်းကို သိကြပါ၏ဟုလျှောက်သော်၊ ယေရှုက၊ ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကိုမမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ နိကောဒင်ကလည်း အသက်ကြီးသောသူသည် မွေးခြင်းကိုအဘယ်သို့ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲ့သို့ တဖန်ဝင်၍ မွေးခြင်းကိုခံနိုင်ပါမည်လောဟု လျှောက်၏။ ယေရှုကလည်း၊ ရေနှင့်ဝိညာဉ်တော် မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။ ဇာတိပကတိမွေးသော အရာသည် ဇာတိပကတိဖြစ်၏ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ဒုတိယမွေးခြင်းကိုခံရမည်ဟု ငါပြောပြောသည်ကို အံ့ဩခြင်းမရှိနှင့်။ လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကိုသင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူ ဖြစ်သည်ဟုမိန့်တော်မူ၏။

အငယ် ၁၆-၁၇ ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကိုစွန့်တော်မူသည် တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည်

သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။

၅။ ပုံပြန်ဖြေခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများမေးမြန်းခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

တန်းစီခြင်း -- ကလေးများကိုအရပ်အလိုက်၊ အသက်အလိုက်၊ မွေးနေ့အလိုက်(သို့)နာမည် အက္ခရာအလိုက် တန်းစီစေပါ။ ပထမဆုံးကလေးကို ပုံပြင်၏ဖြစ်ပျက်မှုအစကို ပြောခိုင်းပြီး အစဉ်အလိုက် ပုံပြင်ပြီးဆုံးသည်အထိ ပုံပြန်ပြောခြင်း ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲမှာဘယ်သူတွေပါဝင်သလဲ။
- ယေရှုက နိကောဒင်ကို ဘယ်လိုတုန့်ပြန်သလဲ။
- ပုံပြင်က ပြောခဲ့တဲ့ ယေရှုဟာ ……………………………………………။
- ပုံပြင်နားထောင်နေချိန်သင့်ရဲ့စိတ်ကူးစိတ်သန်းကဘာလည်း။ ခံစားချက်ကဘယ်လိုလဲ။
- ဘုရားသခင်အတွက် အရေးကြီးတဲ့အရာဖြစ်တယ်ဆိုတဲ့ မင်းတို့ခံစားချက်က ဘာများလဲ။
- ကျမ်းစာထဲမှာပါတဲ့ အကြောင်းအရာတွေထဲက သင်နားမလည်နိုင်သောအရာရှိပါသလား။ သင့်မှာ ဘုရားသခင်ကိုဖြေစေချင်တဲ့မေးခွန်းရှိပါသလား။
- ယခုလက်ရှိ ဖြစ်ပျက်နေတဲ့ သင့်ဘဝအသက်တာထဲမှာ ယေရှုကို ကူညီဖြေရှင်းစေလိုတဲ့ အရာရှိသလား။
- နိကောဒင်လို ဘုရားသခင်အကြောင်းသိချင်တာရှိလား။
- ယနေ့သင်ကြားခဲ့သော အရာတွေကြောင့် သင်ယေရှုကို သင့်ရဲ့ကယ်တင်ရှင်အဖြစ်နဲ့ သင့်အသက်တာကို သူ့နောက်လိုက်ဖို့ရန် ယုံကြည်ခြင်းရှိသလား။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယေရှုရဲ့သတင်းကောင်းအကြောင်းအရာကိုသိဖို့ လိုအပ်သောသူ သင့်ပတ်ဝန်းကျင်မှာရှိသလား၊ ယနေ့ပုံပြင်ကိုပြောပြခြင်းဖြင့် သတင်းကောင်းကိုပြောပြပါ။
- ဘုရားသခင်ကသင့်ကို ပုံပြင်ထဲကအတိုင်း ဘယ်လိုဖြစ်စေချင်လဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

ဘုရားသခင်ဟာ သူ့ရဲ့သားတော်ကို ဒီလောကထဲသို့ တရားစီရင်ဖို့စေလွှတ်ခဲ့တာမဟုတ်ပဲ၊ ကယ်တင်ဖို့ စေလွှတ်ခဲ့တာဖြစ်တယ်။ ကိုယ်တော့်ရဲ့ သားတော်အားဖြင့် ကျွန်ုပ်တို့ကိုကယ်တင်ခြင်းပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။

## ယေရှုး ပျောက်သောသိုးပုံပြင် ( ၁ )
## လုကာ ၁၅ း ၁-၇

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

ကလေးများမရောက်ရှိခင် တစ်စုံတစ်ခုဝှက်ထားပါ။ သင်တန်းစတင်ချိန်မှာ ပျောက်ဆုံးခဲ့သောအရာကို ကလေးများအားပြောပြပြီး ရှာဖွေခြင်းပြုလုပ်ပါ။ တွေ့ရှိလျှင် ပျောက်ဆုံးသောအရာပြန်တွေ့ချိန်မှာ ကလေးများ ရရှိခဲ့တဲ့ ခံစားချက်တွေကို ပြန်ဝေမျှခြင်းပြုလုပ်ပါ။

၃။ နောက်ခံသမိုင်း

ယေရှုက ပုံပြင်များစွာ လူများကိုပြောပြခဲ့တယ်။ အဲ့ဒီပုံပြင်တွေကို ပုံဥပမာတွေနဲ့ပြောပြခဲ့တာဖြစ်တယ်။ ဘုရားသခင်က လူသားများကို အရမ်းချစ်တယ်၊ ထို့ကြောင့် ယေရှုဟာ လူသားတွေကို ဘုရားသခင်က ချစ်တဲ့အကြောင်း သိရှိစေဖို့ များစွာသော ပုံပြင်တွေကို ပြောပြခဲ့တာဖြစ်တယ်။

ယေရှုအသက်ရှိထင်ရှားရှိနေချိန်မှာ နိကောဒင်ဆိုတဲ့ ဖာရိရှဲတစ်ယောက်ဟာ အရေးကြီးသော ပုဂ္ဂိုလ်ဖာရိရှဲ တစ်ယောက်ဖြစ်တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၁၅း၁-၇ အခွန်ခံသောသူတို့နှင့် ဆိုးသောသူအပေါင်းတို့သည် နားထောင်းခြင်းငှါ အထံတော်သို့ ချဉ်းကပ်သည်ဖြစ် ၍၊ ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့က၊ ဤသူသည်ဆိုးသောသူတို့ကို လက်ခံ၍ သူတို့နှင့်အတူ စားပါသည် တကားဟု ကဲ့ရဲ့အပြစ်တင်ကြ၏။ ထိုအခါ ဥပမာစကားကိုမိန့်တော်မူသည်ကား သင်တို့တွင် တစုံတယောက်သောသူ၌ သိုးတစ်ရာရှိ၍ သိုးတကောင်ပျောက်လျင်၊ ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီးမှ ပျောက်သောသိုးတကောင်ကို မတွေ့မှီတိုင်အောင် သွား၍မရှာဘဲနေမည်လော။ တွေ့ပြီးလျှင် ဝမ်းမြောက်သောစိတ်နှင့် ပခုံးပေါ်မှာတင်ထမ်း၍၊ မိမိအိမ်သို့ရောက်သောအခါ အဆွေခင်ပွန်း အိမ်နီးချင်းများကို ခေါ်၍ ၊ ပျောက်သောသိုးကိုငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့ဟု ဆိုတက်သည်မဟုတ်လော။ ထိုနည်းတူ ဖြောင့်မတ်၍နောင်တရစရာအကြောင်းမရှိသောသူ ကိုးဆယ့်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသော လူဆိုးတယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြသည်ဟု ငါဆို၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ပင်တိုင်ရုပ်ပြဇတ်လမ်းတို -- ကလေးတွေစာရွက်တစ်ရွက်စီပေးပါ။ စာရွက်သုံးကြိမ်တိုင်ခေါက်စေပြီးသေတ္တာ(၈)ခု ပုံစံပြုလုပ်စေပါ။ ပုံပြင်မှာပါတဲ့ အကြောင်းအရာတွေကို ပုံဆွဲခြင်း(သို့)အရာဝတ္ထုတစ်ခုခုပုံ ရေးဆွဲခြင်းများကို စာရွက်မျက်နှာပြင်(၈)ခုစလုံးတွင် ရေးဆွဲခိုင်းပါ။ ပြီးလျှင် ပြုလုပ်ရေးဆွဲထားသော စာရွက်ရှိ ပုံပြင်အပိုင်းအစများကို အသုံးပြုကာ ပုံပြင်ပြောခိုင်းပါ။

၆။ မေးခွန်းရှာဖွေ တွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှာ သင်ဘာကိုနှစ်သက်သလဲ။
- ဒီပုံပြင်အားဖြင့် ယေရှုက သင့်ကိုဘာသွန်သင်နေသလဲ။
- မင်းတို့အနေနဲ့ပုံပြင်ထဲက ပျောက်သောသိုးလား၊ ပြန်ရှာတွေ့တဲ့ သိုးလား။
- ယနေ့သင်ကြားခဲ့ရတဲ့ ယေရှုက.................ဖြစ်တယ်။ ယနေ့ပုံပြင်ထဲကအရေကြီးဆုံးအပိုင်းက ဘာလဲ။
- ယနေ့သင်ကြားခဲ့တဲ့ပုံပြင်မှ သင်ခံစားမိတဲ့ ယေရှုက သင့်ကို ပြောနေတဲ့အရာက ဘာလဲ။
- ဒီပုံပြင်က သတင်းကောင်း(ကယ်တင်ခြင်း)အကြောင်းအရာကို ဘယ်လိုဖော်ပြနေသလဲ။ ဘုရားသခင် ကြိုက်နှစ်သက်တဲ့ အရာတွေကို သင်သိပါသလား။ ယခုသင့်မှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေအပေါ် ယေရှုကူညီပေးဖို့ လိုအပ်တဲ့အရာတွေရှိသလား။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့သင်ကြားခဲ့ရသော ပုံပြင်အားဖြင့် မိမိရဲ့ကယ်တင်ရှင် သိုးထိန်းကောင်းကဲ့သို့ ယေရှုကို သင်ယုံကြည် လက်ခံလိုပါသလား။
- ဧဝံဂေလိသတင်းကောင်း သိရှိဖို့ရန် လိုအပ်သောသူ တစ်စုံတစ်ယောက်ရှိပါသလား။ သင်ဘယ်သူ့ကို ဒီပုံပြင်ပြောပြမလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

ယေရှုခရစ်တော်ကို မိမိရဲ့ကယ်တင်ပိုင်ဖြစ်အဖြစ်လက်ခံချိန်မှာ ကောင်းကင်ဘုံမှာ ပျော်ရွှင်နေကြတယ်။ အဖဘုရား ကိုယ်တော့်ရဲ့ဝမ်းမြောက်ခြင်းဖြင့်ကောင်းကြီးဖြစ်စေပါ။

# ယေရှုး ပျောက်သောသိုးပုံပြင် ( ၂ )

## လုကာ ၁၅ း ၁-၇

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့ပျော်ပွဲရွှင်ပွဲ အကြီးအကျယ်ပြုလုပ်မယ်ဆိုရင် ဘာအကြောင်းအရာကို အောင်ပွဲခံပြုလုပ်မလဲ။ ဘယ်သူတွေကိုလာဖို့ ဖိတ်ခေါ်မလဲ။

၃။ နောက်ခံသမိုင်း

ထာဝရဘုရားနှင့် ယေရှုကို ကြီးမြတ်သောသိုးထိန်းအဖြစ် ကျမ်းစာထဲမှာ အနန့်အပြားပါရှိတယ်။ ငါတို့က သူ့ရဲ့ သိုးလေးတွေဖြစ်ကြပြီး၊ သူဟာ ငါတို့ကို အရမ်းဂရုစိုက်ပြီး အရမ်းလည်းချစ်တဲ့ သိုးထိန်းဖြစ်တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၁၅း၁-၇ အခွန်ခံသောသူတို့နှင့် ဆိုးသောသူအပေါင်းတို့သည် နားထောင်းခြင်းငှါ အထံတော်သို့ ချဉ်းကပ်သည်ဖြစ် ၍၊ ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့က၊ ဤသူသည်ဆိုးသောသူတို့ကို လက်ခံ၍ သူတို့နှင့်အတူ စားပါသည် တကားဟု ကဲ့ရဲ့အပြစ်တင်ကြ၏။ ထိုအခါ ဥပမာစကားကိုမိန့်တော်မူသည်ကား သင်တို့တွင် တစုံတယောက်သောသူ၌ သိုးတစ်ရာရှိ၍ သိုးတကောင်ပျောက်လျှင်၊ ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီးမှ ပျောက်သောသိုးတကောင်ကို မတွေ့မှီတိုင်အောင် သွား၍မရှာဘဲနေမည်လော။ တွေ့ပြီးလျှင် ဝမ်းမြောက်သောစိတ်နှင့် ပခုံးပေါ်မှာတင်ထမ်း၍၊ မိမိအိမ်သို့ရောက်သောအခါ အဆွေခင်ပွန်း အိမ်နီးချင်းများကို ခေါ်၍ ၊ ပျောက်သောသိုးကိုငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့ဟု ဆိုတက်သည်မဟုတ်လော။ ထိုနည်းတူ ဖြောင့်မတ်၍နောင်တရစရာအကြောင်းမရှိသောသူ ကိုးဆယ့်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသော လူဆိုးတယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြသည်ဟု ငါဆို၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
အန်စာတုံး -- အုပ်စုအနည်းငယ်ဖွဲ့ပြီး အုပ်စုတစ်ခုတွင် အန်စာတုံးတစ်ခုထားရှိပါ။ ပထမဆုံး သူက အန်စာတုံးလိမ့်ပါ။ ၁ နှင့် ၂ ရရှိလျှင် နောက်တစ်ယောက်ကို အန်စာတုံးပေးပြီး ၊ ၁ နှင့် ၂ ရသောသူက ပုံပြင်ပြောရန်မလိုဘဲ ၃ နှင့် ၄ ရရှိသောသူက ပုံပြင်ပြောခိုင်းပါ။ တကယ်လို့ ၅ နှင့် ၆ ရရှိလျှင် ၊ ၅ နှင့် ၆ ရရှိသောသူမတိုင်မီ အလှည့်ကျသောသူက ကျန်ရှိသောပုံပြင်အပိုင်းကို ပြောခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှာ သင်အနှစ်သက်ဆုံးအရာကဘာလဲ။
- ပုံပြင်ပြောနေချိန် သင့်ရဲ့စိတ်ကူးမိတဲ့အရာက ဘာဖြစ်မလဲ။
- သိုးကဲ့သို့ ငါတို့က ဘာကြောင့်တူနေရတာလဲ။ ဘာကြောင့် ကွဲပြားသွားခဲ့ရတာလဲ။
- မင်းတို့ ဘုရားသခင်ထံမှ လုံးဝပျောက်ဆုံးသွားပြီလို့ ခံစားခဲ့ရဖူးသလား။
- မင်းတို့ ဘုရားသခင်ထံမှ ပျောက်ဆုံးထွက်ခွာသွားတဲ့အချိန် ဘုရားက ဘယ်လိုခံစားရမလဲ။
- ဘုရားသခင်ထံပြန်ရောက်လာဖို့ ဘာနည်းလမ်းတွေနဲ့ ပြန်လာနိုင်မလဲ။
- ဒီပုံပြင်က မင်းတို့ကို ဘာစိန်ခေါ်မှု(သို့)ခွန်အားတွေပေးသလဲ။
- ယနေ့ပုံပြင်အားဖြင့် မင်းတို့ ဘယ်လို ပြောင်းလဲပြီး အသက်ရှင်မလဲ။
- ဒီပုံပြင်က ဘုရားသခင်ဟာ .................. ဖြစ်တယ်။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့သင်ကြားခဲ့ရသော ပုံပြင်အားဖြင့် ယေရှုကိုမိမိရဲ့ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံပါလား။
- ယနေ့ကြားခဲ့ရသောပုံပြင်မှသန့်ရှင်းသောဝိညာဉ်တော်ကသင်ပြုလုပ်ဖို့တိုက်တွန်းနေတယ်လို့ခံစားရမှုမျိုး ရှိပါသလား။
- ဒီပုံပြင်အကြောင်းအရာကို သင်ဘယ်သူ့ကိုပြောပြမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကိုယ့်တော့်ထံမှ မထွက်သွားစေဘဲ ကိုယ်တော့်ရဲ့အနီးဆုံးမှာရှိနေစေဖို့ စိတ်ဆန္ဒဖြစ်စေဖို့ ကောင်းကြီး ပေးတော်မူပါ။

# ယေရှု အမိဝမ်းတွင်းကပင် မျက်စိကန်းသူကိုပျောက်ကင်းစေခြင်း(၁)

## ယော ၉ း ၁ - ၁၁

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့တစ်စုံတစ်ခုကို မိုက်မိုက်မဲမဲ ပြုလုပ်ခဲ့တဲ့အရာက ဘာဖြစ်မလဲ။

၃။ နောက်ခံသမိုင်း

လူတွေက နေမကောင်းဖြစ်တာ ရောဂါရှိနေတာဟာ အကြောင်းအရင်းတစ်ခုခုရှိကြတယ်လို့ ယုံကြည်ကြတယ်။ တစ်ချို့သောသူတွေကလည်း မိဘတွေဆီက ရရှိတဲ့အပြစ်လို့ ယုံကြည်ကြတယ်။

တစ်ချို့ကျတော့ ကိုယ်တိုင်ပြုလုပ်ခဲ့တဲ့ အပြစ်တွေကြောင့်ဖြစ်တယ်လို့ ယုံကြည်ကြတယ်။ နေမကောင်းဖြစ်ရခြင်းနဲ့ပတ်သက်ပြီး ယေရှုရဲ့ ဖြေရှင်းချက်ကိုကြည့်ကြရအောင်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ယော ၉း၁-၁၁ လမ်း၌သွားတော်မူစဉ်၊ အမိဝမ်းတွင်းကပင် မျက်စိကန်းသောသူတယောက်ကို တွေ့မြင်တော်မူ၏။ တပည့်တော်တို့က၊ အရှင်ဘုရား၊ ဤသူသည် အဘယ်သူ၏အပြစ်ကြောင့် မျက်စိကန်းသနည်း။ ကိုယ်အပြစ်ကြောင့်ကန်းသလော။ မိဘ အပြစ်ကြောင့်ကန်းသလောဟု မေးလျှောက်ကြ၏။ ယေရှုကလည်း၊ ကိုယ်အပြစ်ကြောင့် မဟုတ်။ မိဘအပြစ်ကြောင့်လည်းမဟုတ်။ ဘုရားသခင်၏အမှုတော်ကို သူ၌ထင်ရှားစေမည်အကြောင်းတည်း။ ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကိုနေ့အချိန်၌ရှိစဉ်တွင် ငါပြုမည်။ အဘယ်သူမျှမပြုနိုင်သော အချိန်တည်းဟူသော ညဉ့်အချိန်လာသေး၏။ ငါသည် ဤလောက ၌ရှိစဉ် တွင် ဤလောက၏အလင်းဖြစ်၏ဟု မိန့်တော်မူပြီးလျှင် မြေပေါ်မှာထွေး၍တံထွေးနှင့် ရွှံ့လုပ်ပြီးမှ ကန်းသောသူ၏ မျက်စိကိုရွှံ့နှင့်လူး၍၊ သင်သွားလော့။ ရှိလောင်ရေကန်၌မျက်စိကိုဆေးလော့ဟုမိန့်တော်မူ၏။ ရှိလောင် အနက်ကား စေလွှတ်သည်ဟု ဆိုလိုသတည်း။ ထိုသူသည်သွား၍ ဆေးပြီးမှ၊ မျက်စိမြင်လျက်ပြန်လေ၏။ သူသည်သူတောင်းစားဖြစ်သည်ကို အိမ်နီးချင်းမ၍ မြင်ဘူးသောသူတို့က၊ ဤသူသည် ထိုင်၍တောင်းသောသူ ဖြစ်သည်မဟုတ်လောဟု ဆိုကြ၏။ လူအချို့က၊ ဟုတ်ကဲ့ဟုဆိုကြ၏။ အချို့ကလည်း ထိုသူနှင့်တူသည်ဟု ဆိုကြ၏။ ထိုသူကလည်း၊ အကျွန်ုပ်သည် ထိုသူပင်ဖြစ်သည်ဟု ဆို၏။ သူတို့ကလည်း၊ အဘယ်သို့ သင်၏မျက်စိ ပွင့်သနည်းဟု မေးမြန်းကြလျှင်၊ ထိုသူက၊ ယေရှုအမည်ရှိသော သူတယောက်သည် ရွှံ့လုပ်၍ အကျွန်ုပ်မျက်စိကို လူးပြီးမှ ရှိလောင် ရေကန်သို့ သွား၍ မျက်စိကိုဆေးလော့ဟု ဆိုသည့်အတိုင်း အကျွန်ုပ်သွား၍ဆေးလျှင် မျက်စိမြင်သည်ဟုဆို၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
အရာဝတ္ထုများ -- အဖွဲ့တစ်ဖွဲ့ကို ပစ္စည်း (၃) ခုစီပေးပါ။ မတူညီတဲ့ ပစ္စည်းများ အသုံးပြုပြီး ပုံပြင်ပြန်ပြောခိုင်းပါ။ တစ်ခြား ပစ္စည်းများ သုံးနိုင်သလို အနည်းဆုံး (၃)ခု အသုံးပြုခိုင်းပါ။

၆။မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှ သင်ဘာကိုနှစ်သက်သလဲ။
- ပုံပြင်ထဲမှာ ကွဲပြားတဲ့သရုပ်ဖော်တွေက ဘယ်သူတွေလဲ။
- ယေရှုကပုံပြင်ထဲမှာ ကွဲပြားလျက်ရှိနေသောသူများကို ဘယ်လိုတုန့်ပြန်သလဲ။ ပုံပြင်အားဖြင့် ယေရှုရဲ့အကြောင်းကို ဘာတွေသိရသလဲ။
- ယနေ့ပုံပြင်ထဲမှ အရေးကြီးဆုံးအပိုင်းက ဘယ်အရာလို့ သင်ထင်သလဲ။
- ယေရှုက မျက်စိကန်းသောသူကို ဘာတွေပြုလုပ်ခိုင်းသလဲ။
- မင်းတို့ကိုတစ်စုံတစ်ယောက်က မျက်စိကိုရွှံ့နှင့်လူးပြီး ရေကန်မှာဆေးကြောင်းခိုင်းခဲ့ရင် မင်းတို့ဘယ်လိုခံစားရမလဲ။ ဘယ်လိုတုန့်ပြန်မလဲ။
- ဒီအရာတွေက ဘုရားသခင်အတွက်အရေးကြီးတယ်လို့ခံစားရပါသလား။
- ဒီပုံပြင်ထဲမှာ ယေရှုနောက်လိုက်သောသူအားဖြင့် မင်းတို့ဘာသင်ခန်းစာ သွန်သင်မှုရရှိသလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- မင်းကိုဘုရားကတစ်ခြားသောသူများပြုလုပ်သောအရာနဲ့ကွဲပြားပြီး လူတွေမင်းကို ရယ်စရာဖြစ်စေတဲ့အရာတစ်စုံတစ်ခုကို ပြုလုပ်နေရတဲ့အရာတွေရှိသလား။
- ယေရှုက မျက်စိကန်းတဲ့သူကို ပြုခဲ့သလို ဘုရားကမင်းကိုပြုလုပ်ဖို့ ပြောနေတဲ့အရာတွေရှိသလား။
- ယနေ့မင်းယေရှုကိုဘယ်လိုတုန့်ပြန်မလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

ယေရှုက ငါတို့နှင့်ငါတို့လိုအပ်မှုတွေကို အလေးထားတယ်။ ယေရှုဘုရားရဲ့ ဂရုစိုက်မှုနဲ့ ကလေးတစ်ယောက်စီတိုင်းအပေါ် ကျမ်းမာခြင်းကောင်းကြီးပေးတော်မူပါ။

## ယေရှု ၏ အမိဝမ်းတွင်းကပင် မျက်စိကန်းသူကိုပျောက်ကင်းစေခြင်း (၂)

## ယော ၉ း ၁ - ၁၁

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလည်း။

၂။ အဖွင့်

မင်းတို့မွေးဖွားလာပြီး ကျေးဇူးတင်စရာဖြစ်တဲ့ အကြောင်းအရာကဘာလဲ။ ဘာကြောင့်လဲ။

၃။ နောက်ခံသမိုင်း

ပြီးခဲ့တဲ့အပတ်က ပုံပြင်ကိုဘယ်သူမှတ်မိသလဲ။ ပုံပြင်ပြောပြခဲ့ပြီးဖြစ်သလို တကယ်လို့ မြေပုံကို ပြနိုင်လျှင် ရှိလောင်ရေကန်ရဲ့ တည်နေရာကိုပြပါ။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

ယော ၉း၁-၁၁ လမ်း၌သွားတော်မူစဉ်၊ အမိဝမ်းတွင်းကပင် မျက်စိကန်းသောသူတယောက်ကို တွေ့မြင်တော်မူ၏။ တပည့်တော်တို့က၊ အရှင်ဘုရား၊ ဤသူသည် အဘယ်သူ၏အပြစ်ကြောင့် မျက်စိကန်းသနည်း။ ကိုယ်အပြစ်ကြောင့်ကန်းသလော။ မိဘ အပြစ်ကြောင့်ကန်းသလောဟု မေးလျှောက်ကြ၏။ ယေရှုကလည်း၊ ကိုယ်အပြစ်ကြောင့် မဟုတ်။ မိဘအပြစ်ကြောင့်လည်းမဟုတ်။ ဘုရားသခင်၏အမှုတော်ကို သူ၌ထင်ရှားစေမည်အကြောင်းတည်း။ ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကိုနေ့အချိန်၌ရှိစဉ်တွင် ငါပြုမည်။ အဘယ်သူမျှမပြုနိုင်သော အချိန်တည်းဟူသော ညဉ့်အချိန်လာသေး၏။ ငါသည် ဤလောက ၌ရှိစဉ် တွင် ဤလောက၏အလင်းဖြစ်၏ဟု မိန့်တော်မူပြီးလျှင် မြေပေါ်မှာထွေး၍တံထွေးနှင့် ရွှံ့လုပ်ပြီးမှ ကန်းသောသူ၏ မျက်စိကိုရွှံ့နှင့်လူး၍၊ သင်သွားလော့။ ရှိလောင်ရေကန်၌မျက်စိကိုဆေးလော့ဟုမိန့်တော်မူ၏။ ရှိလောင် အနက်ကား စေလွှတ်သည်ဟု ဆိုလိုသတည်း။ ထိုသူသည်သွား၍ ဆေးပြီးမှ၊ မျက်စိမြင်လျက်ပြန်လေ၏။ သူသည်သူတောင်းစားဖြစ်သည်ကို အိမ်နီးချင်းမ၍ မြင်ဘူးသောသူတို့က၊ ဤသူသည် ထိုင်၍တောင်းသောသူ ဖြစ်သည်မဟုတ်လောဟု ဆိုကြ၏။ လူအချို့က၊ ဟုတ်ကဲ့ဟုဆိုကြ၏။ အချို့ကလည်း ထိုသူနှင့်တူသည်ဟု ဆိုကြ၏။ ထိုသူကလည်း၊ အကျွန်ုပ်သည် ထိုသူပင်ဖြစ်သည်ဟု ဆို၏။ သူတို့ကလည်း၊ အဘယ်သို့ သင်၏မျက်စိ ပွင့်သနည်းဟု မေးမြန်းကြလျှင်၊ ထိုသူက၊ ယေရှုအမည်ရှိသော သူတယောက်သည် ရွှံ့လုပ်၍ အကျွန်ုပ်မျက်စိကို လူးပြီးမှ ရှိလောင် ရေကန်သို့ သွား၍ မျက်စိကိုဆေးလော့ဟု ဆိုသည့်အတိုင်း အကျွန်ုပ်သွား၍ဆေးလျှင် မျက်စိမြင်သည်ဟုဆို၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
ပုံပြင်စာအုပ်များ -- ပုံပြင်ကိုရုပ်ပုံ (သို့) စာလုံးအသုံးပြု ၍ ပုံပြင်စာအုပ်ပုံစံပြုလုပ် ၍ ပြန်ပြောခိုင်းပါ။ ကလေးများရဲ့ ဖြည့်စွတ် ဖန်တီးပြောဆိုမှုက ဘယ်လိုရှိသလည်း သိမြင်နိုင်သည်။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲက သင်ဘာကိုနှစ်သက်သလဲ။
- ပုံပြင်ထဲက မျက်စိကန်းတဲ့သူရဲ့အတွေ့ကြုံကဘာတွေကိုပြောင်းလဲခဲ့သလဲ။ သူ့ရဲ့ယုံကြည်မှုက ဘယ်လိုလဲ။
- ယေရှုရဲ့အကြောင်းနဲ့ပတ်သက်ပြီး အသစ်သောအရာ သင်ခန်းစာရှိပါသလား။
- ပုံပြင်ပြောနေချိန်မှာ မင်းတို့ဘာစိတ်ကူးစိတ်သန်းပေါ်သလဲ။ မင်းတို့ကိုဘယ်လိုခံစားမှုရရှိစေလဲ။
- ပုံပြင်ထဲက မျက်စိကန်းတဲ့သူရဲ့ နှလုံးသားနှင့်စိတ်က ဘာတွေဖြစ်ပေါ်နိုင်သလည်း။ မင်းတို့လည်း သူ့လိုဖြစ်ခဲ့ရင် ဘယ်လိုခံစားရမလဲ။
- မင်းနဲ့မင်းရဲ့မိသားစုကိုဘုရားကတစ်စုံတစ်ခုထူးခြားတဲ့အရာဖြစ်စေခဲ့ရင် မင်းတို့ဘယ်လိုတုန့်ပြန်မလဲ။
- ဘာကြောင့် ဒီအကြောင်းအရာကို ဘုရားက ကျမ်းစာထဲမှာထည့်ရေးထားရတာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှု မေးခွန်းများ

- မင်းကိုဘုရားက တစ်စုံတစ်ခု ကွဲပြားနေတဲ့အရာကိုပြုလုပ်ဖို့ ပြောနေရင် မင်းအတွက် အဆင်ပြေနိုင်မလား။
- ယနေ့သင်ကြားရတဲ့ အရာထဲမှ ဝိညာဉ်တော်ရဲ့ ပြုလုပ်ဖို့ ပြောနေတဲ့အရာ ခံစားမှုရှိတဲ့အရာက ဘာလဲ။
- ဘုရားက မင်းကို ပုံပြင်ထဲကအတိုင်း အလိုရှိတဲ့အရာ ဘာလို့ထင်လဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ဘုရားက ငါတို့ကိုမြင်နိုင်တဲ့ မျက်စိကောင်းကြီးပေးထားတယ်။ ဘုရားရဲ့ ငါတို့အပေါ်ချစ်ခြင်းနဲ့ ဂရုစိုက်မှုတွေကို မမြင်နိုင်သောသူ မဖြစ်ဖို့ မစပါ။

# ယေရှု ၊ တရားစရပ်မှူး၏သမီးကို ရောဂါပျောက်ကင်းစေခြင်း ( ၁ )
## လုကာ ၈ း ၄၉ - ၅၆

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့အရမ်းရယ်မောခဲ့တဲ့အချိန်ရှိသလား။ အဲ့ဒီအရာက အရမ်းပဲ ခက်ခဲသလား။

၃။ နောက်ခံသမိုင်း

ဂျူးဘာသာရေးခေါင်းဆောင်တစ်ဦးရှိတယ်။ သူက တရားဇရပ်မှူးဖြစ်တယ်။ သူက သူ့ရဲ့တစ်ဦးတည်းသော သမီးလေးသေခါနီးဖြစ်နေလို့ ယေရှုကို သူ့အိမ်ကိုလာဖို့ အနူးအညွတ်တောင်းပန်ခဲ့တယ်။ အဲ့ဒီအချိန်မှာ ယေရှု ဘယ်နေရာသွားသွား သူ့နောက်ကို များစွာသောလူတွေက လိုက်နေကြတယ်။

ယေရှုက ဘုရားသခင်ရဲ့အကြောင်းကို များစွာ သင်ကြားပေးသလို အနာရောဂါငြိမ်းခြင်း နိမိလက္ခဏာများ နှင့် နတ်ဆိုးတွေကိုမောင်းထုတ်ပေးခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၈ း ၄၉ - ၅၆ ယေရှုကလည်း ၊ ငါ့ကိုအဘယ်သူ တို့သနည်း ဟုမေးတော်မူလျှင်၊လူအပေါင်းတို့ သည် ငြင်းလတ်သော်၊ ပေတရုမှစ ၍ သူ၏အပေါင်းအဘော်တို့က၊ သခင်၊ လူအစုအဝေးတို့သည် ကိုယ်တော်အား ထိခိုက်တိုက်မိကြသည်ဖြစ် ၍၊ ငါ့ကိုအဘယ်သူတို့သနည်းဟု မေးတော်မူပါသည်တကားဟုလျှောက်လေ၏။ ယေရှုကလည်း၊ တစုံတယောက်သောသူသည် ငါ့ကိုတို့လေပြီ။ ငါ့ကိုယ်မှ တန်ခိုးထွက်သည်ကို ငါသိ၏ဟု မိန့်တော်မူ၏။ ထိုမိန်းမသည် ပုန်းရှောင် ၍မနေနိုင်သည်ကိုသိလျှင် တုန်လှုပ်လျက်လာ ၍၊ အဘယ်အကြောင်း ကြောင့် တို့သည်ကိုငှင်း၊ ချက်ချင်းချမ်းသာရသည်ကိုငှင်း၊ လူအပေါင်းတို့ရှေ့မှာ ပြပ်ဝပ်လျက် ကြားလျှောက်လေ၏။ ကိုယ်တော်ကလည်း၊ ငါ့သမီး၊ မစိုးရိမ်နှင့်။ သင်၏ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီ။ ငြိမ်ဝပ်စွာသွားလော့ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူစဉ်တွင် တရားစရပ်မှူးအိမ်မှ လူလာ ၍ ကိုယ်တော့်သမီး သေပါပြီ။ ဆရာကိုမနှောက်ယှက်ပါနှင့်ဟုဆို၏။ ယေရှုကြားလျှင် မကြောက်ကြနှင့်။ ယုံကြည်ခြင်းစိတ် တခုသာရှိစေလော့။ ထိုသို့ရှိလျှင်သူသည် ဘေးနှင့်လွတ်လိမ့်မည်ဟု တရားစရပ်မှူးအား မိန့်တော်မူ၏။ အိမ်သို့ရောက်လျှင်၊ ပေတရု၊ ယောဟန်၊ယာကုပ်နှင့်မိန်းမငယ်၏ မိဘမှတပါး အဘယ်သူ့ကိုမျှ အထဲသို့မဝင်စေခြင်းငှါ ဆီးတားတော်မူ၏။ လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြသည်ကို ကိုယ်တော်က မငိုကြနှင့်။ သူငယ်သေသည်မဟုတ်၊ အိပ်ပျော်သည်ဟု မိန့်တော်မူလျှင်၊ သူငယ်သေကြောင်းကို ထိုသူတို့သည် သိကြသဖြင့် ကိုယ်တော်ကိုပြက်ယယ်ပြုကြ၏။ ထိုသူရှိသမျှတို့ကို ပြင်သို့ထွက်စေပြီးမှ သူငယ်၏လက်ကို ကိုင်တော်မူလျက်၊ သူငယ်ထလော့ဟု ခေါ်တော်မူသည်တွင်၊ စိတ် ဝိညာဉ်ပြန်လာ ၍ မိန်းမငယ်သည်

ချက်ချင်းထလေ၏။ သူ့အားစားစရာပေးလော့ဟုမိန့်တော်မူ၏။ မိဘတို့သည် မိန်းမောတွေဝေခြင်းသို့ ရောက်ကြ၏။ ထိုအမှုအရာကို အဘယ်သူမျှ မပြောရမည်အကြောင်းပညတ်တော်မူ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။

ကြိုးဂိမ်းကစားခြင်း : ၁၅လက်မကြိုးတစ်ကြိုးဖြင့်ချည်စေပြီး စက်ဝိုင်းပုံစံပြုလုပ်ကာ ကလေးများကို ကြိုးကိုင်ထားခိုင်းပါ။ ပြီးလျှင်ကြိုးကိုင်လျှက်လှုပ်ရှားမှုပြုလုပ်စေပါ။ ဦးဆောင်သူ " ရပ်" ဟုပြောသောအချိန်တွင်ကြိုးထုံးထားသောနေရာနှင့် အနီးဆုံးရှိသောကလေးကို ပုံပြင်အပိုင်းလိုက် ပြောဆိုခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- သင့်အတွက်ပုံပြင်ရဲ့ အကောင်းဆုံးအပိုင်းက ဘယ်အရာလဲ။
- လူတွေရဲ့ရွေးချယ်မှုကဘာလဲ။ သူတို့ဘာတွေပြုလုပ်ခဲ့သလဲ။ သူတို့ရဲ့ရွေးချယ်မှုကြောင့် ဘာတွေဖြစ်ပျက်ခဲ့လဲ။
- ပုံပြင်ပြောနေချိန် သင်ဘာကိုစဉ်းစားမိလဲ။ ဘာတွေကိုကြားရမြင်ရသလဲ။
- တရားစရပ်မှူးရဲ့ တုန့်ပြန်မှုများရှိခဲ့တယ်။ ပုံပြင်ရဲ့အစိတ်အပိုင်းတစ်ခုစီတိုင်းမှာ သူရဲ့ ခံစားမှုက ဘာတွေလဲ။ ပုံပြင်ထဲက တရားစရပ်မှူးရဲ့ နှလုံးသားနှင့်စိတ်ထားကို မင်းတို့ ဘယ်လိုမြင်လဲ။
- ပုံပြင်ထဲက သမီးလေးရဲ့အဖြစ်ကိုစဉ်းစားကြည့်ပါ။ သူမတွေ့ကြုံခဲ့တဲ့အရာက ဘာတွေသူမအတွက် နှစ်သက်စရာရှိသလဲ။။
- မင်းတို့အသက်တာမှာ ဘာနိမိလက္ခဏာမျိုး ယေရှုပြုလုပ်တာ မြင်ချင်မိလဲ။
- ငါတို့အတွက် ယေရှုက ..................................ဖြစ်တယ်။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- မင်းနဲ့အတူယေရှုရဲ့ မျက်မှောက်တော်ရှိနေတယ်လို့ သိနေတဲ့အကြောင်းအရာ အခြေအနေက ဘာလဲ။
- ဘုရားက မင်းကို ပုံပြင်ထဲကအတိုင်း ဘာအလိုရှိနေတယ်လို့ ထင်မိသလဲ။
- ဝိညာဉ်တော်က ယခုမင်းကို ဘာပြောနေသလဲ။
- ယနေ့ကြားခဲ့ရတဲ့ အရာတွေထဲမှာ ဘုရားက မင်းကိုဘာလုပ်စေချင်သလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ယေရှုကတန်ခိုးရှိသော အရာအားလုံးကိုထိန်းချုပ်နိုင်စွမ်းရှိတယ်။ ကိုယ်တော့်ရဲ့ ကျန်းမာခြင်း အသက်တာကို ကျွန်ုပ်တို့ကိုကောင်းကြီးပေးပါ။

# ယေရှု ၏ တရားစရပ်မှူး၏သမီးကို ရောဂါပျောက်ကင်းစေခြင်း ( ၂ )
# လုကာ ၈ း ၄၉ - ၅၆

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့မှာအရမ်းကောင်းတဲ့အရာကိုသိရှိတဲ့အချိန် လျှို့ဝှက်ထိန်းသိမ်းဖို့အတွက် ဘယ်လိုခက်ခဲမှုတွေ ရှိသလဲ။

၃။ နောက်ခံသမိုင်း

ယေရှုဟာတန်ခိုးရှိခြင်း၊ အရာအားလုံးကိုထိန်းချုပ်နိုင်စွမ်းရှိတယ်။ သူက များစွာသော နေမကောင်းခြင်း၊ ရောဂါများပျောက်ကင်းခြင်းပေးခဲ့တယ်။

ဒါပေမယ့် ဘာသာရေးခေါင်းဆောင်တွေက ယေရှုကိုမနှစ်သက်ကြဘူး။ ဒါပေမယ့် တစ်ရက်မှာ ဘာသောရေး ခေါင်းဆောင်တစ်ယောက်က ယေရှုထံလာပြီး အကူအညီတောင်းခံခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၈ း ၄၉ - ၅၆ ယေရှုကလည်း ၊ ငါ့ကိုအဘယ်သူ တို့သနည်း ဟုမေးတော်မူလျှင်၊လူအပေါင်းတို့သည် ငြင်းလတ်သော်၊ ပေတရုမှစ ၍ သူ၏အပေါင်းအဘော်တို့က၊ သခင်၊ လူအစုအဝေးတို့သည် ကိုယ်တော်အား ထိခိုက်တိုက်မိကြသည်ဖြစ် ၍၊ ငါ့ကိုအဘယ်သူတို့သနည်းဟု မေးတော်မူပါသည်တကားဟုလျှောက်လေ၏။ ယေရှုကလည်း၊ တစုံတယောက်သောသူသည် ငါ့ကိုတို့လေပြီ။ ငါ့ကိုယ်မှ တန်ခိုးထွက်သည်ကို ငါသိ၏ဟု မိန့်တော်မူ၏။ ထိုမိန်းမသည် ပုန်းရှောင် ၍မနေနိုင်သည်ကိုသိလျှင် တုန်လှုပ်လျက်လာ ၍၊ အဘယ်အကြောင်းကြောင့် တို့သည်ကို၄င်း၊ ချက်ချင်းချမ်းသာရသည်ကို၄င်း၊ လူအပေါင်းတို့ရှေ့မှာ ပြပ်ဝပ်လျက် ကြားလျှောက်လေ၏။ ကိုယ်တော်ကလည်း၊ ငါ့သမီး၊ မစိုးရိမ်နှင့်။ သင်၏ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီ။ ငြိမ်ဝပ်စွာသွားလော့ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူစဉ်တွင် တရားစရပ်မှူးအိမ်မှ လူလာ ၍ ကိုယ်တော့်သမီး သေပါပြီ။ ဆရာကိုမနှောက်ယှက်ပါနှင့်ဟုဆို၏။ ယေရှုကြားလျှင် မကြောက်ကြနှင့်။ ယုံကြည်ခြင်းစိတ် တခုသာရှိစေလော့။ ထိုသို့ရှိလျှင်သူသည် ဘေးနှင့်လွတ်လိမ့်မည်ဟု တရားစရပ်မှူးအား မိန့်တော်မူ၏။ အိမ်သို့ရောက်လျှင်၊ ပေတရု၊ ယောဟန်၊ယာကုပ်နှင့်မိန်းမငယ်၏ မိဘမှတပါး အဘယ်သူ့ကိုမျှ အထဲသို့မဝင်စေခြင်းငှါ ဆီးတားတော်မူ၏။ လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြသည်ကို ကိုယ်တော်က မငိုကြနှင့်။ သူငယ်သေသည်မဟုတ်၊ အိပ်ပျော်သည်ဟု မိန့်တော်မူလျှင်၊ သူငယ်သေကြောင်းကို ထိုသူတို့သည် သိကြသဖြင့် ကိုယ်တော်ကိုပြက်ယယ်ပြုကြ၏။ ထိုသူရှိသမျှတို့ကို ပြင်သို့ထွက်စေပြီးမှ သူငယ်၏လက်ကို

ကိုင်တော်မူလျက်၊ သူငယ်ထလော့ဟု ခေါ်တော်မူသည်တွင်၊ စိတ် ဝိညာဉ်ပြန်လာ ၍ မိန်းမငယ်သည် ချက်ချင်းထလေ၏။ သူ့အားစားစရာပေးလော့ဟုမိန့်တော်မူ၏။ မိဘတို့သည် မိန်းမောတွေဝေခြင်းသို့ ရောက်ကြ၏။ ထိုအမှုအရာကို အဘယ်သူမျှ မပြောရမည်အကြောင်းပညတ်တော်မူ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
လက်လှုပ်ရှားမှုများ -- ကျမ်းစာပုံပြင်ကို အဖွဲ့လိုက်ဖြင့် လက်လှုပ်ရှားမှုပြုလုပ်ကာ ပြန်ပြောခိုင်းခြင်းဖြင့် ပုံပြင်ကိုမှတ်သားရန်ကူညီပေးလိမ့်မည်။ပုံပြင်ပြန်ပြောပြီးဆုံးသည်အထိ လက်လှုပ်ရှားမှုများကိုပြုလုပ်ပြန်ပြောခိုင်းပါ

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲက သင်နှစ်သက်သောအရာကဘာလဲ။
- ပုံပြင်ထဲမှာ ယေရှုက လူတွေကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။ အဲ့ဒီအရာက ငါတို့ကိုယေရှုရဲ့အကြောင်း ဘာကိုပြောပြနေသလဲ။
- ပုံပြင်ပြောနေချိန် သင်ဘာကိုစဉ်းစားမိလဲ။ ဘယ်လိုခံစားချက်ရှိသလဲ။
- ကျမ်းစာထဲမှာ ယေရှုနောက်လိုက်သောသူတွေဟာယေရှုပြုခဲ့တဲ့အမှုထက်ကြီးတဲ့အမှုပြုမယ်လို့ပြောတယ်။ မင်းတို့အနေနဲ့ဒါက ဖြစ်နိုင်မလား။ ဘုရားက မင်းတို့ကိုပြုလုပ်ဖို့ ကြီးမားတဲ့အမှုကဘာလဲ စဉ်းစားကြည့်ပါသလား။
- ယနေ့မင်းတို့ယေရှုနဲ့တူဖို့ ဘယ်လိုလုပ်မလဲ။
- ယခု ယေရှုထံသွားပြီး အကူအညီတောင်းခံဖို့ လိုအပ်တဲ့အရာ အခြေအနေရှိပါသလား။

၇။ ကိုယ်ပိုင်တုန့်ပြန်မှု မေးခွန်းများ

- ယနေ့သင်ခန်းစာက ဝိညာဉ်တော်က မင်းကိုပြုလုပ်ဖို့ပြောနေတဲ့အရာကဘာလဲ။
- ဒီအပတ်ထဲမှာ မင်းဘယ်သူ့ကို ပုံပြင်ပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ချမ်းသာသောသူ ( သို့ ) ဆင်းရဲသောသူ အားလုံးကိုယေရှုဂရုစိုက်တယ်။ ဘယ်လိုအခက်အခဲတွေ့ကြုံပါစေ ကိုယ်တော့်ထံလာသောသူအယောက်စီတိုင်းကို ကောင်းကြီးပေးတော်မူပါ။

# ဇက္ခဲယေရှုကိုတွေ့မြင်ခြင်း (၁)
## လုကာ ၁၉း၁-၁၀

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတစ်ခုခုကိုအရမ်းတွေ့ချင်ပေမယ့် မင်းတို့ရှေ့က တစ်ယောက်ယောက်က အရပ်ပိုမြင့်လို့ မမြင်တွေ့နိုင်တဲ့အချိန်ရှိဖူးသလား။ မင်းတို့ဘာလုပ်ခဲ့သလဲ။ ဘယ်လိုခံစားချက်ဖြစ်ပေါ်စေခဲ့သလဲ။

၃။ နောက်ခံသမိုင်း

ယေရှု လောကမှာ အသက်ရှင်စဉ်အခါက အခွန်ခံတွေဟာ လူတွေကို လိမ်လည်ပြီး ပိုက်ဆံရဖို့လုပ်နေတဲ့သူတွေဖြစ်တယ်။ သူတို့ကောက်ရမယ့် ငွေထက် သူတို့ကိုယ်တိုင်ရရှိဖို့ ငွေကိုပိုကောက်ခံကြတယ်။ သတို့ဟာ ချမ်းသာလာပြီး အဲ့ဒီအရာတွေကြောင့် လူတွေသူတိုကို မုန်းတီးကြတယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၁၉း၁-၁၀ ယေရှုသည်ယေရိခေါမြို့သို့ဝင်၍ရှောက်သွားတော်မူ၏။ထိုအခါဇက္ခဲအမည်ရှိသော အခွန်ခံတယောက်ရှိ၏။ ထိုသူသည် ငွေရတက်သောသူဖြစ်၏။ ယေရှုသည်အဘယ်သို့သောသူ ဖြစ်သည်ကို ထိုသူသည်ကြည့်လို၍၊ လူအစုအဝေးများသောကြောင့် မိမိအရပ်လည်း နိမ့်သည်ဖြစ်၍မမြင်နိုင်။ ထိုကြောင့် ကြွတော်မူမည့်လမ်းတွင်ရှေ့သို့ပြေး၍ ကိုယ်တော်ကိုမြင်အံ့သောငှါ တဖန်းပင်တပင်ကိုတက်လေ၏။ ထိုအရပ်သို့ ယေရှုသည်ရောက်တော်မူသောအခါ မျှော်ကြည့်၍ ထိုသူကိုမြင်တော်မူလျှင်၊ ဇက္ခဲ၊ မြန်မြန်ဆင်းလော့။ သင်၏ အိမ်၌ ယနေ့ငါတည်းနေမည်ဟု မိန့်တော်မူ၏။ ဇက္ခဲသည်အလျင်အမြန်ဆင်း၍ ဝမ်းမြောက်သောစိတ်နှင့် ကိုယ်တော်ကိုမိမိအိမ်၌ ဧည့်ခံလေ၏။ ထိုအကြောင်းကို လူအပေါင်းတို့သည် မြင်လျှင်၊ ဆိုးသောသူ၏အိမ်သို့ ဝင်၍ လုပ်ကျွေးခြင်းကိုခံတော်မူပါသည်တကားဟုကဲ့ရဲ့အပြစ်တင်ကြ၏။ ဇက္ခဲသည်လည်းရပ်နေ၍၊ သခင်၊ အကျွန်ုပ်၏ဥစ္စာတဝက်ကိုဆင်းရဲသော သူတို့အားပေးပါ၏။ တစုံတယောက်သောသူ၏ဥစ္စာအနည်းငယ်ကို အကျွန်ုပ်ယူမိလျှင်၊ လေးဆပြန်၍ ပေးပါ၏ဟု သခင်ဘုရားကိုလျှောက်ဆို၏။ ယေရှုကလည်း၊ ဤသူသည် အာဗြဟံ၏ သားဖြစ်သည်နှင့်အလျောက်၊ ယနေ့ပင် ကယ်တင်တော်မူခြင်း ကျေးဇူးသည် ဤအိမ်ပေါ်မှာ သက်ရောက်လေ၏။ လူသာသည်ပျောက်သောသူတို့ကိုရှာ၍ကယ်တင်အံ့သောငှါ ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော်မူ၏။

၅။ ပုံပြန်ဖြေခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများမေးမြန်းခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ဘောလုံးကစားခြင်း -- ကလေးများကိုစက်ဝိုင်းပုံဘောလုံးလှည့်ခိုင်းပါ " ရပ် " လို့ပြောချိန်မှာ ဘောလုံးရရှိသောကလေးကို ပုံပြောခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပုံပြောခြင်းကစားပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲမှာ သင်နှစ်သက်တဲ့အရာကဘာလဲ။
- ပုံပြင်ထဲက ကွဲပြားကြတဲ့ လူတွေက ဘယ်သူတွေလဲ။
- ယေရှုက ဇက်ခဲ့ဆီကို ရောက်တဲ့အချိန် ဘာပြောင်းလဲတဲ့ စိတ်ခံစားမှုဖြစ်ပေါ်သလဲ။
- ပုံပြင်ပြောနေချိန် သင့်ရဲ့စိတ်ကူးနေမိတဲ့အရာကဘာလဲ။ ဘယ်လိုခံစားရသလဲ။
- ယေရှုက မင်းတို့အိမ်ကိုလာမယ်ဆိုရင် မင်းတို့ဘာလုပ်မလဲ။ ဘယ်လိုခံစားရမလဲ။
- ယေရှုက လာခဲ့မယ်ဆိုရင် ဘာကသူ့အတွက်ရေးကြီးတဲ့အရာဖြစ်မလဲ။
- ပုံပြင်အားဖြင့် ယေရှုနောက်လိုက်သူကိုကြည့်ခြင်းအားဖြင့် သင်ဘာသင်ခန်းစာရခဲ့သလဲ။ ဒီအပတ်ထဲ သင်အထူးသဖြင့် နာခံလိုက်လျှောက်ရမယ့်အရာရှိသလား။
- ဇက်ခဲ့က ယေရှုရဲ့အကြောင်းကို သိချင်ခဲ့ပြီး မြင်တွေ့လိုချင်ခဲ့တာဖြစ်တယ်။ မင်းတို့လည်း ယေရှုနဲ့မိတ်သဟာယဖွဲ့ခြင်း ကိုယ်ပိုင်အချိန်ပေးခြင်းရှိသလား။ ရှိလျှင်ပြောပြပါ။ မရှိခဲ့လျှင် မင်းတို့ဘာကိုပိုပြီးသိချင်သလည်း။
- ယေရှုနဲ့နီးကပ်စွာရှိဖို့ သင်ဘာလုပ်မလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ပုံပြင်အားဖြင့် ဘုရားသခင်ရဲ့အကြောင်း ဘာတွေသိခဲ့သလဲ။
- ယနေ့သင်ကြားခဲ့ရတဲ့ ပုံပြင်အားဖြင့် ဝိညာဉ်တော်က မင်းကိုဘာလုပ်ဖို့ပြောနေသလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

ယေရှုဘုရား ဇက်ခဲ့ကဲ့သို့ ကိုယ်တော့်ကို ဘယ်လိုအခြေအနေရှိရှိတွေ့ချင်သော စိတ်သဘောထားကောင်းကြီး အယောက်စီတိုင်းကိုပေးတော်မူပါ။

# ဇက္ခဲ ယေရှုကိုတွေ့မြင်ခြင်း (၂)
# လုကာ ၁၉း၁-၁၀

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့သွားရောက်ခဲ့ဖူးတဲ့ အမြင့်ဆုံးနေရာက ဘယ်နေရာလဲ။ အမြင့်ရောက်တဲ့နေရာကနေ မင်းတို့ သတိထားမိတဲ့အရာက ဘာလဲ။

၃။ နောက်ခံသမိုင်း

ယေရှုအသက်ရှင်စဉ်ကာလရဲ့နောက်ဆုံးအပတ်ရောက်နေပြီဖြစ်တယ်။ ယေရှုဟာ ယေရုရှလင်မြို့ကို သွားမယ့်လမ်းပေါ်ရောက်ရှိပြီး၊ ယေရိခေါမြို့မှာ နားနေတဲ့အချိန်ဖြစ်တယ်။

ယေရှုအသေခံရချိန်နီးပြီဖြစ်တဲ့အတွက် လူစုဝေးတို့နဲ့ ယေရှုရဲ့အချိန်ကုန်လွန်ခြင်းအပေါ် မင်းတို့ ဘာစိတ်ကူးစိတ်သန်းဖြစ်ပေါ်သလဲ။ မင်းတို့ဘာတွေမြင်ရ၊ ကြားရသလဲ။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၁၉း၁-၁၀ ယေရှုသည်ယေရိခေါမြို့သို့ဝင်၍ရှောက်သွားတော်မူ၏။ထိုအခါဇက္ခဲအမည်ရှိသော အခွန်ခံတယောက်ရှိ၏။ ထိုသူသည် ငွေရတက်သောသူဖြစ်၏။ ယေရှုသည်အဘယ်သို့သောသူ ဖြစ်သည်ကို ထိုသူသည်ကြည့်လို၍၊ လူအစုအဝေးများသောကြောင့် မိမိအရပ်လည်း နိမ့်သည်ဖြစ်၍မမြင်နိုင်။ ထိုကြောင့် ကြွတော်မူမည့်လမ်းတွင်ရှေ့သို့ပြေး၍ ကိုယ်တော်ကိုမြင်အံ့သောငှါ တဖန်းပင်တပင်ကိုတက်လေ၏။ ထိုအရပ်သို့ ယေရှုသည်ရောက်တော်မူသောအခါ မျှော်ကြည့်၍ ထိုသူကိုမြင်တော်မူလျှင်၊ ဇက္ခဲ၊ မြန်မြန်ဆင်းလော့။ သင်၏ အိမ်၌ ယနေ့ငါတည်းနေမည်ဟု မိန့်တော်မူ၏။ ဇက္ခဲသည်အလျင်အမြန်ဆင်း၍ ဝမ်းမြောက်သောစိတ်နှင့် ကိုယ်တော်ကိုမိမိအိမ်၌ ညေ့ခံလေ၏။ ထိုအကြောင်းကို လူအပေါင်းတို့သည် မြင်လျှင်၊ ဆိုးသောသူ၏အိမ်သို့ ဝင်၍ လုပ်ကျွေးခြင်းကိုခံတော်မူပါသည်တကားဟုကဲ့ရဲ့အပြစ်တင်ကြ၏။ ဇက္ခဲသည်လည်းရပ်နေ၍၊ သခင်၊ အကျွန်ုပ်၏ဥစ္စာတဝက်ကိုဆင်းရဲသော သူတို့အားပေးပါ၏။ တစုံတယောက်သောသူ၏ဥစ္စာအနည်းငယ်ကို အကျွန်ုပ်ယူမိလျှင်၊ လေးဆပြန်၍ ပေးပါ၏ဟု သခင်ဘုရားကိုလျှောက်ဆို၏။ ယေရှုကလည်း၊ ဤသူသည် အာဗြဟံ ၏ သားဖြစ်သည်နှင့်အလျောက်၊ ယနေ့ပင် ကယ်တင်တော်မူခြင်း ကျေးဇူးသည် ဤအိမ်ပေါ်မှာ သက်ရောက်လေ၏။ လူသားသည်ပျောက်သောသူတို့ကိုရှာ၍ကယ်တင်အံ့သောငှါ ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော်မူ၏။

၅။ ပုံပြန်ဖြေခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းများမေးမြန်းခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ခေါ်ထုတ်လုပ်ဆောင်ခြင်း -- ကလေးများတစ်ချို့ကိုခေါ်ထုတ်ပြီး ပုံပြင်ပြောရင်း ပုံပြင်ထဲကအတိုင်း လုပ်ဆောင်ခြင်း ပြုလုပ်စေပါ။ ကျန်ရှိသော ကလေးများလည်း ပါဝင်လုပ်ဆောင်စေပြီး ပုံပြင်အတိုင်း ခေါ်ထုတ်လုပ်ဆောင်ပါ။

၆။မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲက သင်နှစ်သက်တဲ့အရာကဘာလဲ။
- ဇက်ခဲ့ရဲ့ရွေးချယ်မှုကဘာလဲ။ သူဘာတွေပြုလုပ်ခဲ့သလည်း။သူ့ရဲ့ရွေးချယ်မှုကဘာဖြစ်ပေါ်စေခဲ့သလဲ။
- ပုံပြင်ထဲကယေရှုရဲ့အကြောင်းကို သင်ဘာမှတ်သားစရာရရှိခဲ့သလဲ။
- ပုံပြင်ပြောနေချိန် သင့်ရဲ့စိတ်ကူးစိတ်သန်းကဘာလဲ။ သင်ဘာကိုမြင်ရ၊ ကြားရသလဲ။
- ဇက်ခဲ့သစ်ပင်ပေါ်တက်နေတာကို မြင်တွေ့ရတဲ့အပေါ် မင်းတို့ရဲ့သူ့အပေါ်တုန့်ပြန်မှုကဘယ်လိုလဲ။
- ဇက်ခဲ့ရဲ့နှစ်သက်စရာအချက်တွေကဘာလဲ။
- ပုံပြင်နားထောင်ပြီးတဲ့အချိန်မှာ ငါတို့မြင်တွေ့ခဲ့တာက ငါ..............................................................။
- ဇက်ခဲ့က ယေရှုကိုစိတ်ဝင်စားတယ်၊ ဒါကြောင့်သူ့ကိုမြင်နိုင်အောင်ကြိုးစားခဲ့တယ်။ မင်းတို့လည်း ယေရှုကို စိတ်ဝင်စားမှု၊ ယေရှုနဲ့ရင်းနှီးမှုရှိသလား။ ရှိလျှင်ပြောပြပါ။ မရှိခဲ့လျှင် သင်ဘာကိုပိုမိုသိချင်သလဲ။
- ပုံပြင်အားဖြင့် ဘုရားသခင်ရဲ့အကြောင်းကို ဘာပြောနေသလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှု မေးခွန်းများ

- ယနေ့ပုံပြင်အားဖြင့် ယေရှုကိုချစ်ဖို့နှင့်အစေခံဖို့ ဘယ်လိုပြောင်းလဲမှု ပြုလုပ်မလဲ။
- ဒီတပတ် သင်ပုံပြင်အကြောင်းကို ဘယ်သူ့ကိုပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ယေရှုဘုရား၊ ကလေးတစ်ယောက်စီတိုင်းရဲ့ နှလုံးသားမှာ ကိုယ်တော့်ကို လိုချင်သော နှလုံးသား ဖြစ်စေဖို့ ကောင်းကြီးပေးတော်မူပါ။

# ယေရှု ယေရုရှလင်မြို့သို့ အောင်ပွဲခံကာဝင်ရောက်ခြင်း (၁)
# လုကာ ၁၉း၂၉(ခ)-၄၁

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့စစ်ရေးပြ ချီတက်နေတာကိုမြင်ဖူးပါသလား။ ဘာနဲ့တူသလည်းပြောပြပါ။

၃။ နောက်ခံသမိုင်း

ယေရှုက လူတွေအတွက် ကြီးမားတဲ့အရာတွေပြုလုပ်ပေးခဲ့တယ်။ သူ့ရဲ့နောက်ဆုံးအချိန်အတွက် ယေရုရှလင်မြို့ကိုဝင်လာတယ်။ လူတွေဟာ ယေရှုကြွလာမယ့် လမ်းမှာ ထန်းရွက်၊ အုန်းရွက်တွေအပြင် သူတို့ရဲ့ အဝတ်အစားတွေကို လမ်းမှာခင်းပြီး သူတို့ရဲ့ဘုရင်ကြွလာခြင်းကို ကြိုဆိုကြတယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၁၉း၂၉(ခ)-၄၁ တပည့်တော်နှစ်ယောက်တို့ကိုစေလွှတ် ၍ သင်တို့ရှေ့၌ရှိသော ရွာသို့သွားကြ။ ထိုရွာသို့ရောက်လျှင် အဘယ်သူမျှမစီးဘူးသော မြည်းကလေး ချည်နှောင်လျက်ရှိသည်ကို သင်တို့သည် တွေ့လိမ့်မည်။ မြည်းကြိုးကိုဖြည် ၍ ဆောင်ခဲ့ကြ။ သူတပါးက အဘယ်ကြောင့် မြည်းကြိုးကိုဖြည်သနည်းဟု သင်တို့ကိုဆိုလျှင်၊ သခင်အလိုရှိသည်ဟု ပြန်ပြောကြလော့ဟု မှာထားတော်မူ၏။ ထိုသို့စေလွှတ်သော သူတို့သည် သွား ၍စကားတော်အတိုင်းတွေ့ကြ၏။ မြည်းကြိုးကိုဖြည်စဉ်တွင် မြည်းရှင်တို့က၊ အဘယ်ကြောင့် မြည်းကြိုးကိုဖြည်သနည်းဟုဆိုလျှင်၊ သခင်အလိုရှိသည်ဟု ပြန်ပြောကြ၏။ ယေရှုထံသို့ မြည်းကလေးကို ဆောင်ခဲ့ ၍၊ မြည်းကျောပေါ်မှာ မိမိအဝတ်ကိုတင်ပြီးလျှင် ကိုယ်တော်ကိုစီးစေကြ၏။ ခရီးသွားတော်မူစဉ်တွင် လူများတို့သည် မိမိတို့အဝတ်များကိုလမ်း၌ ခင်းကြ၏။ သံလွင်တောင်ပေါ်က ဆင်းရာအရပ်တို့ရောက်တော်မူသောအခါ တပည့်တော်များအပေါင်းတို့သည် မိမိတို့မြင်ခဲ့ပြီးသော တန်ခိုးတော်များကိုထောက် ၍ ဝမ်းမြောက်သောစိတ်နှင့် ဘုရားသခင်ကိုထောမနာပြု ၍၊ ဘုရားသခင်၏အခွင့်နှင့်ကြွလာတော်မူသော ရှင်ဘုရင်သည် မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘုံ၌ ငြိမ်သက်ခြင်းဖြစ်စေသတည်း။ ကောင်းကင်ဘဝဂ်ဝယ် ဘုန်းကြီးပါစေသတည်းဟု ကြွေးကြော်ကြ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
ကြိုးဂိမ်းကစားခြင်း ။ ၁၅လက်မကြိုးတစ်ကြိုးဖြင့်ချည်စေပြီး စက်ဝိုင်းပုံစံပြုလုပ်ကာ ကလေးများကို ကြိုးကိုင်ထားခိုင်းပါ။ ပြီးလျှင်ကြိုးကိုင်လျှက်လှုပ်ရှားမှုပြုလုပ်စေပါ။ ဦးဆောင်သူ "ရပ်" ဟုပြောသောအချိန်တွင်ကြိုးထုံးထားသောနေရာနှင့် အနီးဆုံးရှိသောကလေးကို ပုံပြင်အပိုင်းလိုက် ပြောဆိုခိုင်းပါ။ ပုံပြင်ပြီးဆုံးသည်အထိ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲက ကွဲပြားနေတဲ့ လူတွေက ဘယ်သူတွေလဲ။
- ပုံပြင်ထဲမှ သင်ဘာကိုနှစ်သက်သလဲ။
- ပုံပြင်ပြောနေချိန် သင့်ရဲ့စိတ်ကူးစိတ်သန်းကဘာလဲ။ ဘာတွေကိုကြားရ မြင်တွေ့ရသလဲ။
- သင်ယေရှုရဲ့အောင်ပွဲအထိမ်းအမှတ်ပြုလုပ်ခဲ့ဖူးသလား။ သင်နှင့်မိသားစုက ယေရှုရဲ့အောင်ပွဲကို ဘာတွေပြုလုပ်ကြသလဲ။
- ယနေ့ယေရှုက သင့်ကို သူ့ရဲ့အောင်မြင်မှုအတွက် သင့်ဆီက ဘာကိုလိုချင်နေသလဲ။
- သင်ဘုရားသခင်ကို ချီးမွမ်းချင်တဲ့အရာရှိသလား။
- ယနေ့သင်ကြားခဲ့တဲ့ ပုံပြင်ထဲမှ ယေရှုနောက်ကိုလိုက်ခြင်းဆိုတာဘာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ပုံပြင်ထဲမှ ယေရှုက သင့်ကိုပြုလုပ်ဖို့ရန် ဘာပြောနေလဲ။
- တစ်ယောက်ယောက်က ယေရှုကိုယုံကြည်ခြင်းနှင့် သူ့နောက်လိုက်ဖြစ်ခြင်းရဲ့ အဓိပ္ပါယ်ကိုပြောပြနိုင်မလား။ ယနေ့သင်ကြားခဲ့ရတဲ့ ယေရှုကိုဘာကြောင့် ယုံကြည်ရသလဲ။
- ဒီပုံပြင်အကြောင်းကိုကြားသိဖို့လိုအပ်သောသူမင်းတို့အသိမိတ်ဆွေထဲမှာရှိသလား။ယေရှုရဲ့နောက်လိုက်သော သူဆိုတဲ့အဓိပ္ပါယ်ကဘာလ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

ယေရှုကိုမြင်တွေ့ဖို့ စိတ်ကူးမှုရှိတဲ့ပုံပြင်ထဲက လူတွေလိုပဲဖြစ်ဖို့ ဘုရားသခင်ရဲ့ ကောင်းကြီးသင်တို့အပေါ် ရှိပါစေ။

# ယေရှု ယေရုရှလင်မြို့သို့အောင်ပွဲခံကာဝင်ရောက်ခြင်း (၂)
# လုကာ ၁၉း၂၉(ခ)-၄၁

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

တစ်စုံတစ်ယောက်က မင်းတို့အတွက် အထူးပြုလုပ်ပေးခဲ့ဖူးတာရှိသလား။ အဲ့ဒါကဘာလည်း ပြီးတော့ ဘယ်လိုခံစားရသလည်း ဖော်ပြပါ။

၃။ နောက်ခံသမိုင်း

ယေရှု လောကမှာ အသက်ရှင်နေထိုင်တဲ့နောက်ဆုံးအချိန်ရောက်ရှိလာပြီ။ သူဟာ ယေရုရှလင်မြို့ကို လာနေပြီးလူတွေက သူ့ကိုတွေ့ရှိရဖို့ စိတ်လှုပ်ရှားနေကြတယ်။ နောက်ဘာဆက်ဖြစ်မလည်း ကြည့်ကြရအောင်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

လုကာ ၁၉း၂၉(ခ)-၄၁ တပည့်တော်နှစ်ယောက်တို့ကိုစေလွှတ် ၍ သင်တို့ရှေ့၌ရှိသော ရွာသို့သွားကြ။ ထိုရွာသို့ရောက်လျှင် အဘယ်သူမျှမစီးဘူးသော မြည်းကလေး ချည်နှောင်လျက်ရှိသည်ကို သင်တို့သည် တွေ့လိမ့်မည်။ မြည်းကြိုးကိုဖြည် ၍ ဆောင်ခဲ့ကြ။ သူတပါးက အဘယ်ကြောင့် မြည်းကြိုးကိုဖြည်သနည်းဟု သင်တို့ကိုဆိုလျှင်၊ သခင်အလိုရှိသည်ဟု ပြန်ပြောကြလော့ဟု မှာထားတော်မူ၏။ ထိုသို့စေလွှတ်သော သူတို့သည် သွား ၍စကားတော်အတိုင်းတွေ့ကြ၏။ မြည်းကြိုးကိုဖြည်စဉ်တွင် မြည်းရှင်တို့က၊ အဘယ်ကြောင့် မြည်းကြိုးကိုဖြည်သနည်းဟုဆိုလျှင်၊ သခင်အလိုရှိသည်ဟု ပြန်ပြောကြ၏။ ယေရှုထံသို့ မြည်းကလေးကို ဆောင်ခဲ့ ၍၊ မြည်းကျောပေါ်မှာ မိမိအဝတ်ကိုတင်ပြီးလျှင် ကိုယ်တော်ကိုစီးစေကြ၏။ ခရီးသွားတော်မူစဉ်တွင် လူများတို့သည် မိမိတို့အဝတ်များကိုလမ်း၌ ခင်းကြ၏။ သံလွင်တောင်ပေါ်က ဆင်းရာအရပ်တို့ရောက်တော်မူသောအခါ တပည့်တော်များအပေါင်းတို့သည် မိမိတို့မြင်ခဲ့ပြီးသော တန်ခိုးတော်များကိုထောက် ၍ ဝမ်းမြောက်သောစိတ်နှင့် ဘုရားသခင်ကိုထောမနာပြု ၍၊ ဘုရားသခင်၏အခွင့်နှင့်ကြွလာတော်မူသော ရှင်ဘုရင်သည် မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘုံ၌ ငြိမ်သက်ခြင်းဖြစ်စေသတည်း။ ကောင်းကင်ဘဝဂ်ဝယ် ဘုန်းကြီးပါစေသတည်းဟု ကြွေးကြော်ကြ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
ပုံဆွဲခြင်း -- ကလေးများအားပုံပြင်ပြောနေချိန် မြင်ရ၊ကြားရသောအရာများကို ပုံဆွဲချရန် အသုံးအဆောင်များပေး ၍ ပုံဆွဲခြင်းပြုလုပ်စေပါ။ ကလေးတစ်ယောက်ချင်းစီတိုင်း၊ ကိုယ်ရေးဆွဲထားသော ပုံကိုပြန်ဝေမျှခြင်း၊ ပြသခြင်းပြုလုပ်စေပါ။ မတူညီသောအကြောင်းအရာများတွေ့ရှိခဲ့လျှင် ဖြည့်စွတ်ပုံဆွဲခြင်း ပြုလုပ်စေပါ။ ဆွဲထားပြီးသော ပုံများကို အစဉ်လိုက် ပြုလုပ်စေပြီး ပုံပြင်ပြန်ပြောရာတွင် အသုံးပြုကာ ပုံပြင်ပြန်ပြော ခြင်း ပြုလုပ်ခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲမှ သင်ဘာကိုနှစ်သက်သလဲ။
- ပုံပြင်ထဲမှာ တူညီတဲ့ဇာတ်ဆောင်(သို့)မတူညီကွဲပြားနေတဲ့ ဇာတ်ဆောင်မှုတွေက ဘာတွေလဲ။
- ပုံပြင်ပြောနေချိန် သင့်ရဲ့စိတ်ကူးနေတဲ့အရာကဘာလ။ ဘယ်လိုခံစားချက်ရှိသလဲ။
- ပုံပြင်ထဲမှ တပည့်တော်များရဲ့ နှလုံးသားနှင့်စိတ်က ဘာတွေလည်း။ ဒီမှာရောက်ရှိနေတဲ့ ကလေးတွေလိုပဲ ဖြစ်လိမ့်မယ်လို့ထင်မိလား။
- သင်လည်း အဲ့ဒီနေရာမှာရောက်ရှိနေမယ်ဆိုရင် ဘာတွေပြုလုပ်ခဲ့မလဲ။
- သင်ယေရှုကို ဘာပြောချင်လဲ။ ယနေ့သင်ယေရှုကို ဘယ်လိုချီးမွမ်းခြင်းပြုလုပ်မလဲ။
- ဘာကြောင့် ယေရှုက ယေရုရှလင်မြို့ကိုကြည့်ပြီး မျက်ရည်ကျခဲ့သလဲ။ ယေရှုကိုဝမ်းနည်းစေတဲ့ အရာက ဘာလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့သင်ကြားခဲ့တဲ့အရာအားဖြင့် သင့်ရဲ့ဘုရားသခင်ကို ချစ်ခြင်းနှင့်သူ့ရဲ့အစေခံခြင်းအရာတွေကို ဘယ်လိုပြောင်းလဲအသက်ရှင်လိုက်လျှောက်မလဲ။
- ဒီပုံပြင်က ယေရှုအကြောင်းကို ဘာတွေပြောပြနေသလဲ။
- ဒီအပတ်ထဲမှာ ပုံပြင်အကြောင်း သင်ဘယ်သူ့ကိုပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

လူတွေဟာ ယေရှုရဲ့လောကမှာရှိစဉ် ရည်ရွယ်ချက်တွေကို နားမလည်ကြဘူး။ ဒါကြောင့် ကလေးများ အားလုံးဘုရားရဲ့ရည်ရွယ်ချက်က ကိုယ်အတွက်ဖြစ်တယ်လို့ နားလည်နိုင်သောသူတွေဖြစ်စေဖို့ ကောင်းကြီးပေးပါ။

# ယေရှု ကောင်းကင်သို့တက်ကြွခြင်း (၁)
# တမန်တော် ၁း၈-၁၁, လုကာ ၂၄း၅၂-၅၃

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့အရမ်းပဲပျော်ရွှင်ခံစားရတဲ့အချိန်ကိုဝေမျှပါ။

၃။ နောက်ခံသမိုင်း

ယေရှု ယေရုရှလင်မြို့ကိုရောက်လာပြီးနောက် ဘာသာရေး ခေါင်းဆောင်တွေက ယေရှုကိုသတ်ဖို့ အလိုရှိကြတယ်။ သူတို့ကယေရှုနဲ့ပတ်သတ်ပြီးအပြစ်ပုံချကာ ကားတိုင်ပေါ်မှာ သံမှိုနဲ့ရိုက်ခဲ့တယ်။ ဒါပေမယ့် သုံးရက်မြောက်နေ့မှာ ယေရှုကို သင်္ဂြိုလ်ခဲ့တဲ့နေရာမှာ ရှာလို့မတွေ့တော့ဘူး၊ သူထမြောက်အသက်ရှင်ခဲ့တယ်။

ယေရှုဟာ ထမြောက်အသက်ရှင်ပြီး ရက်ပေါင်း(၄၀) သူ့ရဲ့တပည့်တော်တွေနဲ့ အတူနေခဲ့တယ်။ နောက်ပြီး သူထွက်သွားခဲ့အခါ သန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်မယ်လို့ ဂတိပေးခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

တမန်တော် ၁း၈-၁၁ ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ၊ သင်တို့သည်တန်ခိုးကိုခံရ ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။ တမန်တော်တို့သည် ကြည့်ရှုလျက်နေကြစဉ်၊ သခင်ဘုရားသည် အထက်သို့ဆောင်ယူခြင်းကိုခံတော်မူ ၍၊ မိုဃ်းတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင်ခံယူလေ၏။ ထိုသို့ ကြွတော်မူသည်ကို တမန်တော်တို့သည် ကောင်းကင်သို့စေ့စေ့ကြည့်မျှော်လျက်နေကြစဉ်တွင်၊ လူနှစ်ယောက်တို့သည် ဖြူစင်သော အဝတ်ကိုဝတ်ဆင်လျက် တမန်တော်တို့အနားမှာပေါ်လာ ၍၊ အိုဂါလိလဲလူတို့၊ အဘယ်ကြောင့် ကောင်းကင်သို့ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့်ခွာ ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည် နည်းတူ တဖန်ကြွလာတော်မူလတ့ံဟုပြောဆို၏။

လုကာ ၂၄း၅၂-၅၃ တပည့်တော်တို့သည် ကိုယ်တော်ကိုပြပ်ဝပ်ကိုးကွယ်ပြီးမှ အလွန်ဝမ်းမြောက်ဝမ်းသာခြင်းနှင့် ယေရုရှလင်မြို့သို့ပြန်သွားကြ၏။ ဘုရားသခင်ကိုအံ့ဩချီးမွမ်းလျက် ဗိမာန်တော်သို့ ရောက်မြဲရောက်ကြ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
ကျမ်းစာပုံပြင်အစားထိုးခြင်း -- ကလေးများကိုတစ်ဖွဲ့စီခွဲပါ။ သတ်မှတ်ထားသောနေရာကိုပြေးပြီးပြန်လာစေပါ။ ပြန်ရောက်ရှိချိန်မှာ ပုံပြင်အပိုင်းလိုက် အော်ပြောခိုင်းပါ။ တစ်ယောက်ပြီးတစ်ယောက်ပြုလုပ်ကာ အဖွဲ့တိုင်းကို ပုံပြင်ပြောပြီး ဆုံးသည်အထိပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှ သင်ဘာကိုနှစ်သက်သလဲ။
- ပုံပြင်ထဲမှာ သင့်ကို အံ့ဩစရာဖြစ်စေတဲ့အရာကဘာလဲ။
- တပည့်တော်များ ယေရှုကောင်းကင်သို့ပြန်တက်ကြွနေတာကိုမြင်ပြီး ဘာတွေဖြစ်နေကြမလဲ။ မင်းတို့လည်း ယခုလိုမြင်တွေ့ခဲ့ရင် ဘာတုန့်ပြန်မှုတွေ ဖြစ်လာမလဲ။
- ယေရှု ကောင်းကင်သို့ တက်ကြွပြီးနောက်၊ ကောင်းကင်တမန်များက တပည့်တော်များကို ဘာကြောင့် ရပ်နေကြသလဲ ပြောခဲ့တယ်။ သူတို့တွေဘာကြောင့် ရပ်နေကြသလဲ။ မင်းတို့လည်း ယေရှုကောင်းကင် ပေါ်တက်ကြွခြင်းကိုကြားခဲ့ပြီ မင်းတို့ကိုလည်း ယခုဘဲ ယေရှုက ခေါ်ဆောင်မယ်ဆိုရင် မင်းတို့ဘာတွေ စဉ်းစားမိပြီး၊ ဘယ်သူ့ကိုဒီအကြောင်းပြောပြနေမလဲ။
- မင်းတို့ယေရှုကိုဘယ်လိုချီးမွမ်းခြင်းပြုလုပ်မလဲ။
- ယနေ့ကြားခဲ့ရတဲ့ အရာများအားဖြင့် ယေရှုဟာ ………………………………………………ဖြစ်တယ်။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ကြားခဲ့ရတဲ့အရာအားဖြင့် ယေရှုနောက်လိုက်ဖို့ ဘာတွေပြင်ဆင်ရမလဲ။
- ယနေ့ပုံပြင်အားဖြင့် ယေရှုကိုချစ်ဖို့နှင့် အစေခံဖို့ရန် ဘာတွေ ပြောင်းလဲမှုပြုလုပ်ရမလဲ။
- ဘုရားက သင့်ကို ပုံပြင်ထဲကအတိုင်း ဘာလုပ်ဖို့ အလိုရှိသလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

ယေရှု ကျွန်ုပ်တို့ရဲ့ နှလုံးသားထဲမှာ ရှိနေသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါတယ်။ အဖဘုရား၊ ကျွန်ုပ်တို့ နှလုံးသားအားလုံးကို ကိုယ်တော့်ကိုချီးမွမ်းတက်တဲ့နှလုံးသားဖြစ်ဖို့ ကောင်းကြီးပေးပါ။

# ယေရှု ကောင်းကင်သို့တက်ကြွခြင်း (၂)
# တမန်တော် ၁း၈-၁၁, လုကာ ၂၄း၅၂-၅၃

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့ရဲ့သူငယ်ချင်း(သို့)မိသားစုထဲက တစ်ယောက်ယောက်အိမ်ရွှေ့ပြောင်းမှုရှိခဲ့ဖူးလား။ အဲ့ဒီအရာက မင်းအတွက်ဘာ သဘောကျစရာရှိသလဲ။

၃။ နောက်ခံသမိုင်း

ယေရှုဟာ ကားတိုင်ပေါ်မှာ အသေသတ်ခြင်းခံပြီး ဂူထဲမှာသင်္ဂြိုလ်ခြင်းခံရသော်လည်း၊ သူဟာ ရှင်ပြန်ထမြောက်ပြီး အသက်ရှင်နေတယ်။ တစ်ချို့သောလူတွေကလည်း ယေရှုရဲ့ရှင်ပြန်ထမြောက်ခြင်းအပေါ် အလွန်အမင်း အံ့ဩကာ နေကြတယ်။ တစ်ချို့ဆိုရင် ယေရှုသေဆုံးခဲ့တာကို မြင်တွေ့ခဲ့လို့ ဖြစ်နိုင်ပါ့မလားဆိုပြီး သံသယမကင်းဖြစ်နေကြတယ်။ယေရှုဟာကောင်းကင်သို့မတက်ကြွမှီ ရက်(၄၀)တပည့်တော်များနဲ့အတူ ရှိနေခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

တမန်တော် ၁း၈-၁၁ ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ၊ သင်တို့သည်တန်ခိုးကိုခံရ ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။ တမန်တော်တို့သည် ကြည့်ရှုလျက်နေကြစဉ်၊ သခင်ဘုရားသည် အထက်သို့ဆောင်ယူခြင်းကိုခံတော်မူ ၍၊ မိုဃ်းတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင်ခံယူလေ၏။ ထိုသို့ ကြွတော်မူသည်ကို တမန်တော်တို့သည် ကောင်းကင်သို့စေ့စေ့ကြည့်မျှော်လျက်နေကြစဉ်တွင်၊ လူနှစ်ယောက်တို့သည် ဖြူစင်သော အဝတ်ကိုဝတ်ဆင်လျက် တမန်တော်တို့အနားမှာပေါ်လာ ၍၊ အိုဂါလိလဲလူတို့၊ အဘယ်ကြောင့် ကောင်းကင်သို့ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့်ခွာ ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည် နည်းတူ တဖန်ကြွလာတော်မူလတ့ံဟုပြောဆို၏။

လုကာ ၂၄း၅၂-၅၃ တပည့်တော်တို့သည် ကိုယ်တော်ကိုပြပ်ဝပ်ကိုးကွယ်ပြီးမှ အလွန်ဝမ်းမြောက်ဝမ်းသာခြင်းနှင့် ယေရုရှလင်မြို့သို့ပြန်သွားကြ၏။ ဘုရားသခင်ကိုအံ့ဩချီးမွမ်းလျက် ဗိမာန်တော်သို့ ရောက်မြဲရောက်ကြ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
ပုံဆွဲခြင်း -- ကလေးများအားပုံပြင်ပြောနေချိန် မြင်ရ၊ကြားရသောအရာများကို ပုံဆွဲချရန် အသုံးအဆောင်များပေး ၍ ပုံဆွဲခြင်းပြုလုပ်စေပါ။ ကလေးတစ်ယောက်ချင်းစီတိုင်း၊ ကိုယ်ရေးဆွဲထားသော ပုံကိုပြန်ဝေမျှခြင်း၊ ပြသခြင်းပြုလုပ်စေပါ။ မတူညီသောအကြောင်းအရာများတွေ့ရှိခဲ့လျှင် ဖြည့်စွတ်ပုံဆွဲခြင်း ပြုလုပ်စေပါ။ ဆွဲထားပြီးသော ပုံများကို အစဉ်လိုက် ပြုလုပ်စေပြီး ပုံပြင်ပြန်ပြောရာတွင် အသုံးပြုကာ ပုံပြင်ပြန်ပြော ခြင်း ပြုလုပ်ခိုင်းပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှ သင်မှတ်သားခဲ့တဲ့အရာကဘာလဲ။
- ပုံပြင်ပြောနေချိန် သင်ဘာစိတ်ကူးမိသလဲ။ ဘာကိုကြားရ၊ မြင်ရသလဲ။
- မင်းတို့က ရပ်နေကြတဲ့ တပည့်တော်ထဲက တစ်ယောက်ဖြစ်ခဲ့မယ်ဆိုရင် ဘယ်လိုခံစားခဲ့ရမလဲ။
- တကယ်လို့ ဖြစ်ခဲ့မယ်ဆိုရင် မင်းဘာလုပ်မလဲ။ ဘယ်သူ့ကိုပြောပြမလဲ။ သူတို့ကို မင်းဘာပြော မလဲ။
- ဒီပုံပြင်အားဖြင့် ဘုရားသခင်ဟာ …………………..ဖြစ်တယ်။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ပုံပြင်ထဲမှ ယေရှုရဲ့နောက်လိုက်သူကိုကြည့်ခြင်းအားဖြင့် ဘာသင်ခန်းစာရခဲ့သလဲ။ ဒီအပတ်ထဲ အထူးသဖြင့် နာခံလိုက်လျှောက်ရမယ့် အရာရှိသလား။
- ယနေ့သင် ဘုရားသခင်နှင့် ယေရှုကို ဘယ်လိုတုန့်ပြန်မလဲ။
- ဒီတပတ်ထဲ ဒီပုံပြင်ကို မင်းဘယ်သူ့ကို ပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်း ကောင်းကြီးပေးခြင်း

အဖဘုရား ကိုယ်တော့်ကို လုံးလုံးယုံကြည်သောနလုံးသား နှင့် စိတ်ကို ပေးတော်မူပါ။

## ယေရှု ရှောလုကိုရွေးချယ်ခြင်း (၁)
## တမန်တော် ၉ း ၃ - ၁၈

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

သင်ယေရှုရဲ့နောက်ကိုလိုက်ဖို့ရန် ဆုံးဖြတ်ချက်ချခဲ့ပြီးပြီလား။ ဘယ်အချိန်ကဖြစ်ခဲ့သလည်း ပြောပြနိုင်မလား။

၃။ နောက်ခံသမိုင်း

ယေရှုကိုယုံကြည်သောသူတွေနှင့် နောက်လိုက်တွေကို ဂျူးဘာသာရေးခေါင်းဆောင်တွေက ကြီးစွာသော နောက်ယှက်ဖျက်ဆီးမှုလုပ်တယ်။ သူတို့ဟာ ယေရှုနောက်ကိုမလိုက်ဖို့ အမျိုးမျိုးသော နှိပ်စက်ညှင်းပန်းမှုတွေ လုပ်လိုက်ရင် ယေရှုနောက်လိုက်ဖို့ရပ်တန့်သွားမယ်လို့ ယုံကြည်ကြတယ်။
အဲ့ဒီလိုလုပ်ရင် အလုပ်ဖြစ်မယ်လို့ မင်းတို့ထင်သလား။ ဘုရားရဲ့ လုပ်ဆောင်မှုကို ဆက်လက်နှားထောင်ရအောင်..။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

တမန်တော် ၉း၃-၁၈ သွား ၍ဒမာသက်မြို့အနီးသို့ရောက်သောအခါ၊ ကောင်းကင်ထဲကအလင်းသည် သူ့ပတ်လည်၌ရုတ်ခနဲထွန်းတောက်လေ၏။ ရှောလုသည်မြေပေါ်မှာလဲ ၍နေစဉ်၊ ရှောလု၊ရှောလု၊ အဘယ်ကြောင့် ငါ့ကိုညှင်းဆဲသနည်းဟုမိမိအား ပြောသောစကားသံကိုကြားလျှင်၊ သခင်၊ ကိုယ်တော်သည် အဘယ်သူနည်းဟု မေးလျှောက်၏။ သခင်ဘုရားကလည်း၊ ငါကား သင်ညှင်းဆဲသောယေရှုဖြစ်သတည်း။ သို့သော်လည်း ထ ၍ မြို့သို့ဝင်လော့။ သင်ပြုရမယ့်အမှုကို ပြောလိမ့်မည်ဟု မိန့်တော်မူ၏။ ရှောလုနှင့်အတူသွားသောသူတို့သည် အသံကိုကြားရုံမျှသာရှိ ၍၊ အဘယ်သူ့ကိုမျှမမြင်ဘဲ မိန်မောတွေဝေလျက် ရပ်နေကြ၏။ ရှောလုသည်လည်း မြေမှ ထ ၍ မျက်စိကိုဖွင့်သော်လည်း အဘယ်သူကိုမျှ မမြင်နိုင်သည်ဖြစ် ၍၊ သူ၏လက်ကိုဆွဲလျက် ဒမာသတ်မြို့သို့ ပို့ဆောင်ကြ၏။ သုံးရက်ပတ်လုံး မျက်စီမမြင်၊ မစားမသောက်ဘဲနေလေ၏။ ထိုအခါ အာနနိအမည်ရှိသော တပည့်တော်တယောက်သည် ဒမာသက်မြို့၌ရှိ၏။ ထိုသူကိုသခင်ဘုရားသည် ဗျာဒိတ်တော်အားဖြင့်၊ အာနနိဟူ ၍ ခေါ်တော်မူလျှင်၊ အာနနိက၊ သခင်ဘုရား အကျွန်ုပ်ရှိပါသည်ဟု လျှောက်လေ၏။ သခင်ဘုရားကလည်း၊ သင်သည် ထ ၍လမ်းဖြောင့်အမည်ရှိသောလမ်းသို့သွားလော့။ ရှောလုအမည်ရှိသော တာရှုမြို့သားကို ယုဒ၏အိမ်၌ ရှာဖွေလော့။အကြောင်းမူကား၊ ထိုသူသည် ဆုတောင်းလျက်နေ၏။ မိမိမျက်စိကိုမြင်ပြန်စေခြင်းငှါ အာနနိအမည် ရှိသောသူသည်ဝင် ၍၊ မိမိအပေါ်၌လက်တင်သည်ကို ဗျာဒိတ်တော်အားဖြင့် မြင်လေပြီဟုမိန့်တော်မူ၏။ အာနနိကလည်း၊ သခင်ဘုရား၊ ထိုသူသည်ယေရုရှလင်မြို့၌ကိုယ်တော်၏သန့်ရှင်းသူတို့ကို အဘယ်မျှလောက်ပင်

ညှင်းဆဲသည်ကို လူများပြော ၍ အကျွန်ုပ်ကြားရပါပြီ။ ဤအရပ်၌လည်း ကိုယ်တောကို ပဌာနာပြုသောသူ ရှိသမျှတို့ကိုချည်နှောင်ရမည့်အခွင့်ကို ယဇ်ပုရောဟိတ်အကြီးထံ၌ရပါသည်ဟု ပြန်လျှောက်၏။ သခင်ဘုရား ကလည်း၊ ထိုသူကား တပါးအမျိုးသားတို့နှင့်ရှင်ဘုရင်သို့ထံသို့၄င်း၊ ဣသရေလအမျိုးသားတို့ ရှိရာသို့၄င်း၊ ငါ၏နာမကိုပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သော တန်ဆာဖြစ်၏။ အကြောင်းမူကား၊ထိုသူသည် ငါ၏နာမကြောင့် အဘယ်မျှလောက်ပင် ဆင်းရဲခံရမည်ကို ငါသည် သူ့အားပြမည်။ ထိုကြောင့်သင်သွားလော့ဟု အာနနိအား မိန့်တော်မူ၏။ အာနနိသည်လည်း သွား၍အိမ်သို့ရောက်လျှင်၊ ရှောလုအပေါ်၌ မိမိလက်ကိုတင်၍၊ ညီရှောလု၊ သင်လာသောလမ်း၌ သင့်အားထင်ရှားတော်မူသော သခင်ယေရှုသည် သင်၏မျက်စိ မြင်ပြန်စေခြင်းငှါ၄င်း၊ သင့်ကို သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေခြင်းငှါ၄င်း၊ ငါ့ကိုစေခန့်တော်မူသည်ဟုပြောဆို၏။ ထိုခဏ၌ ရှောလု၏ မျက်စိမှ ငါးကြေးကွာကျသကဲ့သို့ဖြစ်၍၊ မျက်စိမြင်ပြန်သဖြင့်ထ၍ ဗတ္တိဇံကိုခံပြီးလျှင်၊ အစာအာဟာရကို သုံးဆောင်၍ အားဖြည့်လေ၏။

၅။ ပုံပြန်ပြောခြင်း
ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။
ပင်တိုင်ရုပ်ပြဇာတ်လမ်းတို -- ကလေးတွေစာရွက်တစ်ရွက်စီပေးပါ။ စာရွက်သုံးကြိမ်တိုင်ခေါက်စေပြီးသေတ္တာ(၈)ခု ပုံစံပြုလုပ်စေပါ။ ပုံပြင်မှာပါတဲ့ အကြောင်းအရာတွေကို ပုံဆွဲခြင်း(သို့)အရာဝတ္ထုတစ်ခုခုပုံ ရေးဆွဲခြင်းများကို စာရွက်မျက်နှာပြင်(၈)ခုစလုံးတွင် ရေးဆွဲခိုင်းပါ။ ပြီးလျှင် ပြုလုပ်ရေးဆွဲထားသော စာရွက်ရှိ ပုံပြင်အပိုင်းအစများကို အသုံးပြုကာ ပုံပြင်ပြောခိုင်းပါ။

၆။ မေးခွန်းရှာဖွေ တွေ့ရှိချက်များ
- ပုံပြင်ထဲမှာ သင့်အတွက်ထင်ရှားတဲ့အရာကဘာလဲ။
- ရှောလုအတွက်ဘုရားလုပ်ခဲ့အရာကဘာလဲ။
- ရှောလုက ယေရှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။
- ပုံပြင်နားထောင်နေချိန် သင်အံ့သြမိတဲ့အရာကဘာလဲ။ ရှောလုဘာဖြစ်ခဲ့သလဲ။ အာနနိအတွက်လဲ ဘာတွေဖြစ်ခဲ့သလဲ။
- သင်သာရှောလုဖြစ်ခဲ့ရင်ဘယ်လိုတုန့်ပြန်မလဲ။ဘုရားက သင့်ရဲ့စိတ်ဝင်စား၊သတိမူမိခြင်းရဖို့ဘယ်လို ကြိုးစားမလဲ။သင်သာဒမာသတ်မြို့သားဖြစ်ခဲ့မယ်ဆိုရင်ယေရှုရဲ့နောက်လိုက်တစ်ယောက်ဖြစ်တဲ့သင်တို့ ကို လာပြီးခြိမ်းခြောက်မယ့်သူကို ဘယ်လိုတုန့်ပြန်မှာလဲ။
- ယေရှုကသင်တို့အတွက်ဘာကိုပြုလုပ်မလဲ။ ( ကလေးများကိုလက်တင်ဆုတောင်းပေးသင့်ပါတယ် )
- ယနေ့သင်ကြားခဲ့တဲ့အရာထဲမှ ယေရှုရဲ့အကြောင်းကို သင်ဘာကြားခဲ့ရသလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ
- ယနေ့ပုံပြင်အားဖြင့် သင်ဘယ်လို ပြောင်းလဲအသက်ရှင်မလဲ။
- ပုံပြင်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ရဲ့ သင့်အပေါ် ဘာစကားပြောနေသလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း
အဖဘုရား ကလေးတစ်ယောက်စီတိုင်းအပေါ် ကိုယ်တော့်ရဲ့အကြံစည်ကိုနားလည်မြင်တက်သောသူဖြစ်ဖို့ ကောင်းကြီးပေးတော်မူပါ။

# ယေရှု ရှောလုကိုရွေးချယ်ခြင်း (၂)
## တမန်တော် ၉ း ၃ - ၁၈

၁။ ပြန်လည်ဆန်းစစ်ခြင်း
- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့ဘုရားသခင်ကိုမေးခွန်းမေးလို့ရရင် ဘာမေးချင်လဲ။

၃။ နောက်ခံသမိုင်း

ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာက အံ့သြစရာဖြစ်တယ်။ လူတွေသူ့ကိုသိရှိဖို့အလိုရှိပြီး တစ်ချို့သောအရာ ငါတို့နားလည်နိုင်အောင် ငါတို့အတွက်ပြုလုပ်ပေးခဲ့တယ်။ တစ်ခါတစ်ရံမှာအခြားသောသူထံမှကြင်နာခြင်းဖြင့်၄င်း၊ သူရဲ့ အံ့သြဖွယ်ရာဖန်ဆင်းခြင်းတွေအားဖြင့်၄င်း၊ တခါတရံနှုတ်ကပတ်တော်ကြားရခြင်းအားဖြင့်၄င်းဘုရားပြုလုပ်ပေးတက်တယ်။တစ်ခါတရံဘယ်လိုမှမထင်ထားတဲ့အခြေအနေတွေကလည်းပုံပြင်ထဲမှာပါတဲ့ အကြောင်းအရာလိုပဲ ပြုလုပ်ပေးတက်ပါတယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

တမန်တော် ၉း၃-၁၈ သွား ၍ဒမာသက်မြို့အနီးသို့ရောက်သောအခါ၊ ကောင်းကင်ထဲကအလင်းသည် သူ့ပတ်လည်၌ရုတ်ခနဲထွန်းတောက်လေ၏။ ရှောလုသည်မြေပေါ်မှာလဲ ၍နေစဉ်၊ ရှောလု၊ရှောလု၊ အဘယ်ကြောင့် ငါ့ကိုညှင်းဆဲသနည်းဟုမိမိအား ပြောသောစကားသံကိုကြားလျှင်၊ သခင်၊ ကိုယ်တော်သည် အဘယ်သူနည်းဟု မေးလျှောက်၏။ သခင်ဘုရားကလည်း၊ ငါကား သင်ညှင်းဆဲသောယေရှုဖြစ်သတည်း။ သို့သော်လည်း ထ ၍ မြို့သို့ဝင်လော့။ သင်ပြုရမယ့်အမှုကို ပြောလိမ့်မည်ဟု မိန့်တော်မူ၏။ ရှောလုနှင့်အတူသွားသောသူတို့သည် အသံကိုကြားရုံမျှသာရှိ ၍၊ အဘယ်သူ့ကိုမျှမမြင်ဘဲ မိန်မောတွေဝေလျက် ရပ်နေကြ၏။ ရှောလုသည်လည်း မြေမှ ထ ၍ မျက်စိကိုဖွင့်သော်လည်း အဘယ်သူကိုမျှ မမြင်နိုင်သည်ဖြစ် ၍၊ သူ၏လက်ကိုဆွဲလျက် ဒမာသတ်မြို့သို့ ပို့ဆောင်ကြ၏။ သုံးရက်ပတ်လုံး မျက်စီမမြင်၊ မစားမသောက်ဘဲနေလေ၏။ ထိုအခါ အာနနိအမည်ရှိသော တပည့်တော်တယောက်သည် ဒမာသက်မြို့၌ရှိ၏။ ထိုသူကိုသခင်ဘုရားသည် ဗျာဒိတ်တော်အားဖြင့်၊ အာနနိဟူ ၍ ခေါ်တော်မူလျှင်၊ အာနနိက၊ သခင်ဘုရား အကျွန်ုပ်ရှိပါသည်ဟု လျှောက်လေ၏။ သခင်ဘုရားကလည်း၊ သင်သည် ထ ၍လမ်းဖြောင့်အမည်ရှိသောလမ်းသို့သွားလော့။ ရှောလုအမည်ရှိသော တာရှုမြို့သားကို ယုဒ၏အိမ်၌ ရှာဖွေလော့။အကြောင်းမူကား၊ ထိုသူသည် ဆုတောင်းလျက်နေ၏။ မိမိမျက်စိကိုမြင်ပြန်စေခြင်းငှါ အာနနိအမည်ရှိသောသူသည်ဝင် ၍၊ မိမိအပေါ်၌လက်တင်သည်ကို ဗျာဒိတ်တော်အားဖြင့် မြင်လေပြီဟုမိန့်တော်မူ၏။ အာနနိကလည်း၊ သခင်ဘုရား၊ ထိုသူသည်ယေရှုရှလင်မြို့၌ကိုယ်တော်၏သန့်ရှင်းသူတို့ကို အဘယ်မျှလောက်ပင် ညှင်းဆဲသည်ကို လူများပြော ၍ အကျွန်ုပ်ကြားရပါပြီ။ ဤအရပ်၌လည်း ကိုယ်တောကို ပဌနာပြုသောသူ ရှိသမျှတို့ကိုချည်နှောင်ရမည့်အခွင့်ကို ယဇ်ပုရောဟိတ်အကြီးထံ၌ရပါသည်ဟု ပြန်လျှောက်၏။ သခင်ဘုရားကလည်း၊ ထိုသူကား တပါးအမျိုးသားတို့နှင့်ရှင်ဘုရင်သို့ထံသို့၄င်း၊ ဣသရေလအမျိုးသားတို့ ရှိရာသို့၄င်း၊ ငါ၏နာမကိုပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သော တန်ဆာဖြစ်၏။ အကြောင်းမူကား၊ထိုသူသည် ငါ၏နာမကြောင့် အဘယ်မျှလောက်ပင် ဆင်းရဲခံရမည်ကို ငါသည် သူ့အားပြမည်။ ထိုကြောင့်သင်သွားလော့ဟု အာနနိအား

မိန့်တော်မူ၏။ အာနန္ဒသည်လည်း သွား၍အိမ်သို့ရောက်လျှင်၊ ရှောလုအပေါ်၌ မိမိလက်ကိုတင်၍၊ ညီရှောလု၊ သင်လာသောလမ်း၌ သင့်အားထင်ရှားတော်မူသော သခင်ယေရှုသည် သင်၏မျက်စိ မြင်ပြန်စေခြင်းငှါ၄င်း၊ သင့်ကို သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေခြင်းငှါ၄င်း၊ ငါ့ကိုစေခန့်တော်မူသည်ဟုပြောဆို၏။ ထိုခဏ၌ ရှောလု၏ မျက်စိမှ ငါးကြေးကွာကျသကဲ့သို့ဖြစ်၍၊ မျက်စိမြင်ပြန်သဖြင့်ထ၍ ဗတ္တိဇံကိုခံပြီးလျှင်၊ အစာအာဟာရကို သုံးဆောင်၍ အားဖြည့်လေ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြန်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှန်နဲ့အမှားကိုထောက်ပြပါ။

ခေါ်ထုတ်လုပ်ဆောင်ခြင်း -- ကလေးများတစ်ချို့ကိုခေါ်ထုတ်ပြီး ပုံပြင်ပြောရင်း ပုံပြင်ထဲကအတိုင်း လုပ်ဆောင်ခြင်း ပြုလုပ်စေပါ။ ကျန်ရှိသော ကလေးများလည်း ပါဝင်လုပ်ဆောင်စေပြီး ပုံပြင်အတိုင်း ခေါ်ထုတ်လုပ်ဆောင်ပါ။

၆။မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲက သင်အနှစ်သက်ဆုံးအရာကဘာလဲ။
- လူတွေရဲ့ရွေးချယ်မှုကဘာလဲ။ သူတို့ဘာတွေလုပ်ခဲ့သလဲ။ သူတို့ရဲ့ရွေးချယ်ပြုလုပ်မှုက ဘာတွေ ဖြစ်ပေါ်လာသလဲ။
- ရှောလုရဲ့ဘဝအသက်တာမှာ ဘာပြောင်းလဲမှုဖြစ်ခဲ့သလဲ။
- ပုံပြင်ပြောနေချိန် သင်စိတ်ကူးမိတဲ့အရာကဘာလဲ။ ဘာကိုမြင်ရ ကြားခဲ့ရသလဲ။
- ပုံပြင်ထဲကရှောလုရဲ့နှလုံးသားနှင့်စိတ်က ဘာတွေဖြစ်ပေါ်လာခဲ့သလဲ။ အာနနိရဲ့အကြောင်းကရော ဘယ်လိုလဲ။
- ဘုရားက ဘာကြောင့် ကျမ်းစာထဲမှာဒီအကြောင်းအရာကိုရေးသားထားရသလဲ။
- ပုံပြင်အားဖြင့် ဘုရားသခင်ရဲ့အကြောင်း ဘာပြောပြနေသလဲ။

၇။ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ဘုရားသခင်ကသင့်ရဲ့စိတ်ဝင်စားမှုကိုဘယ်လိုကြိုးစားနေသလဲ။ သင့်ကိုဘာပြောနေသလဲ။ သင့်အတွက်ခက်ခဲတဲ့အရာတွေက ဘာတွေလဲ။
- ပုံပြင်အားဖြင့် ယေရှုရဲ့နောက်လိုက်သောသူရဲ့အကြောင်း ဘာသင်ခန်းစာရရှိသလဲ။
- ပုံပြင်က ဘုရားရဲ့အကြောင်း ဘာပြောနေလဲ။
- ဝိညာဉ်တော်က ယခုသင့်ကို ဘာစကားပြောနေသလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

အဖဘုရား အယောက်စီတိုင်းကိုနူးညံ့သောနှလုံးသားဖြင့် ကိုယ်တော့်ကိုချစ်ဖို့၊ သူတို့ရဲ့အသက်တာထဲမှာ ကိုယ်တော့်နောက်လိုက်သော စိတ်နေစိတ်ထားဖြစ်ဖို့ ကောင်းကြီးပေးပါ။

## ဒေါ်ကာ (ခေါ်) တဗိသ အသက်ပြန်ရှင်ခြင်း(၁)
## တမန်တော် ၉ း ၃၆ - ၄၂

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့အတွက် တစ်စုံတစ်ခုအရမ်းကောင်းတဲ့အရာ ဘယ်သူလုပ်ပေးဖူးသလဲ။ သူဘာလုပ်ပေးခဲ့သလဲ။

၃။ နောက်ခံသမိုင်း

ယေရှုဟာ ကောင်းကင်ဘုံကိုပြန်တက်သွားခဲ့ပြီး သူ့ကိုယုံကြည်သောသူနှင့် နောက်လိုက်တွေကို သူ့ရဲ့ တန်ခိုးနှင့်အခွင့်အာဏာပေးခဲ့တယ်။

ယေရှုရဲ့ ပထမဆုံးနောက်လိုက်နံပါတ်တစ်ဟာ ပေတရုဖြစ်တယ်။ ယေရှုက ပေးခဲ့တဲ့တန်ခိုးကို ပေတရု ဘယ်လိုအသုံးချသလည်းကြည့်ရအောင်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

တမန်တော် ၉း၃၆-၄၂ ယုပေမြို့၌ဒေါ်ကာဟုဆိုလိုသောတဗိသအမည်ရှိသော တပည့်တော်မတယောက် ရှိ၏။ ထိုမိန်းမသည်ကောင်းသောအကျင့်၊ စွန့်ကြဲခြင်းအကျင့်နှင့်ပြည့်စုံလျက်၊ ထိုအခါ၌နာ ၍သေလေ၏။ အလောင်းကိုရေချိုးပြီးလျှင် အထက်ခန်း၌တင်ထားကြ၏။လုဒ္ဒမြို့သည်ယုပေမြို့နှင့်နီးသည်ဖြစ်၍ ထိုမြို့၌ ပေတရု ရှိကြောင်းကိုတပည့်တော်တို့သည်ကြားလျှင်၊ ပေတရုသည်အလျင်အမြန်ကြွလာပါမည်အကြောင်း လူနှစ်ယောက် ကိုစေလွှတ်၍ တောင်းပန်ကြ၏။ ပေတရုသည်ထ၍ ထိုသူတို့နှင့်အတူလိုက်လေ၏။ ရောက်လျှင် အထက်ခန်းသို့ ခေါ်ပင့်၍ မုတ်ဆိုးမများတို့သည် ငိုကြွေးလျက်၊ သူ့တို့နှင့်အတူဒေါ်ကာရှိစဉ်အခါ လုပ်ခဲ့သောအင်္ကျီနှင့် အဝတ်များကိုပြလျက်ရှိကြ၏။ ပေတရုသည် ထိုသူအပေါင်းတို့ကို ပြင်သို့ထွက်စေ သည်နောက်၊ ကိုယ်တိုင် ဒူးထောက်၍ဆုတောင်းပဌာပြုပြီးလျှင်၊ထိုအလောင်းသို့မျက်နှာလှည့်၍၊တဗိသ၊ထလော့ဟုဆိုလေ၏။ထိုမိန်းမ သည် မျက်စိကိုဖွင့်၍ ပေတရုကိုမြင်လျှင်ထ၍ ထိုင်၏။ ပေတရုသည် မိမိလက်ကို သူ့အားပေး၍ချီးကြွပြီးမှ သန့်ရှင်းသူတို့နှင့် မုတ်ဆိုးမတို့ကိုခေါ်၍ အသက်ရှင်လျက်ရှိသော ထိုမိန်းမကိုပြလေ၏။ ထိုအကြောင်းကို ယုပေမြို့၌ အနံ့အပြားသိကြ၍၊ လူများတို့သည် သခင်ဘုရားကို ယုံကြည်ခြင်းသို့ရောက်ကြ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
တန်းစီခြင်း -- ကလေးများကိုအရပ်အလိုက်၊ အသက်အလိုက်၊ မွေးနေ့အလိုက်(သို့)နာမည်အက္ခရာအလိုက် တန်းစီစေပါ။ ပထမဆုံးကလေးကို ပုံပြင်၏ဖြစ်ပျက်မှုအစကို ပြောခိုင်းပြီး အစဉ်အလိုက် ပုံပြင်ပြီးဆုံးသည်အထိ ပုံပြန်ပြောခြင်း ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ယနေ့ပုံပြင်ထဲမှ ဘယ်သူတွေကပါဝင်သလဲ။
- ပုံပြင်ထဲမှ သင်နှစ်သက်ဆုံးအရာကဘာလဲ။
- ဒေါ်ကာ(သို့)တဗိသနှင့်ယေရှုတို့ရဲ့ရင်းနှီးမှုကိုသင်ဘာသင်ခန်းစာရရှိသလဲ။ (ဘုရားနဲ့လူကြားဆက်ဆံရေး)
- ပုံပြင်ပြောနေချိန် သင်စိတ်ကူးမိတဲ့အရာကဘာလဲ။ ဘာကိုမြင်ရ ကြားခဲ့ရသလဲ။
- ပုံပြင်ထဲမှာ ပေတရုရဲ့နှလုံးသားနှင့်စိတ်နေစိတ်ထားကဘာလဲ။ လူတွေရဲ့ စိတ်ခံစားချက်ကို သင်ဘယ်လိုမြင်သလဲ။
- တကယ်လို့သင်ဟာ ယေရှုရဲ့နောက်လိုက်တစ်ယောက်ဖြစ်သောကြောင့် ပေတရုပြုခဲ့တဲ့တန်ခိုးနှင့်အခွင့်အာဏာကိုသင်ပြုလုပ်နိုင်မယ်လို့ယုံကြည်မှုရှိသလား။ဘုရားကသင့်ကိုဒီလိုတန်ခိုးနှင့်အခွင့်အာဏာကို ဘယ်လိုအသုံးပြုစေချင်သလဲ။
- တန်ခိုးနှင့်အခွင့်အာဏာကို သင့်မှာရှိတယ်အကြောင်းသိရှိပြီး သင်ဘယ်လိုပြောင်းလဲ အသက်ရှင်မလဲ။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ပုံပြင်အားဖြင့် ဘုရားသခင်ရဲ့အကြောင်း သင်ဘာသွန်သင်မှုခံစားရသလဲ။
- ဝိညာဉ်တော်က သင့်ကိုစကားပြောနေတဲ့အရာက ဘာလဲ။
- ပုံပြင်ထဲကအတိုင်း ဘုရားကသင့်ကိုအလိုရှိတဲ့အရာက ဘယ်လိုမျိုးလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

အဖဘုရား၊ မိမိရဲ့ကိုယ်ပိုင်အစီအစဉ်မဟုတ်ပဲ ကိုယ်တော့်ရဲ့အစီအစဉ်ထဲမှာ လှုပ်ရှားအသက်ရှင်ဖို့ ယုံကြည်ခြင်းကောင်းကြီးပေးပါ။

# ဒေါ်ကာ (ခေါ်) တဗိသ အသက်ပြန်ရှင်ခြင်း ( ၂ )
## တမန်တော် ၉ း ၃၆ - ၄၂

၁။ ပြန်လည်ဆန်းစစ်ခြင်း

- ပြီးခဲ့သော ပုံပြင်ကို ပြန်ပြောနိုင်သူကိုရှာဖွေပါ။
- ပုံပြင်ကို မည်သူထံပြန်ဝေငှသူကိုရှာပြီး ဖြစ်ပျက်ခဲ့သောအရာကို ပြန်လည်ဝေမျှခိုင်းပါ။
- ပြီးခဲ့သောအပတ်အတွင်း ဝိညာဉ်တော် ဦးဆောင်မှုကို ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၂။ အဖွင့်

မင်းတို့ သူတပါးအတွက် အရမ်းကောင်းတဲ့ အရာပြုလုပ်ပေးခဲ့တာ ဘာလဲ။

၃။ နောက်ခံသမိုင်း

ပေတရုဟာ တစ်မြို့ပြီးတစ်မြို့ သွားရောက်ခဲ့ပြီး လုဒ္ဒမြို့ကိုရောက်ရှိလာတယ်။ အဲ့ဒီမြို့မှာ လမ်းမလျှောက်နိုင်တဲ့သူတစ်ယောက်ကို ဆုတောင်းပေးပြီး ရောဂါပျောက်စေခဲ့တယ်။

တစ်ခြားသောမြို့မှာရှိတဲ့လူတွေဟာ ဒီသတင်းကိုကြားပြီး လူတစ်ယောက်ကိုအထူးဆုတောင်းပေးဖို့ရန် ပေတရုကို သွားခေါ်ခဲ့တယ်။

၄။ ကျမ်းစာပုံပြင်ပြောခြင်း

တမန်တော် ၉း၃၆-၄၂ ယုပေမြို့၌ဒေါ်ကာဟုဆိုလိုသောတဗိသအမည်ရှိသော တပည့်တော်မတယောက်ရှိ၏။ ထိုမိန်းမသည်ကောင်းသောအကျင့်၊ စွန့်ကြဲခြင်းအကျင့်နှင့်ပြည့်စုံလျက်၊ ထိုအခါ၌နာ ၍သေလေ၏။ အလောင်းကိုရေချိုးပြီးလျှင် အထက်ခန်း၌တင်ထားကြ၏။လုဒ္ဒမြို့သည်ယုပေမြို့နှင့်နီးသည်ဖြစ်၍ ထိုမြို့၌ ပေတရုရှိကြောင်းကိုတပည့်တော်တို့သည်ကြားလျှင်၊ ပေတရုသည်အလျင်အမြန်ကြွလာပါမည်အကြောင်း လူနှစ်ယောက်ကိုစေလွှတ်၍ တောင်းပန်ကြ၏။ ပေတရုသည်ထ၍ ထိုသူတို့နှင့်အတူလိုက်လေ၏။ ရောက်လျှင် အထက်ခန်းသို့ခေါ်ပင့်၍ မုတ်ဆိုးမများတို့သည် ငိုကြွေးလျက်၊ သူ့တို့နှင့်အတူဒေါ်ကာရှိစဉ်အခါ လုပ်ခဲ့သောအင်္ကျီနှင့်အဝတ်များကိုပြလျက်ရှိကြ၏။ ပေတရုသည် ထိုသူအပေါင်းတို့ကို ပြင်သို့ထွက်စေ သည်နောက်၊ ကိုယ်တိုင်ဒူးထောက်၍ဆုတောင်းပဌာပြုပြီးလျှင်၊ထိုအလောင်းသို့မျက်နှာလှည့်၍၊တဗိသ၊ထလော့ဟုဆိုလေ၏။ ထိုမိန်းမသည် မျက်စိကိုဖွင့်၍ ပေတရုကိုမြင်လျှင်ထ၍ ထိုင်၏။ ပေတရုသည် မိမိလက်ကို သူ့အားပေး၍ချီးကြွပြီးမှ သန့်ရှင်းသူတို့နှင့် မုတ်ဆိုးမတို့ကိုခေါ်၍ အသက်ရှင်လျက်ရှိသော ထိုမိန်းမကိုပြလေ၏။ ထိုအကြောင်းကို ယုပေမြို့၌ အနံ့အပြားသိကြ၍၊ လူများတို့သည် သခင်ဘုရားကို ယုံကြည်ခြင်းသို့ရောက်ကြ၏။

၅။ ပုံပြန်ပြောခြင်း

ပုံပြင်ပြင်လည်စစ်ဆေးခြင်း -- ပုံပြင်ကိုမေးခွန်းမေးခြင်း၊ အမှားနဲ့အမှန်ကိုထောက်ပြပါ။
အဖွဲ့လိုက်ပိုစတာပြုလုပ်ခြင်း- ပုံပြင်ပိုစတာများကို ကလေးများနှင့်တတူပြုလုပ်ရန်၊ လိုအပ်သည်အရာများကို ပြင်ဆင်ကာ ပုံပြင်ပိုစတာပြုလုပ်ပါ။ ပိုစတာပြုလုပ်ရာတွင် ကလေးများကိုယ်တိုင် ပုံပြင်ပြန်ပြောပြီး ရေးဆွဲကာ ပြုလုပ်ပါ။

၆။ မေးခွန်းရှာဖွေတွေ့ရှိချက်များ

- ပုံပြင်ထဲကသင်နှစ်သက်တဲ့အရာကဘာလဲ။
- ပေတရုရဲ့ရွေးချယ်မှုကဘာလည်း။ သူဘာလုပ်ခဲ့သလဲ။ သူ့ရဲ့ရွေးချယ်မှုကဘာဖြစ်ခဲ့သလဲ။
- ယနေ့ပုံပြင်ထဲမှ အရေးကြီးဆုံးအချက်က ဘယ်အရာလို့သင်ထင်သလဲ။
- ပုံပြင်နားထောင်နေချိန်မှာ သင့်အတွက်အံ့သြစရာဖြစ်တဲ့အရာကဘာလဲ။ ပေတရုအကြောင်းက ဘာလဲ။ ဒေါ်ကာ(ခေါ်)တဗိသရဲ့အကြောင်းကဘာလဲ။
- မင်းတို့အဲ့ဒီနေရာမှာရှိခဲ့ရင် လူတွေကို ဘာအကြောင်းအရာပြောပြနေမလဲ။
- သင့်အသက်တာထဲမှာ(သို့)သင့်မိသားစုထဲမှတစ်ယောက်ယောက်အသက်တာထဲမှာ ဘုရားပြုလုပ်ပေးခဲ့တဲ့အရာကို တစ်ခြားသူကိုပြန်ဝေမျှနိုင်မလား။ သင်ဘယ်သူ့ကိုပြောပြပြီး ဘာအကြောင်းပြောမလဲ။
- မင်းတို့အသက်တာထဲမှာ ယုံကြည်မှုကင်းမဲ့နေပြီလို့ ခံစားရတဲ့အခြေအနေရှိခဲ့သလား။ ဘုရားက မင်းတို့အတွက်(သို့)မင်းတို့သိတဲ့သူတွေအတွက် ဘယ်လိုနိမိတ်လက္ခဏာပြုလုပ်မလဲ။
- ဒီအရာတွေဟာ ဘုရားသခင်အတွက်အရေးကြီးတဲ့အရာဖြစ်တယ်လို့ သင်ခံစားမိသလား။

၇။ ကိုယ်ပိုင်တုန့်ပြန်မှုမေးခွန်းများ

- ယနေ့ပုံပြင်အားဖြင့် ယေရှုရဲ့နောက်လိုက်သောသူတစ်ယောက်ရဲ့အကြောင်း သင်ဘာသွန်သင်မှုရရှိသလဲ။
- ယနေ့ပုံပြင်အားဖြင့် ဘုရားသခင် သင့်ကိုဘာပြောနေသလဲ။
- ဒီပုံပြင်ကို ဒီတပတ်ထဲမှာ ဘယ်သူ့ကိုပြန်ဝေမျှမလဲ။

၈။ အပိတ်ဆုတောင်းကောင်းကြီးပေးခြင်း

အဖဘုရားနဲ့ မိတ်ဖွဲ့နေတဲ့အချိန်မှာ ကြီးမားတဲ့အရာတွေဖြစ်နိုင်ပြီး သူက ငါတို့ကို ချီးမြောက်လိမ့်မယ်။ ဒါကြောင့် ယနေ့ဘဲ ဘုရားရဲ့နောက်လိုက်လျှောက်အသက်ရှင်ပါ။